AKINA MAMA WA AFRIKA | GBV PREVENTION NETWORK | GEN Gender Equality Network | INTERNATIONAL RESCUE COMMITTEE | KARAMA | Strategic Initiative for Women in the Horn of Africa | Women's International Peace Centre

# အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်ခြင်း

## မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

အမေရိကန်ပြည်ထောင်စုအစိုးရ၏ လက်ဆောင်

၂၀၁၉ ခုနှစ်တွင်ရေးသားပြုစုသည်။

# ကျေးဇူးတင်မှတ်တမ်း

ဤအရင်းအမြစ် ဖွံ့ဖြိုးလာရန်အတွက် ကူညီပေးသော GBVကို တုံ့ပြန်ဆောင်ရွက်ပေးသူများ၊ အဖွဲ့အစည်းများနှင့် ကွန်ယက်များ၊ အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများ၊ နှင့် မတူကွဲပြားသော အမျိုးသမီးများ၊ မိန်းကလေးငယ်များအား IRC မှ ကျေးဇူးတင်ရှိပါသည်။

အထူးသဖြင့် ဤအရင်းအမြစ်ကို အသုံးပြု၍ လက်တွေ့လုပ်ဆောင်နေသူများအား ဆက်လက်ပံ့ပိုးကူညီနေသော **Building Local Thinking Global (BLTG) Initiative** အဖွဲ့ဝင်များဖြစ်သည့် Akina Mama wa Africa, GBV Prevention Network, Women–s International Peace Centre, El-Karama, Gender Equality Network " Myanmar နှင့် Strategic Initiative for Women in the Horn of Africa တို့အား IRC မှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

BLTG အဖွဲ့ဝင်များသည် အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၌ အမျိုးသမီးများ၏ ပြောင်းလဲနေသော ခေါင်းဆောင်မှုစွမ်းရည်ကို မြှင့်တင်ပေးရန် ရည်ရွယ်သော အေဂျင်စီများ၏ ကမ္ဘာလုံးဆိုင်ရာ ကဏ္ဍပေါင်းစုံ ပဏာမခြေလှမ်းတစ်ခုတွင် အတူတကွ ပါဝင်လုပ်ဆောင်သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါသည်။ ကျွနုပ်တို့သည် အရေးပေါ် အခြေအနေများနှင့် ထိခိုက်လွယ်သော အခြေအနေများတွင် အလုပ်လုပ်နေသော ဒေသဆိုင်ရာ- နိုင်ငံလုံးဆိုင်ရာ ကွန်ယက် အဖွဲ့အစည်းများ၊ အမျိုးသမီးများ၏ အခွင့်အရေးများကို တောင်းဆိုသူများ၊ တက်ကြွလှုပ်ရှားသူများ၊ ပညာရှင်များ နှင့် အခြေခံ လူတန်းစားများဆိုင်ရာ အဖွဲ့အစည်းများဖြစ်၍ အမျိုးသမီးများ၊ မိန်းကလေးငယ်များအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် စွမ်းရည်မြှင့်တင်ပေးခြင်းကို လုပ်ဆောင်ရန်အတွက် ကတိသစ္စာပြုထားပြီးဖြစ်သည်။ BLTG နှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက ဤနေရာတွင် ဝင်ရောက်ရှာဖွေနိုင်သည်။ here.

IRC အနေဖြင့် အခြေခံ လုပ်ငန်းများ လုပ်ဆောင်ပေးသော Inbal Sansani, Jennate Eoomkham, Sarah Cornish-Spencer, နှင့် Ricardo Pla Cordero တို့အားလည်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

၂၀၁၇ ခုနှစ်ကတည်းက အမေရိကန် ပြည်ထောင်စု အစိုးရ၏ လက်ဆောင်အဖြစ် BLTG ပဏာမခြေလှမ်းအား လုပ်ဆောင်နိုင်ရန် ထောက်ပံ့ပေးသော Bureau of Population, Refugees, and Migration - US Department of State ကိုလည်း ကျေးဇူးတင်ရှိပါသည်။

# မာတိကာ


နောက်ခံ အကြောင်းအရာ ........ 5

GBV ဆိုင်ရာ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း အစီအစဉ်၌ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ပါဝင်လုပ်ဆောင်စေရန် အဘယ်ကြောင့် အရေးကြီးသနည်း။ ........ 6

ဤအရင်းအမြစ်အား မည်သူမှ အသုံးပြုသင့်သနည်း။ ........ 7

အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် အသုံးအနှုန်းများ ........ 10

ဆောင်ရန်၊ ရှောင်ရန် အသုံးအနှုန်းများဆိုင်ရာ သိကောင်းစရာများ ........ 14

မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ရင်ဆိုင်ကြုံတွေ့နေရသော အန္တရာယ်များနှင့် အခက်အခဲများ ........ 15

ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များ ........ 21

အသက်အရွယ် ကြီးရင့်သော အမျိုးသမီးကြီးများ ........ 24

အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ........ 29

မတူကွဲပြားသော လိင်စိတ်ခံယူချက် တိမ်းညွှတ်မှု နှင့် ကျား/မရေးရာ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ........ 32

မတူကွဲပြားသော လူမျိုးစုနှင့် ဘာသာရေးတွင် ပေါင်းစည်းဆက်နွယ်မှုရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ........ 36

အားလုံးပါဝင်လုပ်ဆောင်နိုင်သော GBV အစီအစဉ်ကို ဖန်တီးရန်အတွက် အဓိက လုပ်ဆောင်ချက်များ ........ 40

လေ့လာဆန်းစစ်မှုများ ........ 40

အစီအစဉ် ပုံစံဒီဇိုင်း ........ 46

GBV ဖြစ်ရပ် စီမံခန့်ခွဲခြင်း ........ 48

လူမှု-စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ ........ 55

အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် လုံခြုံသော နေရာများ (WGSS) ........ 57

ကျန်းမာရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း ........ 59

လွှဲပြောင်းညွှန်းပို့မှု စနစ်များ ........ 61

လူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ........ 63

အရေးပေါ် အခြေအနေများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အန္တရာယ်များ လျော့ချခြင်း ........ 65

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု
သတင်းအချက်အလက် မျှဝေခြင်းနှင့် စီမံခန့်ခွဲခြင်း ........ 67
ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း ........ 70
အရေးပေါ် ကြိုတင်ပြင်ဆင်မှုများနှင့် အရေးပေါ် အစီအစဉ် ရေးဆွဲခြင်း ........ 72

## နိဒါန်း

ဤ လမ်းညွှန်ချက် မှတ်စုကို IRC ၏ အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း model, assessment tools နှင့် training package တို့နှင့်အတူတွဲမှတ်ပါ။ ၎င်းသည် မတူကွဲပြားမှုနှင့် အားလုံးပါဝင်စေခြင်း၌ တစ်ခုတည်းရှိသည့် အရင်းအမြစ်တစ်ခုအဖြစ် အသုံးပြုရန်အတွက် အကြံမပြုပါ။ မတူကွဲပြားမှု နှင့် ကဏ္ဍပေါင်းစုံမှ ဖိနှိပ်သက်ရောက်မှု ကို တွန်းလှန်ရန် ထို လမ်းညွှန်ချက် မှတ်စုတစ်ခုတည်းဖြင့် ချဉ်းကပ်ခြင်းသည် လူသားချင်းစာနာမှု အကူအညီအား နေ့တစဉ ပုံမှန်လုပ်ဆောင်နေစဉ်အတွင်း အားလုံးပါဝင်စေရန် ပေါင်းစည်း လုပ်ဆောင်ရာ၌ ကျရှုံးစေနိုင်သည်။ ထို့ကြောင့် ဤလမ်းညွှန်ချက် မှတ်စု၏ မာတိကာကို အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း သင်ထောက်ကူအစုံအား ထပ်မံဖြည့်စွက်ရေးသားချိန်၌ ၎င်းအထဲတွင် ပေါင်းစည်းကာ ရေးသားလိမ့်မည်။ လတ်တလောတွင် ဤအရင်းအမြစ်သည် GBVအား တုံ့ပြန်ဆောင်ရွက်ရာတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ တက်ကြွစွာ ပါဝင်လုပ်ဆောင်ရာ၌ လစ်ဟာမှုတစ်ခုကို ဖော်ထုတ်ပေးကာ GBV ဆိုင်ရာ လှုပ်ရှားဆောင်ရွက်နေသူများအား ၎င်းတို့၏ အသိပညာ၊ စွမ်းရည်များနှင့် သဘောထား အမြင်များကို စစ်ဆေးရာတွင် ထောက်ကူပေးနိုင်သော GBVဆိုင်ရာ အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှု စံပုံစံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အသုံးပြုနိုင်သည်။ ထို့ပြင် ၎င်းသည် အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း အစီအစဉ်တစ်လျှောက်၌ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ထောက်ပံ့ပေးရန် တိကျခိုင်မာသော လုပ်ဆောင်ချက်များ လုပ်ဆောင်ပေးသည်။

### နောက်ခံ အကြောင်းအရာ

အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ခြင်းတွင် အဓိက တာဝန်ယူလုပ်ဆောင်သူများ ဖြစ်ကာ အရေးပေါ် အခြေအနေများတွင် GBV အစီအစဉ်ဖော်ဆောင်ရာ၌ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များနှင့် ဖြေရှင်းချက်များကို သတ်မှတ်ဖော်ထုတ်ခြင်း ဖြစ်စဉ်တွင် တက်ကြွသော မိတ်ဖက်များအဖြစ် အဓိက ပါဝင်သည်။ အရေးပေါ် အခြေအနေ စတင်သည်နှင့် တစ်ပြိုင်နက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ပါဝင်ဆောင်ရွက်ခြင်းနှင့် လက်လှမ်းမီနိုင်မှုကို သေချာစေခြင်းဖြင့် GBV အစီအစဉ် ဖော်ဆောင်ခြင်းတွင် ပိုမိုကောင်းမွန်သော ရလာဒ်များ ပေါ်ထွက်လာစေရန် GBVဆိုင်ရာ ဒေသခံ လှုပ်ရှားဆောင်ရွက်သူများအား Building Local Thinking Global Initiative မှ ထောက်ပံ့မှုပေးသည်။ ဤ လမ်းညွှန်ချက် မှတ်စုသည် မတူကွဲပြားသော နောက်ခံ အကြောင်းအရာများရှိသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ဝန်ဆောင်မှုအား ရယူရာ၌ ကြုံတွေ့နိုင်ချေရှိသော ကြီးမားသည့် အန္တရာယ်များနှင့် အတားအဆီးများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်သည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံးမှ ဝန်ဆောင်မှုများအား လုံခြုံစွာ လက်လှမ်းမီနိုင်ရန်နှင့် အားလုံးပါဝင်သော GBV အစီအစဉ်တွင် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်ရန် ဖြစ်သည်။

လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ကြုံတွေ့ရသော ခွဲခြားဆက်ဆံခြင်း၊ အခက်အခဲများကို GBV ဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများမှ ဖော်ထုတ်ချိန်တွင် ၎င်းသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ **အားလုံး** ကျွန်ုပ်တို့၏ အစီအစဉ်ထံမှ အကျိုးကျေးဇူးရရှိစေကာ နဂိုမူလ အခြေအနေသို့ ပြန်လည်ရောက်ရှိရန်နှင့် တိုးတက်ကြီးပွားလာရန်အတွက် ထောက်ပံ့ပေး၍ အန္တရာယ်မှလည်း ကာကွယ်ပေးရန် သေချာစေသည်။[1] BLTG တွင်ပါဝင်သော ဒေသခံ ဝန်ဆောင်မှုပေးသူများထံမှ တောင်းဆိုချက်များအရ ဤ အရင်းအမြစ်ကို မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အကျိုးသက်ရောက်မှု ရှိစေသည့်

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ

အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

အောက်ဖော်ပြပါ ဘက်ပေါင်းစုံ မမျှတမှုများအပေါ် ဦးတည်ရေးသားထားသည်။ ၎င်းတို့မှာ လူမျိုးစု သို့မဟုတ် ဘာသာရေးဆိုင်ရာ နှိုးနွယ်မှု၊ ကျား/မရေးရာ ဝိသေသလက္ခဏာ၊ လိင်စိတ်ခံယူချက် တိမ်းညွတ်မှု၊ မသန်စွမ်းခြင်း၊ နှင့် အသက်အရွယ်အပေါ် အခြေခံသော ခွဲခြားဆက်ဆံခြင်းတို့ဖြစ်သည်။ ဤ အရင်းအမြစ်တွင် လုံလောက်စွာ ဖော်ပြထားခြင်းမရှိ၍ ဘက်ပေါင်းစုံမှ မမျှတမှုများအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုကို မြင့်မားစွာ တွေ့ကြုံနေရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ နေရာတိုင်းတွင် ရှိလိမ့်မည် ဖြစ်သောကြောင့် ဤလမ်းညွှန်ချက်သည် မပြည့်စုံပါ။ ထိုအမျိုးသမီးများနှင့် မိန်းကလေးငယ်များတွင် နိုင်ငံမဲ့ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၊ ရွှေ့ပြောင်းလုပ်သားများ၊ စီးပွားရေးအရ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းတွင် ပါဝင်လုပ်ကိုင်နေရသူများ၊ လိင်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါ ခံစားနေရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ပါဝင်သည်။ ဤလမ်းညွှန်ချက်သည် မပြည့်စုံသော်လည်း အမျိုးမျိုးသော လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများ၌ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသို့ GBV အစီအစဉ် ရောက်ရှိနိုင်ရန် ၎င်းကို လိုက်လျောညီထွေ ပြင်ဆင်ရေးသားရာတွင် ကျွမ်းကျင်လိမ္မာစွာ အသုံးပြုနိုင်မည့် အခြေခံမူများနှင့် အလေ့အထများကို ဖော်ပြထားသည်။ GBV ဆိုင်ရာ လုပ်ရှားဆောင်ရွက်နေသူများမှ သီးခြားခေါင်းစဉ်အလိုက် ဆက်လက် လေ့လာသင်ယူနိုင်ရန်အတွက် လမ်းညွှန်ချက် မှတ်စုတစ်ခုလုံးတွင် အေဂျင်စီများဆိုင်ရာ ထပ်ဆောင်း လုပ်ငန်းလမ်းညွှန်ကို ညွှန်းပြအံကွက်တွင် တွေ့နိုင်သည်။

> ‘ကဏ္ဍပေါင်းစုံမှ ဖိနှိပ်သက်ရောက်မှု ဆိုသည်မှာ ဝိသေသလက္ခဏာနှင့် အင်အား/အာဏာတို့၏ ဆက်နွယ်မှုအကြောင်းကို တွေးတောခြင်း ဖြစ်သည်။’
> ကင်မ်ဘာလေ ခရမ်းရှော။ အနားသတ်မျဉ်းများကို ရေးဆွဲခြင်း - အသားရောင်ကွဲ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ ကဏ္ဍပေါင်းစုံမှု ဖိနှိပ်သက်ရောက်မှု၊ နှင့် နိုင်ငံရေး ဝိသေသလက္ခဏာများ (၁၉၉၄)။
> https://www.racialequitytools.org/resourcefiles/mapping-margins.pdf

## GBV ဆိုင်ရာ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ခြင်း အစီအစဉ်၌ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ပါဝင်လုပ်ဆောင်စေရန် အဘယ်ကြောင့် အရေးကြီးသနည်း။

လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေတိုင်းတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ရှိကြသည်။ **GBV ဆိုင်ရာ လုပ်ရှားဆောင်ရွက်နေသူများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များတွင်ရှိသော ၎င်းတို့၏ မတူကွဲပြားမှုတိုင်းကို နားလည်ရန် အမြဲတမ်း ရှာဖွေလေ့လာသင့်ကာ ထို မတူကွဲပြားသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ကြုံတွေ့နေရသော အန္တရာယ်များ၊ အခက်အခဲများနှင့် လိုအပ်ချက်များကို ဖော်ထုတ်ဖြေရှင်းပေးနိုင်ရန်၊ နှင့် အားလုံး ပါဝင်လုပ်ဆောင်နိုင်သော GBV အစီအစဉ်ဖြစ်သည်ကို သေချာစေရန် အရေးယူဆောင်ရွက်သင့်သည်**။ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ဝန်ဆောင်မှုများ ရယူရာတွင် ၎င်းတို့၏ အခက်အခဲများကို တိုးပွားစေကာ ၎င်းတို့၏ အင်အား/အာဏာ၊ ရွေးချယ်မှုနှင့် GBV ခံစားရခြင်းမှ ကာကွယ်စောင့်ရှောက်မှုပေးခြင်းတို့ကို လျော့ကျစေသည့် အမျိုးမျိုးသော ဖိနှိပ်မှုပုံစံများကို ကြုံတွေ့နေရသည်။ ရွှေ့ပြောင်းနေထိုင်ရသော အမျိုးသမီး အချို့နှင့် ဒေသခံ အမျိုးသမီးအချို့သည် ၎င်းတို့၏ လူမှုရေးဆိုင်ရာ အဆင့်အတန်း သတ်မှတ်ချက်ကြောင့် ကောင်းကျိုးရရှိနိုင်၍ ကာကွယ်စောင့်ရှောက်ခံရလိမ့်မည်။ GBV ဆိုင်ရာ လုပ်ရှားဆောင်ရွက်နေသူများမှ ၎င်းတို့သည် ရပ်ရွာအသိုင်းအဝန်းရှိ ဘာသာရေး သို့မဟုတ် တိုင်းရင်းသား လူမျိုးနွယ် အများစုနှင့် ဆက်နွယ်နေသူများ သို့မဟုတ် HIV ခံစားနေရသူများ၊ သာမာန်လူများကဲ့သို့ ပြုမူလုပ်ရှားနိုင်သည်ဟု

[1] GBV ဆိုင်ရာ အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှု ရလာဒ် စံပုံစံ https://gbvresponders.org/emergency-response-preparedness/emergency-response/

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

ခံယူထားသော ချို့ယွင်းချက်ရှိသူများ၊ ပညာ အရည်အချင်းရှိသူများ၊ ဆန့်ကျင်ဖက် လိင်ကို ကြိုက်နှစ်သက်သူများ၊ လိင်နှင့် ကျား/မရေးရာ (ဂျဲန်ဒါ) ထပ်တူကျသူများ စသည့် မြင့်မားသော လူမှု စီးပွားရေးဆိုင်ရာ အဆင့်အတန်း/အလွှာ မှ ဆင်းသက်လာသည့် အခွင့်ထူးခံ သက်လတ်ပိုင်း အမျိုးသမီးများကိုသာ ဝန်ဆောင်မှုပေးနေသည် မဟုတ်ကြောင်းကို သေချာစေရမည်။

ကျယ်ပြောသော လူသားချင်းစာနာမှုဆိုင်ရာ တန်ဖိုးများနှင့် စည်းမျဉ်းများအပြင် GBV ဆိုင်ရာ အခြေခံ စည်းမျဉ်းများ၌ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ **အားလုံးကို** GBV လုပ်ငန်းအစီအစဉ်တွင် ပါဝင်လုပ်ဆောင်မှုအား အထောက်အကူဖြစ်စေသည့် သတ်မှတ်ထားသော လုပ်ရှားမှုများ လိုအပ်သည်။ **ဘက်လိုက်မှုမရှိခြင်း** ဟူသည့် လူသားချင်းစာနာမှုဆိုင်ရာ စည်းမျဉ်းတွင် ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်ချက်တွင်သာ မူတည်၍ အကူအညီများ ထောက်ပံ့ပေးရန်အတွက် အလှူရှင်များနှင့် ထောက်ပံ့မှုပေးသည့် အေဂျင်စီများမှ အတားအဆီးများကို လျှော့ချပေးရန် လိုအပ်သည်။ သို့မှသာလျှင် လူအုပ်စု အဖွဲ့ဝင် **အားလုံးသည်** အခြားသူများနှင့်အတူ အသက်ကယ် ဝန်ဆောင်မှုများကို မျှတ၍ တန်းတူဖြစ်စွာ လက်လှမ်းမီနိုင်မည်ဖြစ်သည်။[2] စပီးယား စံချိန်စံနှုန်းများတွင် အသက်အရွယ်၊ လိင် နှင့် မသန်စွမ်းမှုဆိုင်ရာ ခွဲခြားမှတ်သားထားခြင်းသည် အန္တရာယ်ကျရောက်နိုင်ချေရှိသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် သိသင့်သော အဓိက လိုအပ်ချက်တစ်ခုဖြစ်သည်ဟု ဖော်ပြထားသည်။[3] အရေးပေါ် တုံ့ပြန်ဆောင်ရွက်ခြင်းတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ဖယ်ကျဉ်ထားခြင်းသည် ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ လူမှု-စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု၊ ဒဏ်ရာရသူ အရေအတွက်များကို မြင့်မားစေသည်။ ခွဲခြားဆက်ဆံခြင်း၏ ရလာဒ်သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ သူတို့၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းယူနိုင်သော စွမ်းရည်ကို ကန့်သတ်ပေးလိုက်သည့် အကြမ်းဖက်မှု ပုံစံတစ်မျိုးဖြစ်ကာ ထပ်မံ၍ အကြမ်းဖက်ခံရနိုင်သော အန္တရာယ်ကို တိုးမြင့်စေသည်။ အားလုံးပါဝင်လုပ်ဆောင်စေခြင်းသည် ကျွမ်းကျင်စွမ်းရည်များ မလိုအပ်ဘဲ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်ခြင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး၏ စွမ်းရည်မြင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုအား တန်းတူညီစွာ ရရှိနိုင်မှုကို ပံ့ပိုးပေးနိုင်ရန်အတွက် ရှိနေသော အတားအဆီးများကို ဖော်ထုတ်ဖြေရှင်းခြင်းဖြစ်သည်။

*သတိချပ်ရန်။ အခြေအနေတိုင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် GBV ကြုံတွေ့ခံစားနိုင်ချေ အမြင့်မားဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာတစ်ဝှမ်းတွင် အမျိုးသားများနှင့် ယောကျ်ားလေးများမှ ခံယူ ရရှိသော အင်အား/အာဏာနှင့် အထူးအခွင့်အရေး ၊ စနစ်ကျသော ကျား/မရေးရာ မညီမျှမှု၊ ကျား/မ ရေးရာ အလေးသာ လွှမ်းမိုးမှုတွင် သူတို့၏ အမျိုးသားများထက် နိမ့်ကျသည်ဟူသော သတ်မှတ်ချက်အဆင့်အတန်း တို့ကြောင့်ဖြစ်သည်။*

## ဤ အရင်းအမြစ်အား မည်သူမှ အသုံးပြုသင့်သနည်း။

**IRC ၏ အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း** model, assessment tools နှင့် training package ကို အသုံးပြုနေသော GBV ဆိုင်ရာ လုပ်ရှားဆောင်ရွက်နေသူများသည် အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း အစီအစဉ်မှတစ်ဆင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ပံ့ပိုးပေးနေသည်ကို သေချာစေရန်အတွက် ဤ လမ်းညွှန်ချက် မှတ်စုကို

[2] ADCAP Training, p. 22. https://www.helpage.org/what-we-do/emergencies/adcap-age-and-disability-capacity-building-programme/

[3] စပီးယားစံချိန်စံနှုန်းများ https://www.spherestandards.org/handbook-2018/

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု အသုံးပြုနိုင်သည်။ **ဤ လမ်းညွှန်ချက်မှတ်စုသည် GBV ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း စွမ်းရည်ရှိ၍ သေချာစွာ လေ့ကျင့်သင်ကြားထားသော အေဂျင်စီများနှင့် GBVကို အထူးပြု လုပ်ရှားဆောင်ရွက်သူများအတွက် ရည်ရွယ်ပါသည်။** ဤ လမ်းညွှန်ချက်မှတ်စုသည် ဒေသခံလူထုတွင် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ကျရောက်လာချိန်၌ အားလုံးပါဝင်ဆောင်ရွက်နိုင်သော GBV အစီအစဉ်ဖြင့် BLTGI အဖွဲ့ဝင်များမှ အမျိုးသမီးအခွင့်အရေးများ လုပ်ဆောင်နေသော အဖွဲ့အစည်းများနှင့် GBV ဆိုင်ရာ လှုပ်ရှားဆောင်ရွက်နေသူများကို ပံ့ပိုးပေးရာတွင် အဓိက အသုံးပြုရန် ရေးသားပြုစုထားခြင်းဖြစ်သည်။

ဤ လမ်းညွှန်ချက်မှတ်စုနှင့် ပူးတွဲပါ သင်တန်းလမ်းညွှန်သည် GBV ဆိုင်ရာ လှုပ်ရှားဆောင်ရွက်နေသူများအား မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အားလုံးပါဝင်လုပ်ဆောင်နိုင်သော GBV အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရာ၌ ပြန်လည်သုံးသပ်ရန်၊ လေ့လာသင်ယူရန်နှင့် အရေးယူဆောင်ရွက်ခြင်းများအတွက် ပုံစံပြုရေးဆွဲထားသည်။ ဤ အရင်းအမြစ်ကို အသုံးပြုရာတွင် ကျွန်ုပ်တို့အနေဖြင့် သင့်အား အောက်ပါအချက်များ လုပ်ဆောင်ရန် တိုက်တွန်းလိုပါသည်။

- **အခြားသူများကို ရှောင်ကျဉ်ပါ။ ဤသည်မှာ ကျွန်ုပ်တို့အကြောင်းဖြစ်သည်ကို အသိအမှတ်ပြုပါ။** စေတနာ့ဝန်ထမ်းများနှင့် အမျိုးသမီး ဝန်ထမ်းများမှ GBV ကို တုံ့ပြန်ဆောင်ရွက်ခြင်းတွင် ၎င်းတို့၏ လူမျိုးစုဆိုင်ရာ သို့မဟုတ် ဘာသာရေး၊ ကျား/မရေးရာ ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွတ်မှု၊ မသန်မစွမ်း၊ အဆင့်အတန်း၊ လူမျိုး၊ ကျား/မရေးရာ တို့ကို အခြေခံ၍ မိမိကိုယ်ကို ခွဲခြားဆက်ဆံခြင်းနှင့် အထူးအခွင့်အရေးတို့ တွေ့ကြုံရလိမ့်မည်။ ၎င်း အတွေ့အကြုံနှင့် ဝိသေသလက္ခဏာများကို အခြားသော အမျိုးသမီးများကသာလျှင် ပိုင်ဆိုင်သည့်အတွက် အားလုံးပါဝင်လုပ်ဆောင်ခြင်းကို ဘောင်ခတ်ထားမှုကို ရှောင်ကြဉ်ပါ။ အဆိုပါ ကိစ္စရပ်များကို အခြားသူများထံလွှဲအပ်ခြင်းသည် ဖယ်ကျဉ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်း ပုံစံတစ်မျိုးဖြစ်သည်။ ထိုသို့ပြုလုပ်မည့်အစား အမျိုးသမီးများအား မတူကွဲပြားမှု၊ ခွဲခြားဆက်ဆံခြင်းနှင့် အထူးအခွင့်အရေးများတွင် ၎င်းတို့ ကိုယ်ပိုင် အသိပညာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံများကို ဝေမျှနိုင်ရန် အခွင့်အရေးများ ဖန်တီးပေးပါ။

- **မိမိကိုယ်ကို သတိပြုပါ။** သင်၏ ဘက်လိုက်မှုနှင့် အမူအကျင့်များကို သတိထားပါ။ အခွင့်ထူးပေးခြင်းနှင့် ဖိနှိပ်ခြင်းတွင် ဘက်ပေါင်းစုံမှ ရရှိသော သင်၏ ကိုယ်ပိုင် အတွေ့အကြုံများကို ပြန်လည်ထင်ဟပ် သုံးသပ်ပါ။ သင့်တွင် ရှိသော ကန့်သတ်ချက်များကို သိရှိကာ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ တွေ့ကြုံရသော အန္တရာယ်များ၊ အခက်အခဲများအကြောင်း ပိုမိုလေ့လာသင်ယူရာတွင် အကူအညီရယူပါ။ အဆိုပါ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာများသည် တစ်ဖြည်းဖြည်း ပြောင်းလဲဖြစ်ပေါ်နေသောကြောင့် ၎င်းတို့၏ အတွေ့အကြုံများအကြောင်း လေ့လာသင်ယူရာတွင် ရိုးသားပွင့်လင်းမှု ရှိပါစေ။

- **ပတ်ဝန်းကျင်မှ စနစ်ကျသော အတားအဆီးများနှင့် လူပုဂ္ဂိုလ်ကို ဗဟိုပြုပါ။** GBV ဝန်ဆောင်မှုများကို လက်လှမ်းမီရာတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲ အတားအဆီးများနှင့် GBV ကြုံတွေ့နိုင်သော အန္တရာယ်များ အားလုံးကို တိုးမြင့်စေသည့် စနစ်ကျသော မမျှတမှုနှင့် ခွဲခြားဆက်ဆံခြင်းကို ထိုအမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ မြင့်မားစွာ မည်ကဲ့သို့ တွေ့ကြုံနေရသည်ကို ရှာဖွေပါ။
- **မတူကွဲပြားမှုကို အားပေးဂုဏ်ပြုပါ။** ဤအရင်းအမြစ်တွင် ပါဝင်သော အဓိကသတင်းစကား တစ်ခုမှာ ကျွန်ုပ်တို့သည် GBV အစီအစဉ် အားလုံးတွင် လုပ်ဆောင်သကဲ့သို့ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အားသာချက်ကို ဗဟိုပြုသော ချဉ်းကပ်နည်းဖြင့် လုပ်ဆောင်ရန်ဖြစ်သည်။ ထိုကဲ့သို့ ချဉ်းကပ် လုပ်ဆောင်ခြင်းသည်

အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ မတူကွဲပြားသော ဘဝအတွေ့အကြုံများ၊ ၎င်းတို့၏ မတူကွဲပြားသော ဝိသေသလက္ခဏာများဖြင့် ဖွဲ့စည်းထားသော အဖွဲ့ငယ်များတွင် သူတို့ရရှိသော သွေးစည်းညီညွတ်မှုနှင့် အပြန်အလှန် ပံ့ပိုးမှုများကို အသိအမှတ်ပြုပေးသည်။ အားသာချက်ကို ဗဟိုပြုသော ချဉ်းကပ်ခြင်းသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံးပါဝင်လုပ်ဆောင်သော GBV အစီအစဉ်ဖြစ်လာစေရန် ဖန်တီးခြင်း၏ ကောင်းကျိုးများကို မြင့်မားစွာ ဖြစ်ပေါ်စေသည်။

- **လေ့လာသင်ယူမှုတွင် ဂတိကဝတ်ပြုပါ။** အုပ်စုအတွင်းရှိ မမျှတသည့် သဘောထားအမြင်များ၊ လေ့လာမှတ်သားခြင်း မရှိသည့် ဘက်လိုက်မှုများ၊ ခွဲခြားဆက်ဆံခြင်းနှင့် မမျှတမှု၏ ကွဲပြားခြားနားသော ပုံစံများက အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား မည်ကဲ့သို့ အကျိုးသက်ရောက်စေသည်ကို GBV ဆိုင်ရာ လုပ်ရှားဆောင်ရွက်နေသူများမှ လေ့လာနေဆဲဖြစ်သည်။ ကျွနု်ပ်တို့အနေဖြင့် အချင်းချင်း နားထောင်ပေးရန်နှင့် လေ့လာသင်ယူရန်အတွက် ရိုးသားပွင့်လင်းကာ အခက်အခဲ အတားအဆီးများအား ပယ်ဖျက်ရန်၊ ဝန်ဆောင်မှုများအား လုံခြုံစွာ လက်လှမ်းမီခွင့်ကို ပံ့ပိုးပေးသည့် ကိုယ်ပိုင် ကျွမ်းကျင်ရာတွင် ရှိသော တန်ဖိုးများကို လေးစားလိုက်နာပေးရန် ဂတိကဝတ်ပြု၍ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံးအပေါ် ခွဲခြားဆက်ဆံခြင်းများ အဆုံးသတ်ပေးနိုင်ရန် အတူတကွ လုပ်ဆောင်ရမည်။ ဘာသာရေး၊ လူမျိုးစု၊ LGBTQ၊ မသန်မစွမ်း၊ နှင့် အသက်ကြီးသူများဆိုင်ရာ၌ ဒေသတွင်းရှိ ကျွမ်းကျင်သူများသည် ကျွနု်ပ်တို့၏ လေ့လာသင်ယူခြင်းတွင် မိတ်ဖက်များ ဖြစ်သည်။ ပိုမိုလေ့လာသင်ယူနိုင်ရန် အခြားသော လူမှုရေးဆိုင်ရာ တရားမျှတမှုတွင် လှုပ်ရှားဆောင်ရွက်နေသူများနှင့် ကွန်ယက် တည်ဆောက်ထားပါ။

## အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် အသုံးအနှုန်းများ

- **လက်လှမ်းမီသော။** ။ GBV ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်သည် ဆိုသည်မှာ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ သူတို့၏ လိုအပ်ချက်များနှင့်အညီ လုံခြုံစွာ အချိန်မီ လက်လှမ်းမီ၍ အသုံးပြုခွင့်ရှိခြင်း ဖြစ်သည်။ မသန်မစွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေငြာစာတမ်းတွင် လက်လှမ်းမီနိုင်စွမ်းကို မသန်မစွမ်းသူများသည် အခြားသူများနှင့် တန်းတူ ဝန်ဆောင်မှုများ လက်လှမ်းမီနိုင်ခွင့် ရှိခြင်းကို သေချာစေရန် သင့်လျော်သော အစီအမံများ ပြုလုပ်ခြင်း ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

- **ဘက်လိုက်မှု။** ။ တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုပေါ်တွင် ထားရှိသည့် မလိုမုန်းထား အမြင်/ခံစားချက်။ တစ်ခါတစ်ရံတွင် ဘက်လိုက်မှုများသည် ကျယ်ပြန့်စွာ လက်ခံထားပြီးဖြစ်သော ပုံစံအပေါ်တွင် အခြေခံ၍ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ခွဲခြားဆက်ဆံသော အလေ့အထများနှင့် အန္တရာယ်ရှိသည့် သဘောထားအမြင်များကို ဖြစ်ပေါ်စေသည်။ လူတော်တော်များများသည် တိကျသော လူအုပ်စုတစ်စုအပေါ် ခွဲခြားဆက်ဆံမှုကို ဖြစ်စေသည့် ဘဝတစ်လျှောက် ထားရှိခဲ့သော လူမှုရေးဆိုင်ရာ စံသတ်မှတ်ချက်များမှ ဖြစ်ပေါ်လာသည့် ၎င်းတို့၏ ဘက်လိုက်မှုများကို သတိမပြုမိဘဲ ရှိနိုင်သည်။

- **လိင်နှင့် ကျား/မရေးရာ (ဂျဲန်ဒါ) ထပ်တူကျသူများ။** ။ မွေးဖွားသည့်အချိန်တွင် အများသတ်မှတ်ပေးသည့် အမျိုးသမီးဖြစ်ခြင်း လိင်နှင့် ကျား/မရေးရာ (ဂျဲန်ဒါ) ဝိသေသလက္ခဏာများ ထပ်တူကျသော အမျိုးသမီးတစ်ဦး သို့မဟုတ် မိန်းကလေးငယ်တစ်ဦး။

- **ခွဲခြားဆက်ဆံခြင်း။** ။ တားမြစ်ထားသော အကြောင်းအရာတစ်ခုခုနှင့် ဆက်စပ်နေသည်ဟူသော အကြောင်းပြချက်တစ်ခုဖြင့် ကွဲပြားခြားနားသော ပုဂ္ဂိုလ်ရေးဆိုင်ရာ အဆင့်အတန်းတစ်ခုကြောင့် ထိုသူသည် အခြားသူများထက် လျော့နည်းစွာ မျက်နှာသာပေး ဆက်ဆံခံရသော အချိန် သို့မဟုတ် အလားတူအခြေအနေတွင် တိုက်ရိုက်ခွဲခြားဆက်ဆံခြင်း ဖြစ်ပေါ်သည်။ သွယ်ဝိုက်သော ခွဲခြားဆက်ဆံခြင်း ဆိုသည်မှာ အလေ့အထများ၊ ပေါ်လစီများနှင့် ဥပဒေများမှ ဘက်လိုက်မှု မရှိသော်လည်း အချို့သောသူများအပေါ်တွင် အချိုးအစားမညီမျှသော ဆိုးကျိုးသက်ရောက်မှုများ ရှိစေသည်။

- **စွမ်းရည်မြင့်တင်ခြင်း။** ။ စွမ်းရည်မြင့်တင်ခြင်းဆိုသည်မှာ အမျိုးသမီးများနှင့် ဆယ်ကျော်သက် မိန်းကလေးငယ်များသည် သူတို့၏ ဘဝနှင့် ခန္ဓာကိုယ်များအား ထိန်းကျောင်းနိုင်သော စွမ်းရည် တိုးတက်လာသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ဆိုလိုရင်းမှာ မိမိကိုယ်ကို အားကိုးနိုင်စွမ်း တိုးမြင့်ခြင်း၊ ပြဿနာများ ဖြေရှင်းနိုင်ခြင်း၊ စွမ်းရည်များ ရရှိခြင်း၊ သူတို့ကိုယ်ပိုင် အစီအစဉ်များ ချမှတ်နိုင်ခြင်းဖြစ်သည်။ စွမ်းရည်မြင့်တင်ခြင်းသည် မမျှတမှု၊ ခွဲခြားဆက်ဆံခြင်း၊နှင့် ကျား/မ အခြေပြုအကြမ်းဖက်မှုကို အကန့်အသတ်မရှိ ဆက်လက်ဖြစ်ပေါ်ရန် အားဖြည့်ပေးသည့် အဖွဲ့အစည်းများနှင့် ဖွဲ့စည်းပုံများ အပါအဝင် ၎င်းတို့ဘဝများကို အကျိုးသက်ရောက်မှုရှိစေသည့် အဖွဲ့အစည်းများ၊ ဖြစ်စဉ်များ၊ နှင့် ပေါ်လစီများကို လွှမ်းမိုးနိုင်ရန်အတွက် အမျိုးသမီးများအား တတ်စွမ်းစေသည်။ ထိုခံယူချက်တွင် အဓိပ္ပါယ်ပြည့်ဝသော ရွေးချယ်မှုများ ပြုလုပ်နိုင်စွမ်း ရရှိစေခြင်း၏ အရေးကြီးမှုကို ဦးတည်သော လူမှုရေးဆိုင်ရာ ပြောင်းလဲခြင်းအလုပ်၌[4] အချိန်ကြာမြင့်စွာ လုပ်ဆောင်ခဲ့ရသော သမိုင်းရှိသည်။[5]

---

[4] ကွန်းဝဲလ်၊ p. 1. အမျိုးသမီးများအား စွမ်းရည်မြင့်တင်ပေးခြင်း- မည်သည်က အလုပ်သွင်စေသနည်း။ အဘယ်ကြောင့်နည်း။ စီးပွားရေး ဖံဖြိုးတိုးတက်မှုဆိုင်ရာ သုသေတနပြုခြင်း ကမ္ဘာ့ အဖွဲ့အစည်း (၂၀၁၄)

[5] PAL, p. 4.

- **ဖယ်ကျဉ်ထားခြင်း။** ။ ဖယ်ကျဉ်ထားခြင်းဆိုသည်မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘဝတွင် တွေ့ကြုံနိုင်သော အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှု၏ အကျိုးဆက်ဆိုးဖြစ်သည်။ ကျွန်ုပ်တို့သည် ဖယ်ကျဉ်ထားခံရသော အုပ်စုများကို သိလျှက်ဖြစ်စေ မသိလျှက်ဖြစ်စေ တစ်ဆင့်နိမ့်သော အနေအထားသို့ ရောက်ရှိစေသည့်အပြင် ရပ်ရွာအသိုင်းအဝိုင်းတွင် ၎င်းတို့သည် အင်အား/အာဏာရှိသော သို့မဟုတ် အထူးအခွင့်အရေးရှိသူများထက် ပို၍ အရေးမပါသည်ဟု ခံစားရစေသည်။

- **လိင်ကွဲဗဟိုပြု စံ။** ။ လူတိုင်းသည် လိင်ကွဲချစ်ခင်သူ (straight) သာဖြစ်သည်ဟူသော ထင်မြင်ယူဆချက်အပေါ် မူတည်၍ ပြုမူသော အမူအကျင့်၊ သဘောထားများနှင့် စနစ်များ။

- **ဝိသေသလက္ခဏာ။** ။ ဝိသေသလက္ခဏာဟုဆိုရာ၌ တစ်စုံတစ်ယောက်၏ အတွေ့အကြုံမှ ရရှိသော ကွဲပြားခြားနားသည့် ရှုထောင့်များ ပါဝင်သည်။ လူမှုပတ်ဝန်းကျင်ရှိ တစ်ယောက်ချင်းစီအား မည်သူမည်ဝါဖြစ်သည်ကို တိကျစွာ ဖော်ညွှန်းပေး၍ သီးခြားအုပ်စုများသို့ ဆက်နွယ်စေသော ၎င်းတို့၏ သွင်ပြင်လက္ခဏာများ (ဥပမာ- အသက်အရွယ်၊ အဆင့်အတန်း၊ လူမျိုးစု စသဖြင့်) နှင့် အခန်းကဏ္ဍများ (ဥပမာ- မိခင်၊ အားကစားသမား၊ ကျောင်းသား၊ ခေါင်းဆောင်)ကို ရည်ညွှန်းသည်။ တစ်ဦးတစ်ယောက်အား အခြားသူများမှ မည်သို့ပြုမူဆက်ဆံပုံ၊ ထိုသူအနေဖြင့် ပတ်ဝန်းကျင်အား မည်သို့ရှုမြင်ကာ တုံ့ပြန်ရန် ရွေးချယ်သည့်အပေါ် ထိုသူ၏ သတ်မှတ်ခံထားရသော ဝိသေသလက္ခဏာက လွှမ်းမိုးထားသည်။ အချို့သော ဝိသေသလက္ခဏာများ (ဥပမာ- အသားအရောင်) သည် အတော်အတန် လူသိများပြီး အခြားရှုထောင့်များ (ဥပမာ- လိင်စိတ်တိမ်းညွတ်မှု) သည် ဆုံးဖြတ်ချက်ချခံရခြင်း၊ ငြင်းဆိုခံရမှုကို ကြောက်ရွံ့ခြင်း၊ သို့မဟုတ် စိတ်ဒဏ်ရာတို့ကြောင့် မျှဝေရန် မလုံခြုံသည်ဟု ခံစားရစေနိုင်သည်။[6] ဝိသေသလက္ခဏာများသည် မိမိကိုယ်ကို ရွေးချယ်ထားခြင်း နှင့် ပတ်ဝန်းကျင်မှ သတ်မှတ်ခံရခြင်း နှစ်မျိုးစလုံး ဖြစ်နိုင်သည်ကို သတိပြုရန် အရေးကြီးသည်။ ဥပမာ- မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ကိုယ်တိုင် မသန်စွမ်းဖြစ်နေသည်ဟု မခံယူထားသောကြောင့် အခြားသူများမှ မသန်စွမ်းအဖြစ် ရှုမြင်ထားခြင်းသည် ထိုသူတို့အား ထိခိုက်နာကျင်စေသည်။

- **အားလုံးပါဝင်လုပ်ဆောင်ခြင်း။** ။ အားလုံးပါဝင်ဆောင်ရွက်ခြင်းဆိုသည်မှာ လူထုမှ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီခြင်း၊ ရပ်ရွာအသိုင်းအဝိုင်းတွင် လူထု၏ ပါဝင်ဆောင်ရွက်မှု တိုးတက်လာစေရန် လုပ်ဆောင်ရသော ဖြစ်စဉ်တစ်ခုဖြစ်သည်။ အထူးသဖြင့် ဝန်ဆောင်မှုများ လက်လှမ်းမီရန်နှင့် ပါဝင်လုပ်ဆောင်နိုင်ရန် နောက်ထပ်ဖြစ်ပေါ်လာမည့် အခက်အခဲများ၊ တိုးမြင့်လာသော အန္တရာယ်များနှင့် ခွဲခြားဆက်ဆံမှုများ တွေ့ကြုံနေရသည့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အားလုံးပါဝင်ဆောင်ရွက်ခြင်းသည် အရေးကြီးပါသည်။ အားလုံးပါဝင်ဆောင်ရွက်ခြင်းဆိုရာ၌ လူတိုင်းသည် ဝန်ဆောင်မှုများမှ အကျိုးကျေးဇူးများ ရရှိနိုင်ကာ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်လုပ်ဆောင်နိုင်ခြင်းကို သေချာစေရန်အတွက် အခက်အခဲများနှင့် အန္တရာယ်များကို တက်ကြွစွာ ဖော်ထုတ်ဖြေရှင်းခြင်း ပါဝင်သည်။ ထို့ပြင် အခွင့်အရေးများအတွက် လေးစားမှုနှင့် လူထု၏အသံ၊ အရင်းအမြစ်များအား လက်လှမ်းမီမှု၊ အခွင့်အလမ်းများအား တိုးမြင့်ပေးခြင်းတို့လည်း ပါဝင်သည်။[7]

---

[6] လူထုအသံ မြင့်တင်ခြင်း၊ ရှေ့ဆက်လုပ်ဆောင်ခြင်း။ p. 47

[7] WID ကျွနုပ်တို့ မည်သည့်နေရာတွင် ရှိနေသနည်း။

- **ကဏ္ဍပေါင်းစုံမှ ဖိနှိပ်သက်ရောက်မှု။** ။ ဤ အမျိုးသမီး အခွင့်အရေး တက်ကြွလှုပ်ရှားမှုဆိုင်ရာ မူဘောင်အား ကင်(မ်)ဘာလေ ခရင်းရှောမှ ဖန်တီးခဲ့ကာ[8] ၎င်းတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် သူတို့၏ လူမျိုးစု၊ ဘာသာရေး၊ ကျား/မရေးရာ ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွှတ်မှု၊ မသန်စွမ်းဖြစ်ခြင်း၊ အသက်အရွယ်၊ အဆင့်အတန်းနှင့် လူမျိုးကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်း နှင့် အကြမ်းဖက်မှုအား ခြားနားစွာ တွေ့ကြုံရသည့်အပေါ် ဖိနှိပ်ချုပ်ချယ်ခြင်း၏ တစ်ခုနှင့် တစ်ခုခိုင်မာစွာ ချိတ်ဆက်နေသော စနစ်များက မည်ကဲ့သို့ အဓိပ္ပါယ်သက်ရောက်စေသည်ကို ရှင်းပြထားသည်။ ကဏ္ဍပေါင်းစုံမှ ချဉ်းကပ်မှုတစ်ခုတွင် အမျိုးသမီးများ အုပ်စုတစ်စု၏ လိုအပ်ချက်များ သို့မဟုတ် အတွေ့အကြုံများကို အခြားတစ်စုနှင့် နှိုင်းယှဉ်ကာ ဦးစားပေးခြင်းထက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များက ကြုံတွေ့ခဲ့ရသော မမျှတမှု အတွေ့အကြုံများကို နားလည်ပေးခြင်းအားဖြင့် လူမှုရေးဆိုင်ရာ တရားမျှတမှု ရရှိအောင် လုပ်ဆောင်ချက်များ လိုအပ်သည်။ လူနည်းစု/ လူနည်းစုများ။ ။ မည်သည့် အဖွဲ့များသည် လူနည်းစု အုပ်စုများအဖြစ် သတ်မှတ်နိုင်သည်ဆိုသော နိုင်ငံတကာမှ သဘောတူညီထားသည့် အဓိပ္ပါယ်ဖွင့်ဆိုချက် မရှိသေးပါ။ ယေဘုယျအားဖြင့် လူနည်းစုများကို မျိုးနွယ်စု၊ ဘာသာရေး သို့မဟုတ် လူမျိုးရေးဆိုင်ရာ သမိုင်းကြောင်းအရ လူဦးရေ၏ အများစုမှ ခြားနားထားသော အုပ်စုများ အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အတည်ပြုချမှတ်ခဲ့သော ကုသမဂ္ဂ၏ လူနည်းစုများဆိုင်ရာ ကြေငြာစာတမ်းတွင် လူနည်းစုများအား ဘာသာစကား၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမျိုးစု၊ သို့မဟုတ် လူမျိုးရေးဆိုင်ရာ ဝိသေသလက္ခဏာအပေါ် အခြေခံသော အဖွဲ့များကို ရည်ညွှန်း၍ တိုင်းပြည်မှ ၎င်းတို့၏ ဖြစ်တည်မှုကို ကာကွယ်ပေးသင့်သည်ဟု အခိုင်အမာပြောဆိုထားသည်။ ဝိသေသလက္ခဏာများသည် လူနည်းစုများအား အခြေအနေတစ်ခုမှ တစ်ခုတွင် အလွန်ကျယ်ပြန့်စွာ သတ်မှတ်ထားသည်။[9] အရေးကြီးသည်မှာ လူမှုရေးအဖွဲ့များသည် ‘လူနည်းစုများ’ ဟူသည့် ခေါင်းစဉ်အောက်တွင် သက်တောင့်သက်သာဖြစ်သည်ဟု မခံစားရပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် မျှတမှုရယူရာတွင် အနှောင့်အယှက်ဖြစ်စေကာ အာဏာ ဆက်နွယ်မှုများကို ပုံသွင်းပြီး လူများစု အုပ်စုထက် ပိုမို တန်ဖိုးနည်းစေသော သို့မဟုတ် အားနည်းချက်ဖြစ်စေသော၊ ‘ထိခိုက်လွယ်မှု’ တို့ဖြင့် ဆက်စပ်နေနိုင်သောကြောင့် ဖြစ်သည်။ အဆိုပါ မကောင်းသော ချိတ်ဆက်မှုကြောင့် ဤ လမ်းညွှန်ချက် မှတ်စု၌ ဘာသာရေးနှင့် တိုင်းရင်းသား လူမျိုးစု ဆက်နွယ်မှု ဟူသော အသုံးအနှုန်းကို အသုံးပြုထားသည်။

> ဥပမာအားဖြင့် အီရတ်နှင့် ဆီးရီးယားတွင် လူမှုရေး အဖွဲ့ငယ်များသည် ‘လူနည်းစုများ’ ဟူ၍ အမည်သမုတ်ခံရခြင်းကို သဘောမကျကြပေ။ ထိုကဲ့သို့ သုံးနှုန်းခံရခြင်းအတွက် ကန့်ကွက်မှုများတွင် အောက်ပါအချက်တို့ ပါဝင်သည်။
> - ၎င်းသည် ထိခိုက်လွယ်မှု၏ အခြေခံအကြောင်းတရားဖြစ်သည်။ လူများစုထက် ပို၍တန်ဖိုးနည်းသည် သို့မဟုတ် အားနည်းသည်ဟု ညွှန်းပြခြင်းဖြစ်သည်။
> - -၎င်းသည် အင်အား/အာဏာဆက်နွယ်မှုကို ပုံဖော်ကာ ပြည်သူလူထုအကြားရှိ စည်းလုံးညီညွတ်မှုကို အဟန့်အတားဖြစ်စေသည်။
> - -အချို့သော အဖွဲ့များအတွက်မူ ရှေးခေတ် မက်ဆိုပိုတေးမီးယန်း လူမျိုးစုများမှ ဆင်းသက်လာသူများ သို့မဟုတ် တိုင်းရင်းသား မျိုးနွယ်စုများကဲ့သို့ ၎င်းတို့၏ သမိုင်းကြောင်း ရင်းမြစ်များသည် အယူအဆအား အရိပ်သဖွယ် လွှမ်းမိုးနေသည်။
>
> *- အီရတ်နှင့် ဆီးရီးယားရှိ လူနည်းစုများအား ကာကွယ်စောင့်ရှောက်ခြင်း*

---

[8] လိင်နှင့် လူမျိုးဆိုင်ရာ ဘက်ပေါင်းစုံ အရေးပါစေခြင်း၊ အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူ လူမည်းအမျိုးသမီးတစ်ဦး၏ ခွဲခြားဆက်ဆံမှု ဆန့်ကျင်ခြင်း အယူဝါဒအား အသေးစိတ် သုံးသပ်ခြင်း။ အမျိုးသမီးအရေး တက်ကြွလှုပ်ရှားမှုဆိုင်ရာ သီအိုရီနှင့် လူမျိုးရေး ခွဲခြားမှု ဆန့်ကျင်သော နိုင်ငံရေး၊ ကင်မ်ဘာလေ ခရမ်းရှော၊ ၁၉၈၉။
https://chicagounbound.uchicago.edu/cgi/viewcontent.cgi?article=1052&context=uclf

[9] UNHCR. အရေးပေါ် အခြေအနေဆိုင်ရာ လက်စွဲစာအုပ်။ p. 1.

- **ပါဝင်ဆောင်ရွက်ခြင်း။ ။** ရပ်ရွာအသိုင်းအဝိုင်းနှင့် ကျယ်ပြန့်သော လူသားချင်းစာနာမှုဆိုင်ရာ စနစ်အတွင်း ဆုံးဖြတ်ချက်ချခြင်းနှင့် လုပ်ရှားဆောင်ရွက်ခြင်း နှစ်မျိုးလုံး၌ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ခြင်း။ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ရှိနှင့်ပြီးသော အရင်းအမြစ်များနှင့် စွမ်းရည်များကို မြင့်တင်ပေးခြင်းဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ ပါဝင်ဆောင်ရွက်ခြင်းသည် ရပ်ရွာ၏ ဒဏ်ခံနိုင်မှုကို တိုးတက်စေသည်။ တစ်ဦးချင်းဖြစ်စေ ဒေသခံ အမျိုးသမီး လှုပ်ရှားမှုများ နှင့် အဖွဲ့များမှ တစ်ဆင့်ဖြစ်စေ ဘေးဒဏ်သင့် ရပ်ရွာအသိုင်းအဝိုင်းရှိ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ပါဝင်ဆောင်ရွက်ခြင်းသည် ရေရှည်တည်တံ့မှုကို တိုးတက်စေခြင်း၊ ဒဏ်ခံနိုင်မှုကို မြင့်တင်ပေးခြင်း၊ ဒေသခံများမှ ပိုင်ဆိုင်မှုကို တိုးမြင့်ပေးခြင်း၊ ဒေသတွင်းရှိ စွမ်းရည်များကို မြင့်တင်ပေးခြင်းတို့ ပြုလုပ်နိုင်သည်။[10] ပါဝင်ဆောင်ရွက်ခြင်းသည် လူသားချင်းစာနာမှုဆိုင်ရာတွင် ပိုမိုကောင်းမွန်သော ရလာဒ်များ ရရှိစေ၍ စွမ်းရည်မြင့်တင်ခြင်း၏ အဓိကကျသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

- **နာမ်စားများ။ ။** နာမ်စားတစ်ခုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦး စကားပြောခြင်း (ကျွန်ုပ် သို့မဟုတ် သင်) သို့မဟုတ် တစ်စုံတစ်ယောက်၊ တစ်စုံတစ်ခုက ပြောဆိုခြင်းခံရလျှင် (သူမ၊ သူ၊ ၎င်း၊ သူတို့ သို့မဟုတ် ထိုဟာ) ရည်ညွှန်းသည့် စကားလုံးတစ်လုံးဖြစ်သည်။ ကျား/မရေးရာ ခံယူချက် ပြောင်းလဲထားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ခေါ်ဝေါ်သော နာမ်စားသည် သူတို့၏ ကျား/မရေးရာ ဝိသေသလက္ခဏာအပေါ် အခြားသူများ၏ သဘောထားအမြင် သို့မဟုတ် မွေးဖွားချိန်၌ သတ်မှတ်သော လိင်နှင့် ကိုက်ညီမှုမရှိခဲ့ချိန်တွင် သူတို့က အခက်အခဲ ကြုံတွေ့ရသည်။ ဥပမာအားဖြင့် ကျား/မရေးရာ ခံယူချက် ပြောင်းလဲထားသော အမျိုးသမီးတစ်ဦးအား သူမ၏ ကျား/မရေးရာ ဝိသေသလက္ခဏာကို နားမလည်သောသူများ သို့မဟုတ် သူမအား ဖြည်းဖြည်းချင်း ထိခိုက်နစ်နာစေလိုသူများ၊ သူမသည် အမျိုးသမီးအဖြစ် မိမိကိုယ်ကို သတ်မှတ်ထားကာ ‘သူမ’ ဟူသော နာမ်စားကို ကြိုက်နှစ်သက်သည်ကို သတိမမူမိသူများမှ ‘သူ’ ဟု ခေါ်ဆိုနိုင်သည်။ တစ်ဦးတစ်ယောက်၏ နာမ်စား(များ)ကို လေးစားစွာ ခေါ်ဝေါ်ခြင်းသည် အားလုံးပါဝင်ဆောင်ရွက်ခြင်း၏ ရိုးရှင်းသော လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။

- **သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်း ဆိုသည်မှာ** မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အခြားသူများနှင့် တန်းတူ လူ့အခွင့်အရေးများနှင့် အခြေခံကျသော လွတ်လပ်ခွင့်များအား မျှတ၍ သက်တောင့်သက်တာရှိစွာ ရရှိနေသည်ကို သေချာစေရန် လိုအပ်နေသော အထူးကိစ္စရပ်တွင် သင့်လျော်၍ လိုအပ်သော ပြုပြင်မွမ်းမံခြင်းနှင့် ချိန်ညှိခြင်း ပြုလုပ်ပြီး ၎င်းသည် အချိုးအစား မညီမျှမှု သို့မဟုတ် လွန်ကဲသော တာဝန် ယူရန် အတင်းအကြပ် လုပ်ဆောင်ခြင်း မဟုတ်ပါ။[11]

- **ကမ္ဘာလုံးဆိုင်ရာ ဒီဇိုင်း/ လက်လှမ်းမီမှုသည်** လက်လှမ်းမီ ရရှိသည်ကို သေချာစေသည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ၎င်းသည် အထူးပြုထားသည့် ဒီဇိုင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း လုပ်ဆောင်ရန် မလိုအပ်ဘဲ ဖြစ်နိုင်သမျှ အများဆုံး အတိုင်းအတာအထိ လူအားလုံးမှ အသုံးပြုနိုင်သော ဝန်ဆောင်မှုများ၊ အစီအစဉ်များ၊ ထုတ်ကုန်များ၊

---

[10]Action Aid, ရှေ့တန်းသို့။ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်ခြင်းတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုစွမ်းရည်အား အပြောင်းအလဲဖြစ်စေသော ဖြစ်စဉ်, p. 5 (၂၀၁၆).

[11]CRPD, Art. 2

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

**ဆောင်ရန်/ရှောင်ရန် အသုံးအနှုန်းများဆိုင်ရာ သိကောင်းစရာများ**

ယေဘုယျအားဖြင့် သင်သည် မည်သည့် အခေါ်အဝေါ်ကို သုံးစွဲပြောဆိုရန် မသေချာနေချိန်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်တို့အား သူတို့ ကြိုက်နှစ်သက်သည့် နာမ်စားအပါအဝင် ၎င်းတို့ကိုယ်တိုင် မည်သည့် အခေါ်အဝေါ်နှင့် ဘာသာစကားကို ခေါ်ဝေါ်သုံးစွဲရန် နှစ်သက်သည်ကို မေးမြန်းရန် အရေးကြီးသည်။ ဤတွင် ကျွန်ုပ်တို့မှ သင့်လျော်သော အသုံးအနှုန်းများနှင့် ပတ်သက်၍ ယေဘုယျ လမ်းညွှန်အချို့ကို ဖော်ပြထားပါသည်။

လူများအား အတိုကောက် အသုံးအနှုန်းများဖြင့် ညွှန်းဆိုခြင်းကို ရှောင်ကျဉ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ ပြောဆိုခြင်းသည် အခြားသူများမှ သူတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်၍ သူတို့အား ခေါ်ဝေါ်သမုတ်ကာ နာမည်တွင်စေနိုင်သည်။ လူတစ်ဦးတစ်ယောက်အား ဝိသေသလက္ခဏာတစ်ခုဖြင့်သာ ဥပမာ - မသန်စွမ်း အမျိုးသမီး၊ ယောကျ်ားလျာ အမျိုးသမီး စသည်ဖြင့် သတ်မှတ်ဖော်ပြခြင်းကို ရှောင်ကျဉ်ပါ။

| **အသုံးပြုသင့်သော အသုံးအနှုန်း** | **ရှောင်ကျဉ်ရမည့် အသုံးအနှုန်း** [12] |
|---|---|
| အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ | မသန်စွမ်း အမျိုးသမီးများ၊ PWDs |
| အသက်အရွယ် ကြီးရင့်သော အမျိုးသမီးများ | သက်ကြီးရွယ်အို အမျိုးသမီးများ၊ OAPs, |
| မတူကွဲပြားသော ကျား/မရေးရာ ဝိသေသလက္ခဏာများနှင့် လိင်စိတ်တိမ်းညွတ်မှုရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ | ယောကျ်ားလျာ၊ အမျိုးသမီး လိင်တူချစ်သူ၊ လိင်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲထားသော အမျိုးသားများ၊ |
| မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ | ဖယ်ကျဉ်ခံရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ |
| လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု | ယောကျ်ားချင်း လိင်ဆက်ဆံခြင်း၊ ညစ်ညူးသော လိင်ဆက်ဆံခြင်း |

[12]စကားလုံး အပြည့်အဝမပါဘဲ အတိုကောက်များ သုံးနှုန်းခြင်းကို ရှောင်ကျဉ်ပါ။ PWDs, မသန်စွမ်းသူများ, OAPs,သက်ကြီး ပင်စင်စားများ။

## မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ရင်ဆိုင်ကြုံတွေ့နေရသော အန္တရာယ်များနှင့် အခက်အခဲများ

ဤ သင်ခန်းစာအပိုင်းတွင် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံးမှ တွေ့ကြုံရသော၊ ကဏ္ဍပေါင်းစုံမှ မမျှတခြင်းများကြောင့် ပိုမိုဆိုးရွားစေသည့် ကျား/မရေးရာ အခြေပြုသော အန္တရာယ်များနှင့် အခက်အခဲများကို အဓိကထား၍ ဖော်ပြထားသည်။ ဤ သင်ခန်းစာအပိုင်းတွင် ပထမဦးဆုံးအနေဖြင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ တွေ့ကြုံလာနိုင်သော သာမန် အန္တရာယ်များနှင့် အခက်အခဲများကို ဖော်ပြထားပြီး ထို့နောက်တွင် ကွဲပြားခြားနားသော အမျိုးသမီးများနှင့် မိန်းကလေးငယ် အုပ်စုများအတွက် သီးခြား အန္တရာယ်များနှင့် အခက်အခဲများကို အလေးပေးဖော်ပြထားသည်။

GBV ဆိုင်ရာ ထိရောက်စွာ လုပ်ရှားဆောင်ရွက်သူများ ဖြစ်စေရန် ကျွန်ုပ်တို့သည် အရေးပေါ်အခြေအနေများတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ တွေ့ကြုံရသော ခွဲခြားဆက်ဆံခြင်းနှင့် အန္တရာယ်များ ပေါင်းစပ်မှုများ၊ လူမျိုးစုနှင့် ဘာသာရေး၊ ကျား/မရေးရာ ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွတ်မှု၊ အဆင့်အတန်း၊ မသန်စွမ်းမှု၊ မျိုးနွယ်စု၊ နှင့် အသက်အရွယ်တို့ကို အခြေခံ၍ ဖိနှိပ်မှုများ မည်ကဲ့သို့ဖြစ်ပေါ်သည်ကို နားလည်ရမည်။ **မျိုးစုံသော ဖိနှိပ်ချုပ်ချယ်မှု ပုံစံများ တွေ့ကြုံရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် GBV တွေ့ကြုံနိုင်သော အန္တရာယ် မြင့်မားကာ သူတို့၏ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိမှုနှင့် အထောက်အကူများ ရယူရာတွင် အခက်အခဲများ တိုးမြင့်စွာ ကြုံတွေ့နိုင်ပါသည်။**

မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ တွေ့ကြုံရသော အန္တရာယ်များနှင့် အခက်အခဲများကို GBV ဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများမှ သတိပြုမိချိန်တွင် ၎င်းတို့မှ ထိုအခက်အခဲများကို ဖယ်ရှားပေးနိုင်ရန် အရေးယူ လုပ်ဆောင်နိုင်၍ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံးမှ GBV ဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီခြင်းကို သေချာစေပါ။ ထို့ပြင် တုံ့ပြန်ဆောင်ရွက်ပေးနေသော ရပ်ရွာအသိုင်းအဝိုင်းရှိ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံးကို ပါဝင်စေရန် GBV အစီအစဉ်၏ လုပ်ဆောင်နိုင်စွမ်းကို မြင့်တင်ပေးပါ။ **၎င်းတို့၏ တုံ့ပြန်ဆောင်ရွက်ခြင်း အဖွဲ့များအတွင်း မတူကွဲပြားသော အမျိုးသမီးများအား တက်ကြွစွာ ပါဝင်စေသည့်** GBV ဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများတွင် ပဋိပက္ခ ဘေးဒဏ်သင့် ရပ်ရွာအသိုင်းအဝိုင်းရှိ မတူကွဲပြားသော အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့်အတူ ချိတ်ဆက်ခြင်းနှင့် ၎င်းတို့အား နားလည်ပေးခြင်းတွင် အကျိုးကျေးဇူးရနိုင်ပါသည်။ GBV ဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများ အားလုံးသည် ကဏ္ဍပေါင်းစုံမှ ဖိနှိပ်သက်ရောက်မှုနှင့် မတူကွဲပြားမှု အကြောင်းကို ပို၍ လေ့လာရန် ကတိပေးနိုင်ကာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်ဆောင်ရွက်နိုင်ရန် အရေးယူလုပ်ဆောင်နိုင်ပါသည်။

> ‘ယနေ့ခေတ်တွင် အမျိုးသမီးများ၏ လှုပ်ရှားမှုနှင့် ကျွန်ုပ်တို့ကိုယ်တိုင်တွင် ရှိနေသော စိန်ခေါ်မှုမှာ ကဏ္ဍပေါင်းစုံမှ ခွဲခြားဆက်ဆံခြင်းများ၏ ရှုပ်ထွေးမှုများကို မြင်လွယ်အောင် ပြုလုပ်ကာ ကြားဝင်လုပ်ဆောင်ရမည်။ သို့မှသာ ဖယ်ကျဉ်ခံထားရသော အမျိုးသမီးများသည် ကျွန်ုပ်တို့ပြောဆိုနေသော ပြောင်းလဲမှုအတွက် မည်ကဲ့သို့ အကျိုးသက်ရောက်စေမည်နှင့် ပတ်သက်၍ ပါဝင်လုပ်ဆောင်လာပြီး အနာဂတ်တွင် အမျိုးသမီးများ၏ လှုပ်ရှားမှု လမ်းကြောင်းများတွင် ကျွန်ုပ်တို့ ကိုယ်တိုင် ကတိကဝတ်ပြုထားသည်နှင့်အညီ လုပ်ဆောင်ရာတွင်လည်း ပါဝင်လာနိုင်သည်။’
> မာရှာ ဒါလင်း၊ AWID ဖိုရမ် ’ ကမ္ဘာအနှံ့ဖြစ်စဉ်အား ပြန်လည်ဖန်တီးခြင်း ’ ဂွာဒလာဂျာရာ၊ မက်စီကိုနိုင်ငံ။ အောက်တိုဘာ ၂၀၁၂။https://www.awid.org/publications/intersectionality-tool-gender-and-economic-justice

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ တိုးမြင့်လာသော GBV တွေ့ကြုံနိုင်သည့် အန္တရာယ်များနှင့် ကဏ္ဍပေါင်းစုံမှ မမျှတမှုများကြောင့် ၎င်းတို့၏ အင်အား/အာဏာနှင့် ဆုံးဖြတ်ချက်ချနိုင်ခြင်းကို မည်ကဲ့သို့ ထိခိုက်စေသည်ကို နားလည်ထားခြင်းသည် GBV ဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများအား သူတို့၏ တုံ့ပြန်ဆောင်ရွက်မှုကို အလျဉ်းသင့်သလို ပြုပြင်ပြောင်းလဲရာတွင် ကူညီပေးသည်။ ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ

- **မိသားစုနှင့် ရပ်ရွာအသိုင်းအဝိုင်းအား ထောက်ပံ့ပေးသည့် ယန္တရားများ ဆုံးရှုံးခြင်း။** နေရပ်စွန့်ခွာ ထွက်ပြေးနေစဉ်အတွင်း မကြာခဏဆိုသလို မိသားစုများနှင့် ရပ်ရွာအသိုင်းအဝိုင်းများသည် တကွဲတပြားဖြစ်ကာ အစဉ်အလာအရ ရှိနှင့်ပြီးသော ရပ်ရွာ အထောက်အပံ့ ပုံစံများသည် အားနည်းသွားတတ်သည်။ ဤကဲ့သို့သော ရပ်ရွာအသိုင်းအဝိုင်း ကာကွယ်စောင့်ရှောက်မှုစနစ်များ အားနည်းသွားခြင်းသည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသို့ အကျိုးသက်ရောက်မှုရှိစေသည်။ အထူးသဖြင့် သူတို့အတွက် အနည်းငယ်သော ကာကွယ်စောင့်ရှောက်မှုနှင့် အကယ်၍ GBV တွေ့ကြုံလာပါက ၎င်းတို့ ယုံကြည်ရသော၊ အကူအညီတောင်းနိုင်သော လူမှာလည်း အနည်းငယ်သာ ရှိသောကြောင့် ပို၍ ခက်ခဲစေပါသည်။ အရေးပေါ် အခြေအနေတစ်ခု ဖြစ်ပေါ်လာလျှင် အသက်အရွယ်ကြီးရင့်သော အမျိုးသမီးများ၊ ဆယ်ကျော်သက် မိန်းကလေးငယ်များ၊ အခြားနည်းဖြင့် သန်စွမ်းသော မိန်းကလေးငယ်များနှင့် အမျိုးသမီးများသည် ၎င်းတို့အား မကြာခဏ အကြမ်းဖက်မှု အန္တရာယ် ကျရောက်စေနိုင်သည့် လူသူ သိရှိမှုနည်းသော ရပ်ရွာ အသိုင်းအဝိုင်း အဖွဲ့ဝင်များ သို့မဟုတ် မိသားစုအပေါ် မှီခိုရနိုင်သည်။ အထူးသဖြင့် လိင်တူ ဆက်ဆံရေးများအား ရာဇဝတ်မှုမြောက်သည်ဟု သတ်မှတ်ထားသော အခြေအနေမျိုးတွင် မတူကွဲပြားသော ကျား/မရေးရာ ဝိသေသလက္ခဏာများနှင့် လိင်စိတ်တိမ်းညွတ်မှုရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အကျပ်အတည်းကာလ မကျရောက်မီတွင် ၎င်းတို့၏ ဒေသအခြေအနေအား ပို၍ လုံခြုံစွာ လမ်းကြောင်းပေးရန်အတွက် ကွန်ယက်များနှင့် မဟာဗျူဟာများကို ဂရုတစိုက် ပံ့ပိုးတည်ထောင်နိုင်သည်။ နေရပ်စွန့်ခွာ ပြောင်းရွှေ့မှုကြောင့် ပြိုကွဲသွားသော ၎င်း ကွန်ယက်များနှင့် မဟာဗျူဟာများသည် သူတို့မှ GBV ကို တွေ့ကြုံနိုင်သော အန္တရာယ် မြင့်မားခြင်းနှင့် ထိုသူတို့မှ အကူအညီတောင်းခံနိုင်သူ အရေအတွက် လျော့နည်းသွားခြင်းတို့ ဖြစ်ပေါ်စေသည်။ မတူကွဲပြားသော လူမျိုးစုနှင့် ဘာသာရေး အုပ်စုတွင် ပါဝင်သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အထူးသဖြင့် တိုင်းရင်းသား မျိုးနွယ်စု သို့မဟုတ် ဘာသာရေးတို့က ဒေသတွင်း ပဋိပက္ခကို ဖြစ်ပေါ်စေသည့် နေရာတွင် သူတို့၏ လူမျိုးရေး သို့မဟုတ် ဘာသာရေး အခြေခံအပေါ် ပစ်မှတ်ထားခံရနိုင်သကဲ့သို့ GBV အန္တရာယ်ကိုလည်း တိုးမြင့် ခံစားနိုင်သည်။
- **မှီခိုခြင်းနှင့် ထိန်းချုပ်မှု။ အမျိုးသမီး သို့မဟုတ် မိန်းကလေးငယ်တစ်ဦးသည် သူမ၏ မိဘ သို့မဟုတ် လက်တွဲဖော်အား အုပ်ထိန်းသူအဖြစ် မှီခိုထားရသော ဆက်သွယ်ဆက်ဆံမှုများတွင် အင်အား/အာဏာနှင့် ထိန်းချုပ်မှုအကြားရှိ ကိစ္စရပ်များသည် ပိုမို ရှုပ်ထွေးနိုင်သည်။ အုပ်ထိန်းသူများအပေါ် မှီခိုမှု တိုးမြင့်လာစေခြင်းဖြင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ဆန့်ကျင်အသုံးပြုနိုင်သော အင်အား/အာဏာနှင့် ထိန်းချုပ်မှု၏ တစ်ခုနှင့် တစ်ခု ဆက်နွယ်ပြုမူသည့် နည်းလမ်းနှင့် ထူးခြားသော နည်းဗျူဟာများတွင် အောက်ပါ အချက်များ ပါဝင်သည်။**[13]
    - အကြမ်းဖက်သော အုပ်ထိန်းသူများမှ သူမအား ပြုစုစောင့်ရှောက်မှု မပေးဘဲ ပစ်ထားခြင်း သို့မဟုတ် အခြေခံ ထောက်ပံ့မှုနှင့် ပြုစုစောင့်ရှောက်မှု (အစားအသောက်၊ ငွေကြေး၊ တစ်ကိုယ်ရည် သန့်ရှင်းရေး) အား မပေးဘဲ ဟန့်တားထားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်နိုင်သည်။

---

[13]အေဂျင်စီများအကြား GBV ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းလမ်းညွှန်ချက်များ p. 139. https://gbvresponders.org/response/gbv-case-management/, p. 141. အင်အား/အာဏာနှင့် ထိန်းချုပ်မှု စက်ဝိုင်းအား ကိုးကားဖော်ပြခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုကို ဆန့်ကျင်သည့် ဝစ်ကွန်ဆင်ပြည်နယ် အစိုးရညွှန့်ပေါင်းအဖွဲ့။

- အကြမ်းဖက်သော အုပ်ထိန်းသူများမှ အမျိုးသမီးနှင့် မိန်းကလေးငယ်တို့၏ ပုံမှန် လည်ပတ်နိုင်ခြင်း (ဥပမာ - ဆေးကုသခြင်း၊ ပစ္စည်းကိရိယာ) ကို ကူညီပေးသည့် အထူး အထောက်အပံ့အား နှောင့်နှေးခြင်း၊ ထိန်းချုပ်ဟန့်တားခြင်း၊ တလွဲအသုံးပြုခြင်း သို့မဟုတ် ထိုကဲ့သို့ မလုပ်ဆောင်နိုင်ရန် ခြိမ်းခြောက်နိုင်သည်။
- အကြမ်းဖက်သော အုပ်ထိန်းသူများသည် အမျိုးသမီးနှင့် မိန်းကလေးငယ်တို့၏ ငွေကြေးအား သူတို့အတွက် အသုံးပြုနိုင်သည်။ သို့မဟုတ် ၎င်းတို့၏ ခွင့်ပြုချက်မရဘဲ ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။
- အကြမ်းဖက်သော အုပ်ထိန်းသူများသည် အမျိုးသမီးနှင့် မိန်းကလေးငယ်အား လူမှုရေးဆိုင်ရာ ကွန်ယက်များမှ ဖယ်ကျဉ်ထားနိုင်သည်။
- ၎င်းတို့၏ မသန်စွမ်းမှု သို့မဟုတ် အသက်အရွယ်ကြောင့် အကြမ်းဖက်သော အုပ်ထိန်းသူများသည် အမျိုးသမီးနှင့် မိန်းကလေးငယ်အား အရှက်တကွဲဖြစ်စေနိုင်သည် သို့မဟုတ် ပြက်ရယ်ပြုနိုင်သည်။
- အကြမ်းဖက်သော အုပ်ထိန်းသူများသည် သူတို့တွင်ရှိသော စိတ်ဖိစီးမှုအတွက် (ဥပမာအားဖြင့် သူတို့အား ပြုစုစောင့်ရှောက်ရခြင်း၏ ရလာဒ်အဖြစ်) အမျိုးသမီး သို့မဟုတ် မိန်းကလေးငယ်အား အပြစ်တင်နိုင်သည်။

**အဟန့်အတားအား ခွဲခြမ်းစိတ်ဖြာခြင်း**

GBV ဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများအား မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ပါဝင်ဆောင်ရွက်ခြင်းနှင့် လက်လှမ်းမီမှုကို ထောက်ပံ့ပေးနိုင်ရန်အတွက် ဖယ်ရှားလိုက်နိုင်သော အဟန့်အတားများအား ပစ်မှတ်ထား၍ သတ်မှတ်ဖော်ထုတ်ရာတွင် အောက်ဖော်ပြပါ မသန်စွမ်းသူများ၏ အဟန့်အတားအား ခွဲခြမ်းစိတ်ဖြာမှုမှ ထုတ်နုတ် မှီငြမ်းထားသော အဟန့်အတားအား ခွဲခြမ်းစိတ်ဖြာခြင်း မူဘောင်က ပံ့ပိုးပေးနိုင်သည်။

| ရုပ်ပိုင်းဆိုင်ရာ | သတင်းအချက်အလက် | စိတ်နေ သဘောထားများ | လူမှု အဖွဲ့အစည်း |
|---|---|---|---|
| ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားများသည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ ဝန်ဆောင်မှုများ လက်လှမ်းမီရာတွင် သက်ရောက်မှုရှိစေကာ လူသားချင်းစာနာမှု/အခြား လုပ်ဆောင်နေသူများမှ ဖန်တီးခဲ့သော သို့မဟုတ် သဘာဝအရ ဖြစ်ပေါ်လာနိုင်သည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လွတ်လပ်စွာ ရွေ့လျားနေထိုင်မှုကို | အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံးအတွက် သတင်းအချက်အလက်များ မရယူနိုင်၍ လက်လှမ်းမမီနိုင်ချိန်တွင် သတင်းအချက်အလက်ဆိုင်ရာ အဟန့်အတားများ ဖြစ်ပေါ်သည်။ မတူကွဲပြားသော ဘာသာစကားများ ပြောဆိုနိုင်၍ အကြား သို့မဟုတ် အမြင်ပိုင်းဆိုင်ရာ ချို့ယွင်းချက် ရှိသော အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် | အန္တရာယ်ဖြစ်စေသော စိတ်နေသဘောထားများသည် GBV ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း အစီအစဉ်တွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ မျှတ၍ ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်စေရန် အဓိက အဟန့်အတား တစ်ခုအဖြစ် ရှိနေသေးသည်။ တိုက်ရိုက် ခွဲခြားဆက်ဆံသော အပြုအမူ သို့မဟုတ် သတိမမူဘဲ ပြုလုပ်မိသော | လူမှု အဖွဲ့အစည်းဆိုင်ရာ အဟန့်အတားများ ဆိုရာတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ခွဲခြားဆက်ဆံနေသည့် လုပ်ထုံးလုပ်နည်းများနှင့် ပေါ်လစီများ ဖြစ်သည်။ ဥပမာအားဖြင့် လွတ်မြောက်လာသူအတွက် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ရယူနိုင်ရန် အမျိုးသား လက်တွဲဖော်တစ်ဦး၏ သဘောတူညီချက် လိုအပ်သော အချိန်တွင် |

တားဆီးစေသည့် ကျား/မရေးရာ စံသတ်မှတ်ချက်များကြောင့် ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားများသည် ပေါင်းစပ်ဖြစ်ပေါ်လာကာ GBVမှ လွတ်မြောက်လာသူများကို ဖယ်ကျဉ်ထားမှု များပြားလာသည်။ ၎င်းသည် လွတ်မြောက်လာသူ များအား ဝန်ဆောင်မှုများနှင့် ဝေးကွာစေသည့် အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ ကျဉ်းမြောင်းသော တံခါးများ၊ လှေကားများ၊ လျှောက်လမ်း ဆင်ခြေလျှောများသည် ဝှီးချဲ ဖြင့် သွားလာရန် လိုအပ်နိုင်သော ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အတွက် ရုပ်ပိုင်းဆိုင်ရာ လက်လှမ်းမီခြင်းတွင် အကန့်အသတ်ဖြစ်စေသည်။

စာဖတ်ရန် ယုံကြည်ချက် မရှိသော သို့မဟုတ် မဖတ်နိုင်သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် GBV ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများအကြောင်းကို လက်လှမ်းမီရာတွင် သိသာထင်ရှားသော စိန်ခေါ်မှုများ တွေ့ကြုံနိုင်သည်။ သတင်းအချက်အလက်အား လက်လှမ်းမမီပါက အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ သတင်းပေးပြီးသော ရွေးချယ်မှုများ ပြုလုပ်နိုင်မည် မဟုတ်ပါ။

ဘက်လိုက်မှုတို့သည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား GBV အစီအစဉ်တွင် ပါဝင်ခြင်းနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီခြင်းမှ ဖယ်ကျဉ်ခံရစေသည်။

ဖြစ်သည်။ ၎င်းသည် အမျိုးသမီးများ၏ ခန္ဓာဗေဒဆိုင်ရာ လွတ်လပ်ခွင့်နှင့် ရွေးချယ်ခွင့် အပေါ် ခွဲခြားဆက်ဆံခြင်း မဟုတ်သော်လည်း အထူးသဖြင့် လိင်တူ ဆက်ဆံရေးတွင် အမျိုးသမီးများအတွက် သိသာထင်ရှားသော အဟန့်အတားများကို ဖြစ်စေနိုင်သည်။

**ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားများ။** ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားများသည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ ဝန်ဆောင်မှုများ လက်လှမ်းမီရာတွင် သက်ရောက်မှုရှိစေကာ လူသားချင်းစာနာမှု/အခြား လုပ်ဆောင်နေသူများမှ ဖန်တီးခဲ့သော သို့မဟုတ် သဘာဝအရ ဖြစ်ပေါ်လာနိုင်သည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လွတ်လပ်စွာ ရွေ့လျားနေထိုင်မှုကို တားဆီးစေသည့် ကျား/မရေးရာ စံသတ်မှတ်ချက်များကြောင့်

ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားများသည် ပေါင်းစပ်ဖြစ်ပေါ်လာကာ GBVမှ လွတ်မြောက်လာသူများကို ဖယ်ကျဉ်ထားမှုများပြားလာသည်။ ၎င်းသည် လွတ်မြောက်လာသူ များအား ဝန်ဆောင်မှုများနှင့် ဝေးကွာ စေသည့် အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ ကျဉ်းမြောင်းသော တံခါးများ၊ လှေကားများ၊ လျှောက်လမ်း ဆင်ခြေလျှောများ သို့မဟုတ် အခြားသော ရုပ်ပိုင်းဆိုင်ရာ အခက်အခဲဖြစ်စေသည့် အရာဝတ္ထုများသည် ဗီးချဲ ဖြင့် သွားလာရန် လိုအပ်နိုင်သော ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အတွက် ရုပ်ပိုင်းဆိုင်ရာ လက်လှမ်းမီခြင်းတွင် အကန့်အသတ်ဖြစ်စေသည်။ မသန်စွမ်းမှု၊ အသက်အရွယ် ကြီးရင့်ခြင်း၊ ဆယ်ကျော်သက်ဖြစ်ခြင်း တို့ကို အခြေခံ၍ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့၏ မိသားစုများမှ ဖုံးကွယ်ထားခြင်း သို့မဟုတ် ဖယ်ကျဉ်ထားခြင်း တို့ဖြစ်နိုင်သည်။ သို့မဟုတ် ၎င်းတို့၏ ကျား/မရေးရာ ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွတ်မှု၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးသည် ၎င်းတို့အား အကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်း အန္တရာယ်သို့ ကျရောက်စေနိုင်သည့်အချိန်တွင် သူတို့၏ ဝိသေသလက္ခဏာများအား ဖုံးကွယ်ထားပေးနိုင်သည်။ အထူးသဖြင့် အိမ်တွင်းတွင် ဖြစ်ပေါ်လေ့ရှိသော ရုပ်ပိုင်းဆိုင်ရာအရ ဖယ်ကျဉ်ထားခြင်းသည် GBV အန္တရာယ်ကို ပိုမိုကျရောက်စေကာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ အကူအညီရှာဖွေရာတွင် ရွေးချယ်စရာများအား ကန့်သတ်စေသည်။ ဖယ်ကျဉ်ထားခြင်းသည် စိတ်ဓာတ်ကျခြင်းနှင့် အခြားသော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာများသို့ ဦးတည်စေနိုင်ကာ မှီခိုမှုကို တိုးမြင့်စေ၍ ရွေးချယ်စရာများကို ကန့်သတ်ပေးသည်။ ၎င်းသည် တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများအတွက် အဟန့်အတားတစ်ခုဖြစ်ကာ စီးပွားရေးဆိုင်ရာနှင့် ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ရရှိရန် ပြန်လည်ပေါင်းစည်းစေခြင်းတွင်လည်း အဟန့်အတားတစ်ခုဖြစ်သည်။

**သတင်းအချက်အလက်။** အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံးအတွက် သတင်းအချက်အလက်များ မရယူနိုင်၍ လက်လှမ်းမမီနိုင်ချိန်တွင် သတင်းအချက်အလက်ဆိုင်ရာ အဟန့်အတားများ ဖြစ်ပေါ်သည်။ မတူကွဲပြားသော ဘာသာစကားများ ပြောဆိုနိုင်၍ အကြား သို့မဟုတ် အမြင်ပိုင်းဆိုင်ရာ ချို့ယွင်းချက် ရှိသော အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် စာဖတ်ရန် ယုံကြည်ချက်မရှိသော သို့မဟုတ် မဖတ်နိုင်သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် စာဖြင့် ရေးသားထားသော GBVဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများအကြောင်းကို လက်လှမ်းမီရာတွင် သိသာထင်ရှားသော စိန်ခေါ်မှုများ တွေ့ကြုံနိုင်သည်။ ထို့အပြင် အချို့သော အမျိုးသမီးများမှ ဝန်ဆောင်မှုများ လက်လှမ်းမီရန်အတွက်သာ သရုပ်ပုံဖော်ခြင်းဖြင့် မတူကွဲပြားသော အမျိုးသမီးများအား ဖယ်ကျဉ်ခံရစေသည့် သတင်းအချက်အလက်သည် ဝန်ဆောင်မှုရယူမည့် အမျိုးသမီးများနှင့် မိန်းကလေးငယ် အချို့အား ထိုဝန်ဆောင်မှုများသည် သူတို့နှင့် သက်ဆိုင်သည် မသက်ဆိုင်သည်ကို မသေချာခြင်း သို့မဟုတ် နွေးထွေးမှု မရှိသည်ဟု ခံစားရစေခြင်းဖြင့် ဝန်ဆောင်မှု မရယူနိုင်စေသည့် အဟန့်အတားတစ်ခုအဖြစ် ရှိနေသည်။ အကြားအာရုံ ချို့ယွင်းသော အမျိုးသမီးများသည် ၎င်းတို့အား ကူညီကာ ဆက်သွယ်ပေးမည့် သင်္ကေတဘာသာစကားဖြင့် မရရှိနိုင်သော GBV တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများနှင့် လုံခြုံသော နေရာတွင် ပြုလုပ်သည့် လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရန် ရန်းကန်ရစေနိုင်သည်။

**စိတ်နေသဘောထားများ။** အန္တရာယ်ဖြစ်စေသော စိတ်နေသဘောထားများသည် GBVဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း အစီအစဉ်တွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ မျှတ၍ ပြည့်ဝစွာ ပါဝင်ဆောင်ရွက်ခြင်း မပြုလုပ်နိုင်စေသော အဓိကအဟန့်အတား တစ်ခုအဖြစ် ရှိနေသေးသည်။ တိုက်ရိုက် ခွဲခြားဆက်ဆံသော အပြုအမူ သို့မဟုတ် သတိမမူဘဲ ပြုလုပ်မိသော ဘက်လိုက်မှုတို့သည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား GBV အစီအစဉ်တွင် ပါဝင်ခြင်းနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီခြင်းမှ ဖယ်ကျဉ်ခံရစေသည်။ အမျိုးသားများ ကြီးစိုးအုပ်ချုပ်သော သို့မဟုတ် လိင်ပိုင်းဆိုင်ရာတွင် အခြေခံ၍ အမျိုးသမီးများအား ရှုတ်ချပြစ်တင်သော သဘောထားများသည် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များ၊ ၎င်းတို့၏ မိသားစုဝင်များ၊ GBV ဝန်ဆောင်မှုပေးသူများနှင့်

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

အခြားသော လူသားချင်းစာနာမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်နေသူများထံမှ အဆင့်အတန်း၊ မသန်စွမ်းမှု၊ HIV ပိုး ရှိ/မရှိ၊ လူမျိုးရေးနှင့် ဘာသာရေးအပေါ် အခြေခံသော မလိုမုန်းထားခြင်း၊ လူမျိုးရေး ခွဲခြားခြင်း၊ လိင်တူချစ်သူများအား ကြောက်ရွံ့ခြင်း၊ ဆန့်ကျင်ဘက်လိင် ကဲ့သို့ ဝတ်စားဆင်ယင်သူများအား ကြောက်ရွံ့ခြင်းနှင့် အသက်ကြီးရင့်သူများအား ခွဲခြားဆက်ဆံခြင်းတို့ကိုလည်း တွေ့ကြုံရသည့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ပိုမိုဆိုးရွားစေသည်။ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား GBV တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များနှင့် လုံခြုံသော နေရာများတွင် နွေးထွေးစွာ လက်ခံကြောင်းကို GBV ဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများမှ တက်ကြွစွာ ရှင်းလင်း အသိပေးခြင်းမရှိလျှင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ပို၍ ကျယ်ပြန့်သော ရပ်ရွာအသိုင်းအဝိုင်းတွင် တူညီသော အတွေ့အကြုံကို ထပ်မံ ကြုံတွေ့မည်ကို ကြောက်ရွံ့ကာ အကူအညီတောင်းခံမည် မဟုတ်တော့ပေ။

**လူမှု အဖွဲ့အစည်း။** လူမှု အဖွဲ့အစည်းဆိုင်ရာ အဟန့်အတားများ ဆိုရာတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ခွဲခြားဆက်ဆံနေသည့် လုပ်ထုံးလုပ်နည်းများနှင့် ပေါ်လစီများ ဖြစ်သည်။ ဥပမာအားဖြင့် လွတ်မြောက်လာသူအတွက် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ရယူနိုင်ရန် အမျိုးသား လက်တွဲဖော်တစ်ဦး၏ သဘောတူညီချက် လိုအပ်သောအချိန်တွင် ဖြစ်သည်။ ၎င်းသည် အမျိုးသမီးများ၏ ခန္ဓာဗေဒဆိုင်ရာ လွတ်လပ်ခွင့်နှင့် ရွေးချယ်ခွင့်အပေါ် ခွဲခြားဆက်ဆံခြင်း မဟုတ်သော်လည်း အထူးသဖြင့် လိင်တူ ဆက်ဆံရေးတွင် အမျိုးသမီးများအတွက် သိသာထင်ရှားသော အဟန့်အတားများကို ဖြစ်စေနိုင်သည်။ အချို့သော အသက်အရွယ် ကြီးရင့်သော အမျိုးသမီးများ၊ အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ သို့မဟုတ် ဆယ်ကျော်သက် မိန်းကလေးငယ်များကဲ့သို့သော အခြားသူများအပေါ် မှီခိုနှုန်းမြင့်မားသည့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ဝန်ဆောင်မှုများရယူနိုင်ရန် အခြားသူများအား ရင်ဖွင့်ပြောပြဖို့ လိုအပ်၍ လွတ်မြောက်လာသူ၏ သဘောတူညီချက် မရဘဲ သူမအစား ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များ သို့မဟုတ် တုံ့ပြန်ဆောင်ရွက်သူများမှ အရေးယူ ဆောင်ရွက်ပေးနိုင်သည်။ GBV တုံ့ပြန်ဆောင်ရွက်မှု အဖွဲ့များရှိ မတူကွဲပြားသော အမျိုးသမီးဝန်ထမ်းများအား ဖယ်ကျဉ်ထားခြင်းကို ဖြစ်စေသော အခြားဥပမာများတွင် မီးဖွားခွင့်၊ ကလေးထိန်းခွင့် မပေးသော သို့မဟုတ် ကလေးများ စောင့်ရှောက်မှုအတွက် မထောက်ပံ့ပေးသော သို့မဟုတ် မသန်စွမ်း အမျိုးသမီးများအတွက် လိုက်လျောညီထွေ ပြုပြင်ထားခြင်း မရှိသော သို့မဟုတ် မကိုက်ညီသော လုပ်သား စုဆောင်းရေး အလေ့အထများ ပါဝင်သည်။ ၎င်းတို့သည် မတူကွဲပြားသော ဘာသာရေးဆိုင်ရာ အလေ့အကျင့်များကိုလည်း မပံ့ပိုးပေးနိုင်ပေ။

**အောက်ဖော်ပြပါ အပိုင်းသည် ကွဲပြားခြားနားသော အမျိုးသမီးများနှင့် မိန်းကလေးငယ် အုပ်စုများကို ဦးတည်ထားသည်။** ထိုကဲ့သို့သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ သီးခြားအုပ်စုများကို အသိအမှတ်ပြုခြင်းသည် စည်းရုံးရေး ပုံစံတစ်ခုကဲ့သို့ အသုံးဝင်သည်။ သို့သော် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အုပ်စုတစ်ခုတည်းတွင်သာ ပါဝင်ခဲ့သည်ကို သတိပြုရန် အရေးကြီးသည်။ ထို့ကြောင့် **အုပ်စုတစ်စုချင်းစီရှိ** မတူကွဲပြားမှု အတွေ့အကြုံနှင့် အုပ်စုများအကြားရှိ ကဏ္ဍစုံ အတွေ့အကြုံကို စဉ်းစားမိရန် အရေးကြီးသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ၎င်းတို့၏ ဝိသေသလက္ခဏာ ရှုထောင့်တစ်ခုအပေါ်တွင် အခြေခံ၍ အုပ်စုလိုက် ရှုမြင်ခြင်းသည် သူတို့၏ အားသာချက်များ အပါအဝင် ထူးခြားသော အခြေအနေ တစ်ခုစီတိုင်းကို မှေးမှိန်စေသည်။

## ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များ

Girl Shine, သည် အစီအစဉ် စံပုံစံတစ်ခု ဖြစ်၍ လူသားချင်းစာနာမှု အခြေအနေများတွင် ဆယ်ကျော်သက် မိန်းကလေးငယ်များ အား စွမ်းရည်မြှင့်တင်ပေးသော၊ အကာအကွယ်ပေးသော၊ သို့မဟုတ် ပံ့ပိုးပေးသော အရင်းအမြစ် ပုံစံအစုံဖြစ်သည်။ ၎င်းတွင် ဆယ်ကျော်သက် မိန်းကလေးငယ်များအတွက် GBV အစီအစဉ် လုပ်ရှားမှုများ အကောင်အထည်ဖော်ဆောင်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတွင် လူငယ်များနှင့် ဆယ်ကျော်သက် မိန်းကလေးငယ်များအား ချိတ်ဆက်ပါဝင်စေခြင်းဆိုင်ရာ သီးခြား လမ်းညွှန်ချက်များ ပါဝင်သည်။

များပြားလာသော နေရပ်စွန့်ခွာရသည့် လူဦးရေအချိုးအစားတွင် ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များအား ထည့်သွင်းစဉ်းစားရမည်။ ထို့အပြင် အခြားသော အုပ်စုများနှင့် နှိုင်းယှဉ်လျှင် ထိုအုပ်စုသည် ပို၍မြင့်မားသော ဖြားယောင်းသွေးဆောင်ခြင်း၊ အရွယ်မတိုင်ခင် လက်ထပ်ထိမ်းမြားပေးခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း၊ အဓမ္မကျင့်ခြင်း အန္တရာယ်များ တွေ့ကြုံနေရသည်။[14] အကျပ်အတည်းကာလတွင် ဆယ်ကျော်သက် မိန်းကလေးငယ်များမှ အမျိုးမျိုးသော အန္တရာယ်များကိုသာ ကြုံတွေ့ရသည်သာမက အထူးသဖြင့် အကျပ်အတည်းကာလ၏ အရေးကြီးသော ပထမ (၄၅)ရက်တာအချိန်တွင် ၎င်းတို့သည် ဖုံးကွယ်ထားခံရခြင်း၊ အကာအကွယ် မပေးခြင်း၊ နှင့် လူထုနှင့် ချိတ်ဆက်ပါဝင်မှုမရှိခြင်းတို့ ခံနေရသည်ကို သက်သေများက ဖော်ပြနေသည်။[15] လူသားချင်းစာနာမှု လုပ်ဆောင်နေသူများမှ အရေးပေါ်အခြေအနေတွင် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ရာ၌ ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များအား သတိမမူမိဘဲ ထည့်သွင်းစဉ်းစားခြင်း မရှိချိန်တွင် မိန်းကလေးငယ်များသည် ၎င်းတို့ လိုအပ်သော အသက်ကယ် ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်၊နှင့် အရင်းအမြစ်များအား လုံခြုံစွာ လက်လှမ်းမီနိုင်သည့် သူတို့၏ စွမ်းရည်များအား ကန့်သတ်မှု ဖြစ်စေသည်။[16]

လူသားချင်းစာနာမှုဆိုင်ရာ မည်ကဲ့သို့သော အခြေအနေများ၌မဆို အသက် ၁၀ နှစ်မှ ၁၄နှစ်အကြားရှိ ငယ်ရွယ်သော ဆယ်ကျော်သက် မိန်းကလေးငယ်များနှင့် အသက် ၁၅ နှစ်မှ ၁၉ နှစ်အကြားရှိ အနည်းငယ် အသက်ရွယ်ကြီးသော မိန်းကလေးငယ်များသည် ထိခိုက်လွယ်မှု အများဆုံး အသက်အပိုင်းအခြား ဖြစ်သည်။ ၎င်းတို့သည် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ် တွေ့ကြုံနိုင်ချေ အမြင့်ဆုံးဖြစ်ကာ သတိမမူမိသော/မမြင်လွယ်ဆုံးသော လူဦးရေလည်း ဖြစ်သည်။[17] ငယ်ရွယ်သော ဆယ်ကျော်သက်မိန်းကလေးများသည် လူလတ်ပိုင်းအရွယ်သို့ ရောက်ရှိလာသည်နှင့် သူတို့တွင် လိုအပ်မည့် စွမ်းရည်များ၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် သိမြင်ခြင်းနှင့်ဆိုင်သော လုပ်ကိုင်နိုင်စွမ်းများ မရှိသေးသော်လည်း ၎င်းတို့သည် သက်လတ်ပိုင်းအရွယ်၏ အခန်းကဏ္ဍများ၊နှင့် တာဝန်ဝတ္တရားများ စတင်လုပ်ဆောင်လာသည်။ [18]

---

[14]COMPASS လေ့လာခြင်းဆိုင်ရာ အစီရင်ခံစာ။ ' ထွန်းတောက်ရန်အတွက် လုံခြုံသော နေရာတစ်ခု - လူသားချင်းစာနာမှု အခြေအနေများတွင် ဆယ်ကျော်သက် မိန်းကလေးငယ်များ၏ အသံအား မြင့်တင်ပေးကာ အခွင့်အလမ်းများ ဖန်တီးပေးခြင်း' https://gbvresponders.org/compass/ WRC, ကျွန်ုပ် ဤနေရာတွင် ရှိသည်။ p. 5။

[15]အရေးပေါ်အခြေအနေများရှိ မိန်းကလေးငယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အရေးပေါ်အခြေအနေများရှိ မိန်းကလေးငယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှ လုပ်ဆောင်ရန် အစီအစဉ်နှင့် ကြေငြာချက်၊ ၂၀၁၅၊ p. 2 https://www.popcouncil.org/research/statement-and-action-agenda-from-the-girls-in-emergencies-collaborative

[16]ကျွန်ုပ် ဒီမှာရှိပါတယ်။ အရေးပေါ်အခြေအနေများရှိ ဆယ်ကျော်သက်မိန်းကလေးများ၊ ဒုက္ခသည် အမျိုးသမီးများဆိုင်ရာ ကော်မရှင်၊ ၂၀၁၄။ p. 12။

[17]ကျွန်ုပ် ဒီမှာရှိပါတယ်။ အရေးပေါ်အခြေအနေများရှိ ဆယ်ကျော်သက်မိန်းကလေးများ၊ ဒုက္ခသည် အမျိုးသမီးများဆိုင်ရာ ကော်မရှင်၊ ၂၀၁၄။ p. 17။

[18]လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများရှိ ဆယ်ကျော်သက်များ၏ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး ပုံစံအစုံ၊ UNFPA, ၂၀၀၉။ p.6 https://www.unfpa.org/publications/adolescent-sexual-and-reproductive-health-toolkit-humanitarian-settings

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

ဆယ်ကျော်သက် မိန်းကလေးငယ်များသည် အောက်ပါအချက်များကြောင့် ဝန်ဆောင်မှုများရယူရန် ထပ်ဆောင်း အဟန့်အတားများနှင့် GBV အန္တရာယ် တွေ့ကြုံနိုင်ချေ မြင့်မားပါသည်။

- ရိုးရာ ယဥ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ စံသတ်မှတ်ချက်များသည် အင်အား/အာဏာ အသုံးပြုလာအောင် အားထုတ်ကြိုးပမ်းစေသည့် အချက်တစ်ခုဖြစ်ကာ ဆယ်ကျော်သက် မိန်းကလေးငယ်များအပေါ် လွှမ်းမိုးထားသည်။
- ငွေကြေးဆိုင်ရာ ခက်ခဲမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် အားနည်းသော လူမှုအဖွဲ့အစည်းများသည် ဆယ်ကျော်သက် မိန်းကလေးငယ်များအား အန္တရာယ်ရှိသော သက်မွေးဝမ်းကြောင်းများ အပါအဝင် အကြမ်းဖက်မှုများ၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း တွေ့ကြုံနိုင်အောင် ထိခိုက်လွယ်စေသည်။
- ထင်သာမြင်သာရှိမှုနှင့် လွတ်လပ်စွာ သွားလာနေထိုင်မှုတွင် ကန့်သတ်ထားခံရခြင်းသည် ဆယ်ကျော်သက် မိန်းကလေးငယ်များအား အခြားသော ရှင်သန်မှုဆိုင်ရာ ကွန်ယက်များ၊ ရွယ်တူများနှင့် ချိတ်ဆက်ခြင်းကို ပျက်စီးစေကာ ဖယ်ကျဉ်ထားခံရခြင်းကို မြင့်တက်စေသည်။
- ဆယ်ကျော်သက်များနှင့် အကျွမ်းတဝင်ရှိသော ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များ ရယူရန် ကန့်သတ်ခံရခြင်းသည် ၎င်းတို့ အသက်ရှင်သန်နိုင်မှုကို ထိခိုက်နစ်နာစေသည်။
- ဆယ်ကျော်သက် မိန်းကလေးငယ်များ၏ တစ်မူထူးခြားသော အခန်းကဏ္ဍများ၊ လိုအပ်ချက်များနှင့် အန္တရာယ်များအား လူသားချင်းစာနာမှုဆိုင်ရာ အသိုင်းအဝိုင်းမှ အာရုံစိုက်မှု နည်းခြင်း[19]

အားလုံးပါဝင်နိုင်သော GBV အစီအစဉ်သည် တစ်မူထူးခြားသော ခွဲခြားဆက်ဆံမှု၊ အန္တရာယ်များနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများ တွေ့ကြုံနေရသော ငယ်ရွယ်သည့် ဆယ်ကျော်သက် မိန်းကလေးများနှင့် လူလတ်ပိုင်း မိန်းကလေးငယ်များအကြားရှိ လိုအပ်ချက်များကို ပိုင်းခြားသိမြင်စေသည်။[20] ဆယ်ကျော်သက်အရွယ် မိန်းကလေးများသည် ရောနှောနေသော အုပ်စုတစ်ခု မဟုတ်သည်ကို GBV ဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများမှ အသိအမှတ်ပြုသင့်၍ မိန်းကလေးငယ်များ၏ အလုံးစုံသော ဖြစ်ရပ်များအား ပြည့်ဝစွာ ရှုမြင်ရန် ကြိုးစားသင့်သည်။[21] ထိုအထဲတွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း အတွေ့အကြုံ၊ ကျား/မရေးရာ ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွတ်မှု၊ မိခင် သို့မဟုတ် အဓိက ပြုစုစောင့်ရှောက်သူ၊ မသန်စွမ်းမှု၊ ကိုယ်ဝန်ဆောင် သို့မဟုတ် နို့တိုက်မိခင်၊ တိုင်းရင်းသား မျိုးနွယ်စု၊ HIV ပိုးရှိ/မရှိ၊ ကျောင်းထွက်ထားခြင်းနှင့် အလုပ်ထွက်ထားခြင်း ရှိ/မရှိ၊ မိဘ အုပ်ထိန်းသူနှင့် အတူနေသော သို့မဟုတ် မိဘမဲ့ဖြစ်သော အခြေအနေ၊ ထိမ်းမြားလက်ထပ်မှုဆိုင်ရာ အခြေအနေနှင့် အသက်အရွယ် (၁၀ မှ ၁၄ နှစ်ရှိ ငယ်ရွယ်သော ဆယ်ကျော်သက်များ၊ ၁၅ မှ ၁၉နှစ်ရှိ အနည်းငယ် အသက်ကြီးသော ဆယ်ကျော်သက်များ) အပါအဝင် စသည့်ကွဲပြားခြားနားမှုများရှိသည်။[22] [23]GBV အထူးပြုအစီအစဉ် လုပ်ဆောင်သူများသည် မတူကွဲပြားသော ဆယ်ကျော်သက် မိန်းကလေးငယ်များနှင့် အနည်းငယ်

ဆင်းရဲသော အသိုင်းအဝိုင်းများရှိ အဆင်းရဲဆုံးသော ဆယ်ကျော်သက် မိန်းကလေး တော်တော်များများသည် အရေးပေါ် အခြေအနေတစ်ခုတွင် နေထိုင်နှင့်ပြီးဖြစ်သည်။ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများသည် အကြမ်းဖက်မှု ခံရနိုင်ချေတွင် သူတို့၏ ထိခိုက်လွယ်မှုကို ပိုမိုဆိုးရွားစေချိန်တွင် ထိုအကျပ်အတည်းများသည် ၎င်းတို့၏ ပြုစုစောင့်ရှောက်နိုင်စွမ်း နှင့် ပြဿနာဖြေရှင်းနိုင်စွမ်းများတွင်သာ ချဲ့ထွင်လုပ်ဆောင်နေသည်။

အရေးပေါ်အခြေအနေများတွင် မိန်းကလေးငယ်များအတွက် ပူပေါင်းဆောင်ရွက်မှု၊ ကြေငြာချက်

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု
အသက်ကြီးသော မိန်းကလေးများအတွက် သင့်လျော်သော၊ လက်ခံနိုင်ဖွယ်ဖြစ်သော၊ လက်လှမ်းမီနိုင်သော ဝန်ဆောင်မှုများနှင့် ဂရုဏာပြည့်ဝသော ပြုစုစောင့်ရှောက်မှုပေးခြင်းကို ကတိကဝတ်ပြု၍ လုပ်ဆောင်သင့်သည်။[24]

[19]WRC, ကျွန်ုပ် ဒီမှာရှိပါတယ်။ အရေးပေါ်အခြေအနေများရှိ ဆယ်ကျော်သက်မိန်းကလေးများ၊ ဒုက္ခသည် အမျိုးသမီးများဆိုင်ရာ ကော်မရှင်၊ ၂၀၁၄။ p. 22

[20]မိန်းကလေးများ ထွန်းထောက်ခြင်း အစီအစဉ်စံပုံစံ https://gbvresponders.org/adolescent-girls/girl-shine/

[21]မိန်းကလေးငယ်များအတွက် ကာကွယ်စောင့်ရှောက်မှုရှိသော ကျွမ်းကျင်လိမ္မာမှုများ တည်ဆောက်ပေးရာတွင် ကာကွယ်စောင့်ရှောက်မှုရှိသော ကျွမ်းကျင်လိမ္မာမှုများ တည်ဆောက်ပေးခြင်းဆိုင်ရာ နည်းလမ်း၊ PopCouncil, 2016, p. iv.

[22]လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများရှိ ဆယ်ကျော်သက်များ၏ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး အစီအစဉ်၊ မိသားစု စီမံကိန်းချခြင်းဆိုင်ရာ ဝန်ဆောင်မှုများ၌ အတွင်းကျကျ လေ့လာခြင်း၊ WRC, ၂၀၁၂၊ p. 24

[23]WRC, ကျွန်ုပ် ဒီမှာရှိပါတယ်။ အရေးပေါ်အခြေအနေများရှိ ဆယ်ကျော်သက်မိန်းကလေးများ၊ ဒုက္ခသည် အမျိုးသမီးများဆိုင်ရာ ကော်မရှင်၊ ၂၀၁၄။ p. 17

[24]၂၀၀၁ ခုနှစ်တွင်ပြုလုပ်သော WHO၏ ကမ္ဘာလုံးဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်းနှင့် ၂၀၀၂ ခုနှစ် ဂျီနီဗာတွင် ပြုလုပ်သော WHO ၏ ကျွမ်းကျင်သော အကြံပေးအဖွဲ့နှင့် ဆွေးနွေးခြင်း၊ မှတ်ချက်ပြုခြင်း- ဆယ်ကျော်သက်များနှင့် အကျွမ်းတဝင်ရှိသော ကျန်းမာရေးဝန်ဆောင်မှုများ - ပြောင်းလဲမှုအတွက် အစီအစဉ်တစ်ခု၊ WHO ၂၀၀၂။ p. 27 https://apps.who.int/iris/handle/10665/67923

## အသက်အရွယ်ကြီးရင့်သော အမျိုးသမီးကြီးများ

အသက်အရွယ်ကြီးသော အမျိုးသမီးကြီးများနှင့် ပတ်သက်၍ နက်ရှိုင်းစွာ အမြစ်တွယ်နေသော မလိုမုန်းထား အမြင်/ခံစားချက်များသည် သူတို့အား လျစ်လျူရှုထားခြင်း၊ အလွဲသုံးစားပြုခြင်းနှင့် အကြမ်းဖက်ခြင်းလုပ်ရပ်ကို ခွင့်လွှတ်ပေးသော သို့မဟုတ် သည်းခံပေးနေသော အသက်အရွယ်ကြီးသူများအား ခွဲခြားဆက်ဆံခြင်းနှင့် တစ်ချိန်တည်း တစ်နေရာတည်းတွင် ဆက်လက်ဖြစ်ပေါ်စေသော လူမှုရေးဆိုင်ရာ စံသတ်မှတ်ချက်များကို ပို၍အားကောင်းစေသည်။[25] ၂၀၅၀ ခုနှစ်၌ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် အသက်အရွယ်ကြီးသော အမျိုးသမီးကြီးများ အရေအတွက်သည် ကမ္ဘာ့လူဦးရေ၏ ၂၂ ရာခိုင်နှုန်းလောက် ငယ်ရွယ်သူများ အရေအတွက်ထက် ကျော်လွန်လိမ့်မည်။[26] သက်ကြီးလူဦးရေ၏ အများစုသည် သူတို့နှင့် ရွယ်တူ အမျိုးသားများထက် အရေအတွက်ပိုစွာဖြင့် ဝင်ငွေနည်းသော တိုင်းပြည်များနှင့် ဝင်ငွေ အတော်အတန်ရှိသော တိုင်းပြည်များတွင် ဆက်လက်နေထိုင်လိမ့်မည်။ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၅၄ ရာခိုင်နှုန်းသော အမျိုးသမီးများသည် အသက် ၆၀ နှင့် အထက်ဖြစ်ကာ ကမ္ဘာ့လူဦးရေ၏ ၆၁ ရာခိုင်နှုန်းသည် အသက် ၈၀ နှင့်အထက် ဖြစ်သည်။[27] အသက် ၅၀နှင့် အထက်ရှိသော အမျိုးသမီးကြီးများသည် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများ၏ လေးပုံတစ်ပုံနီးပါး (၂၃.၆%) ကို ကိုယ်စားပြုသည်။[28]

အချို့သော အကြမ်းဖက်မှုပုံစံများသာလျှင် သက်ကြီးအမျိုးသမီးများတွင် ဖြစ်ပွားနိုင်ချေရှိသော်လည်း ထိုအမျိုးသမီးများသည် သူတို့ဘဝတစ်လျှောက်လုံးတွင် GBV တွေ့ကြုံခံရနိုင်သည်။ အသက်အရွယ်ကြီးသော အမျိုးသမီးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် မိသားစုဘဝနယ်ပယ်အားလုံးတွင် သူတို့အပေါ် ခွဲခြားထားသော ဥပဒေများနှင့် အလေ့အထများသည် အကြမ်းဖက်မှုနှင့် အလွဲသုံးစားပြုခြင်းကို ပို၍အားကောင်းစေသည်။[29] မုဆိုးမဖြစ်ခြင်း၊ ကွာရှင်းခြင်း သို့မဟုတ် မည်သည့်အခါမျှ ထိမ်းမြားလက်ထပ်မှု မရှိခြင်းတို့ကြောင့် ကမ္ဘာတစ်ဝန်းတွင် အသက်ကြီးသော အမျိုးသမီးများ၏ ထက်ဝက်လောက်သည် တစ်ဦးတည်းနေထိုင်ကြသည်။ ရပ်ရွာအသိုင်းအဝိုင်း၊ မိသားစုနှင့် သူငယ်ချင်းများထံမှ ဖယ်ကျဉ်ခံရသော သက်ကြီးအမျိုးသမီးများသည် ၎င်းတို့ တွေ့ကြုံရသော အကြမ်းဖက်မှု သို့မဟုတ် အလွဲသုံးစားပြုခြင်းဖြစ်စဉ်တွင် ထောက်ပံ့မှုမရခြင်း သို့မဟုတ် ဝန်ဆောင်မှုများ မရယူနိုင်ခြင်း သို့မဟုတ် ကန့်သတ်ထားခံရခြင်းနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း အန္တရာယ် ကြုံတွေ့နိုင်ချေ သုံးဆရှိပါသည်။[30]

---

25 Ibid.

26 ADCAP သင်တန်း၊ p. 17. https://www.helpage.org/what-we-do/emergencies/adcap-age-and-disability-capacity-building-programme/

27 သက်ကြီးအမျိုးသမီးများဆိုင်ရာ VAWG အရင်းအမြစ်၊ p. 2-3.

28 Ibid

29 ကုလသမဂ္ဂ အထွေထွေညီလာခံ (၂၀၁၃)။ နိုင်ငံတကာ အသက်အရွယ်ကြီးရင့်သူများဆိုင်ရာ နှစ်ကို စောင့်ကြည့်လေ့လာခြင်း - အသက်အရွယ်ကြီးရင့်လာခြင်းဆိုင်ရာ ကမ္ဘာ့ ဒုတိယအကြိမ်မြောက် ညီလာခံ၊ အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ (A/68/167).

30 သက်ကြီးအမျိုးသမီးများဆိုင်ရာ VAWG အရင်းအမြစ်၊ pgs. 7-8.

အသက်အရွယ်ကြီးသော အမျိုးသမီးများအပေါ်ကျူးလွန်သော GBV သည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော်လည်း အများပိုင်းမှာ လူမသိသူမသိ ဖုံးကွယ်နေသေးသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ခန့်မှန်းထားသည့် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသအလိုက် အစီရင်ခံစာ (၂၀၁၃) တွင် အသက် ၅၀ အထက် အမျိုးသမီးကြီးများအကြား ဘဝတစ်သက်တာလုံး ခင်မင်ကျွမ်းဝင်သူမှ အကြမ်းဖက်ခံရခြင်းသည် ၂၀.၆ ရာခိုင်နှုန်း မကြာခဏ ဖြစ်နိုင်ချေရှိကြောင်း တွေ့ရှိရသည်။ အသက် ၁၅ မှ ၄၉အကြားရှိ အမျိုးသမီးများထက် ပို၍ အသက်ကြီးသော အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းပုံစံများအကြောင်း သိရှိမှုနည်းခြင်းကြောင့် ၎င်းကို အစီရင်ခံမှု နည်းခြင်း ဖြစ်နိုင်သည်။[31] အသက်ကြီးသော အမျိုးသမီးများအပေါ် GBV ကျူးလွန်ခြင်းသည် များစွာ ဖြစ်ပွားနေသည်။ ခင်မင်ကျွမ်းဝင်သူများ၊ လူငယ် မိန်းကလေး၊ ယောကျ်ားလေးများ အပါအဝင် မိသားစုဝင်များ၊ ပြုစုစောင့်ရှောက်သူများ သို့မဟုတ် ကျယ်ပြန့်သော ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များ ပါဝင်နေနိုင်သော ကျူးလွန်သူများမှ မကြာခဏဆိုသလို ရှုထောင့်မျိုးစုံမှ ပုံစံအမျိုးမျိုးဖြင့် ကျူးလွန်သည်။ အသက်ကြီးသော အမျိုးသမီးများသည် အလွဲသုံးစားပြုခြင်း သို့မဟုတ် လျစ်လျူရှုခံရခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ပုံစံများ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွေ့ကြုံရသည်။ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်ခံရသော သက်ကြီးအမျိုးသမီးများအတွက် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများနှင့် ထိခိုက်ဒဏ်ရာများ ရရှိခြင်းသည် ရုံဖန်ရံခါ ပို၍ ပြင်းထန်တတ်သည်။[32] အသက်အရွယ် ကြီးရင့်ခြင်းသည် ဝန်ဆောင်မှုများ ရယူရန်နှင့် ကျန်းမာရေးဆိုင်ရာ အကူအညီရှာဖွေခြင်းတွင် သက်ရောက်မှုရှိကြောင်းကို ထောက်ပြထားသော တိကျသည့် သက်သေသာဓက ရှိပါသည်။ တစ်နည်းအားဖြင့် GBV ဆိုင်ရာ အန္တရာယ်ဖြစ်စေသော ကျန်းမာရေးဆိုးကျိုးများသည် မကုသဘဲ ထားပါက ပိုမိုဆိုးရွားလာနိုင်ပြီး ဆက်လက်၍ GBV ဖြစ်ပွားသော အကြိမ်အရေအတွက် များလာသည်နှင့်အမျှ ပိုမိုပြင်းထန်လာနိုင်သည်။ မျိုးဆက်ပွားနိုင်သော အသက်အရွယ်ရှိ အမျိုးသမီးများအပေါ် တစ်စိတ်တစ်ပိုင်း အာရုံစူးစိုက်မှုကို အခြေခံပြီး အသက်အရွယ်ကြီးသော အမျိုးသမီးများ၏ လိင်ပိုင်းဆိုင်ရာ ကျန်းမာရေး ရယူရာတွင် HIV အပါအဝင် လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများနှင့် လူသားချင်း ဆက်ဆံရေးဆိုင်ရာ အကြမ်းဖက်မှုအတွက် ကြိုတင်ကာကွယ်နိုင်သော ဝန်ဆောင်မှုများနှင့် ပြုစုစောင့်ရှောက်မှုကို လက်လှမ်းမီရာတွင် မကြာခဏဆိုသလို ကြန့်ကြာမှု ဖြစ်စေခြင်း၊ စိတ်ဒဏ်ရာပေးခြင်း၊ ဖယ်ကျဉ်ထားခံရခြင်းနှင့် လျစ်လျူရှုခံရတတ်သည်။ အခြေခံ စောင့်ရှောက်မှုပေးသူများမှ ၎င်းတို့၏ လူနာများအား လိင်ပိုင်းဆိုင်ရာ ကျန်းမာရေးအကြောင်း ပြောဆိုဆွေးနွေးခြင်းကို ရှောင်ကြဉ်နေစဉ်တွင် အချိန်မလောက်ငှခြင်း၊ အရင်းအမြစ်များ မရှိခြင်း၊ သင်တန်း သို့မဟုတ် လေ့လာခဲ့ရသော စွမ်းရည်ကဲ့သို့သော အကြောင်းပြချက်များကြောင့် သူတို့သည် အသက်ကြီးသော လူနာများ၏ လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်အကြောင်း မေးမြန်းစုံစမ်းမှု ပို၍နည်းနိုင်ပါသည်။[33]

---

[31] HelpAge International, အသက်ကြီးသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ဆွေးနွေးခြင်းစာတမ်း ၂၀၁၇။ p. 1. https://www.helpage.org/what-we-do/rights/violence-against-older-women/

[32] သက်ကြီးအမျိုးသမီးများဆိုင်ရာ VAWG အရင်းအမြစ်၊ p. 9.

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

[33] သက်ကြီးအမျိုးသမီးများဆိုင်ရာ VAWG အရင်းအမြစ်၊ p. 5.

စိတ်ကစဉ့်ကလျားရောဂါရှိသော သက်ကြီးအမျိုးသမီး အများစုသည် အလွဲသုံးစားပြုခြင်း ပုံစံအချို့ကို တွေ့ကြုံရ၍ သူတို့၏ ရောဂါသည် သူတို့အား အကူအညီရှာဖွေနိုင်ရန် အတားအဆီးဖြစ်စေနိုင်သည်။[34] အသက်အရွယ်နှင့် သက်ဆိုင်သော မသန်စွမ်းမှု ရှိနေနိုင်သည့် အသက်ကြီးသော အမျိုးသမီးများအတွက် မသန်စွမ်းမှုသည် အန္တရာယ် ကြုံတွေ့စေသည့် ထပ်ဆောင်း အချက်တစ်ချက်ဖြစ်နိုင်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် အသက် ၆၀ နှင့် အထက်ရှိ လူများ၏ ၄၆% ကျော်တွင် မသန်စွမ်းမှုများ ရှိကြ၍ အများစုမှာ အမြင် သို့မဟုတ် အကြားအာရုံ ဆုံးရှုံးမှု ခံစားကြရသည်။[35] အထူးသဖြင့် ရာသက်ပန် မသန်စွမ်းသော အမျိုးသမီးများသည် နေ့စဉ် ပြုစုစောင့်ရှောက်မှုအတွက် အခြားသူများအပေါ် မှီခိုလာရပါက အသက်ကြီးလာသည်နှင့်အမျှ ၎င်းတို့သည် အကြမ်းဖက်မှု ကြုံတွေ့နိုင်ရန် ပို၍ထိခိုက်လွယ်လာပါသည်။[36]

အသက်ကြီးသော အမျိုးသမီးများသည် ဘဝတစ်သက်တာတွင် ၎င်းတို့၏ ကျား/မရေးရာကို ထည့်သွင်းစဉ်းစားရသည့် ပညာရေးနှင့် စီးပွားရေး ဆိုင်ရာ ဖူလုံရေးအတွက် အခွင့်အလမ်းများ လျော့နည်းလာပြီးနောက် ကျဆင်းသွားသော အင်အား/အာဏာနှင့် အဆင့်အတန်းများကြောင့် သူတို့သည် GBV အန္တရာယ် ကျရောက်နိုင်ခြေ မြင့်မားနိုင်ပါသည်။[37] ကျား/မရေးရာနှင့် အသက်အရွယ်ပေါ်တွင် ပေါင်းစပ်၍ ခွဲခြားဆက်ဆံခြင်း သည် ဆင်းရဲနွမ်းပါးမှု ကြီးစွာကြုံတွေ့နိုင်ချေသို့ ဦးတည်စေကာ ကာကွယ်စောင့်ရှောက်မှု ပေးနိုင်သော အရင်းအမြစ်များအား ကန့်သတ်ချက်ဖြင့် လက်လှမ်းမီခြင်း၊ အလွဲသုံးစားပြုခြင်းနှင့် GBV ကြုံတွေ့နိုင်သည့် အန္တရာယ် မြင့်မားစေသည်။

> **အသက်အရွယ်ကြီးသော နှင့် ထိုသူများအား မလိုမုန်းထား ဆက်ဆံခြင်း**
>
> အသက်ကြီးလာသည်နှင့် ပတ်သက်သော သဘောထား ခံယူချက်သည် တစ်ဦးချင်းစီ၊ ရပ်ရွာအသိုင်းအဝိုင်းနှင့် လူမှုရေး အခြေအနေများအရ ကွဲပြားသောကြောင့် မည်သည့်အချိန်တွင် အသက်အရွယ်ကြီးရင့်မှု စတင်သည့်အပေါ် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှု မရှိသေးပါ။ သူတို့အား အသက်ကြီးပြီဟု **သတ်မှတ်ထားသောကြောင့် သက်ကြီးသူများအား မလိုမုန်းထားဆက်ဆံခြင်း** သည် လူများအား ဆန့်ကျင်သော ခွဲခြားဆက်ဆံခြင်းနှင့် စနစ်ကျသော ပုံသေကားကျ ဆက်ဆံခြင်းဖြစ်သည်။ သက်ကြီးသူများအား မလိုမုန်းထား ဆက်ဆံခြင်းဖြင့် အသက်အရွယ် ကြီးရင့်သူများ၏ လူမှုရေး အသိုက်အမြုံကို ပြိုလဲစေကာ အနာဂတ်တွင် အသက်ကြီးသော အမျိုးသမီးများအတွက် တန်းတူညီမျှမှုကို သတိပြုမိလာခြင်းကို အတားအဆီးဖြစ်စေသည်။
>
> *VAWG Resource Older Women*

လူငယ်များနှင့် အမျိုးသမီးများ၏ ကဏ္ဍသည် ကလေးမွေးဖွားခြင်းသာ ဖြစ်သည်ဟု မှတ်ယူထားသည့် အမျိုးသားများ ကြီးစိုးသော စိတ်နေသဘောထားများနှင့် စံသတ်မှတ်ချက်များမှ ပေါင်းစပ်စီးဆင်းလာသည့် ခွဲခြားဆက်ဆံခြင်းကို အသက်ကြီးသော အမျိုးသမီးများမှ တွေ့ကြုံနေရသည်။ ဤကဲ့သို့သော ခွဲခြားဆက်ဆံခြင်းသည် အသက်ကြီးသော အမျိုးသမီးများအား အသုံးမဝင်တော့သည့်သူများဟူ၍ မမျှတသည့် ဘက်လိုက်မှုများသို့ ဦးတည်စေ၍ မျိုးဆက်ပွားနိုင်သော အသက်အရွယ်ကျော်လွန်သည်နှင့် တစ်ပြိုင်နက် သူတို့အား တန်ဖိုးနည်းသွားပြီဟု ရှုမြင်ခြင်း/ မမြင်ကွယ်ပြုခြင်းတို့ ဖြစ်နိုင်သည်။ ၎င်းသည် လိင်ပိုင်းဆိုင်ရာအရ အခွင့်အရေးခွဲခြားမှုအပြင် အသက်ကြီးသူများအား မလိုမုန်းထားခြင်းတို့ကြောင့် ဖြစ်ပေါ်စေသည့် အကြမ်းဖက်မှုတွင် အထူးထိခိုက်လွယ် အမျိုးအစားတစ်ခုကို ဖြစ်ပေါ်စေသည်။[38] လက်တလော လုပ်ဆောင်နေသော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများသည် မျိုးဆက်ပွားနိုင်သော အသက်အရွယ်ရှိ အမျိုးသမီးများအပေါ်တွင် ဦးတည်လုပ်ဆောင်ကာ အမျိုးသမီးများသည် ၎င်းတို့၏ ကလေးမွေးဖွားနိုင်စွမ်းအပေါ်တွင်သာ မှီခိုနေသည်ဟု ထင်မှတ်၍ ၎င်းတို့၏ မျိုးဆက်ပွားမှုဆိုင်ရာ လုပ်ဆောင်ချက် ကျဆင်းလာသည်ကို သိမြင်စေသည့် အသက်ကြီးသူများအား ကဏ္ဍပေါင်းစုံမှ မလိုမုန်းထားခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အခွင့်အရေးခွဲခြားမှု၏ သရုပ်မှန်တစ်ခု ဖြစ်သည်။ HelpAge International မှ ပြောဆိုချက်အရ ၎င်းသည် ငယ်ရွယ်သော အသက်အရွယ်တွင်သာ အကြမ်းဖက်မှု ဖြစ်ပေါ်သည်ဟူ၍ ထင်မြင်နေသော အန္တရာယ်ရှိသည့် ပုံသေကားကျ

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု သတ်မှတ်ခြင်းကို တိုးမြှင့်စေသည့် အန္တရာယ်များအပေါ် အခြေခံသည်။ အကယ်၍ ၎င်းအား စစ်ဆေးစုံစမ်းခြင်းမရှိဘဲ ကျန်ရှိနေပါက အသက်ကြီးသော အမျိုးသမီးများ၏ အတွေ့အကြုံများသည် ဖုံးကွယ်ခံရနေနိုင်သည်။[39]

34 သက်ကြီးအမျိုးသမီးများဆိုင်ရာ VAWG အရင်းအမြစ်၊ pgs. 7-8.

35 ADCAP သင်တန်း၊ p. 18. https://www.helpage.org/what-we-do/emergencies/adcap-age-and-disability-capacity-building-programme/

36 သက်ကြီးအမျိုးသမီးများဆိုင်ရာ VAWG အရင်းအမြစ်၊ pgs. 7-8.

37 သက်ကြီးအမျိုးသမီးများဆိုင်ရာ VAWG အရင်းအမြစ်၊ p. 4.

38 သက်ကြီးအမျိုးသမီးများဆိုင်ရာ VAWG အရင်းအမြစ်၊ p. 3.

39 HelpAge International, အသက်ကြီးသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ဆွေးနွေးခြင်းစာတမ်း p. 3.

> အသက် ၄၉နှစ် အထက် အမျိုးသမီးများ၏ ၃၇%သည် ခင်မင်ကျွမ်းဝင်သူမှ အိမ်တွင်းအကြမ်းဖက်မှု မဟုတ်သော အမှုများကို (လွန်ခဲ့သောနှစ်တွင် ၁၄% ရှိသည်) တွေ့ကြုံခဲ့ရစဉ်တွင် ၃၂% သည် ခင်မင်ကျွမ်းဝင်သူမှ အကြမ်းဖက်မှုကို တွေ့ကြုံခဲ့ရသည်။ (လွန်ခဲ့သော နှစ်တွင် ၁၇% ရှိသည်။) သိပ္ပံပညာ အဆင့်မြင့်တင်မှုဆိုင်ရာ အမေရိကန် အဖွဲ့အစည်း

'ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များ' တွင် ဖော်ပြထားသည့်အတိုင်း သာမာန်အားဖြင့် ရှိနှင့်ပြီးသော လူမှုရေးဆိုင်ရာ ထိန်းချုပ်ထားသည့်အရာများ ပျက်စီးသွားသောကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများသည် အနာဂတ်တွင် အသက်ကြီးသော အမျိုးသမီးများအား အန္တရာယ် မြင့်မားစွာ ကျရောက်စေသည်။ ဥပမာအားဖြင့် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အတွင်း ဒီမိုကရက်တစ် ကွန်ဂို ပြည်သူ့သမ္မတနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအတွက် တောင်ပိုင်း ကီဗူးပြည်နယ်ဆေးရုံတွင် အကူအညီလာရောက် တောင်းခံကြသည့် ၁၅.၅% သည် အသက် ၅၅ နှစ်နှင့် အထက်ရှိသော အမျိုးသမီးများဖြစ်ကြသည်။ အီရတ်နိုင်ငံ၏ အစီရင်ခံစာများတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသူများမှ ငယ်ရွယ်သော မိန်းကလေးငယ်များအား ကူညီထောက်ပံ့မှုပေးသည့်အတွက် အီစလမ်မစ်နိုင်ငံဖြစ်သော အီရတ်နှင့် ဆီးရီးယားနိုင်ငံသည် အသက်ကြီးသော ရာဇဒီ အမျိုးသမီး ထောင်သောင်းများစွာအား သတ်ဖြတ်ခဲ့သည်ဟူ၍ မီးမောင်းထိုးဖော်ပြထားသည်။ ထို့ပြင် အသက် ၄၀နှစ် နှင့်အထက်ရှိသော အမျိုးသမီးများအား လိင်ကျွန်များအဖြစ် ရောင်းစားနိုင်ခြင်း/ ဝယ်ယူနိုင်ခြင်း မရှိသောကြောင့် ထိုအသက်အရွယ်ရှိ အမျိုးသမီးများသည်လည်း သတ်ဖြတ်ခံခဲ့ကြရသည်။[40] ဘာကင်နာ ဖာဆိုရှိ စုန်းကဝေအတတ် အသုံးပြုသည်ဟု စွပ်စွဲခံရသော သက်ကြီးအမျိုးသမီးများသည် ရပ်ရွာအသိုင်းအဝိုင်း၏ ဖယ်ကျဉ်ထားခံရခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတွင် သိသိသာသာ အကျိုးဆက်ဆိုးများ ဖြစ်စေကြောင်း စစ်တမ်းတစ်ခုက ဖော်ပြထားသည်။ ၎င်းစစ်တမ်းတွင် ၅၅% သော အမျိုးသမီးများက ထိုကဲ့သို့ စွပ်စွဲခံရချိန်တွင် ၎င်းတို့တွင် ချက်ချင်းဖြစ်ပေါ်လာသော အတွေးမှာ မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်းသာ ဖြစ်ကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။[41]

[40] သက်ကြီးအမျိုးသမီးများဆိုင်ရာ VAWG အရင်းအမြစ်၊ p. 8.

[41] သက်ကြီးအမျိုးသမီးများဆိုင်ရာ VAWG အရင်းအမြစ်၊ p. 9.

## အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ

ကမ္ဘာတစ်ဝန်းတွင် ခန့်မှန်းချေအားဖြင့် ၁၅% သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များတွင် မသန်စွမ်းမှုများ ရှိကြသည်။[42] ပဋိပက္ခ သို့မဟုတ်/နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုအား အကန့်အသတ်ဖြင့်သာ ရယူနိုင်ခြင်းတို့မှ အသစ်သော မသန်စွမ်းမှုများ ရရှိစေသည့် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများတွင် ၎င်းသည် တိုး၍ ထင်ရှားလာသည်။ အသက်အရွယ်အလိုက် အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့၏ ဘဝတစ်သက်တာတွင် ဖြစ်ပွားသည့် အကြောင်းအရာများ၏ ၈၀% ကျော် မြင့်မားသော နှုန်းထားဖြင့် အကြမ်းဖက်မှုနှင့် အလွဲသုံးစားပြုခြင်းတွင် ပစ်မှတ်ထားခံနေရသည်။[43] လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများတွင် အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ထိခိုက်အန္တရာယ်မှ သူတို့ကိုယ်သူတို့ ကာကွယ်နိုင်ရန်အတွက် ထပ်ဆောင်း ကျရောက်လာသော အတားအဆီးများကို ကြုံတွေ့နေရကာ အသက်ရှင်သန်ရန်အတွက် အခြားသူများအား ပို၍ မှီခိုနေရပြီး လူသိနည်းလာခြင်းနှင့် လုပ်ဆောင်နိုင်စွမ်းများ နည်းလာကြသည်။[44]

> အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့တွင်ရှိသော မသန်စွမ်းမှုကြောင့် ပို၍ ထိခိုက်လွယ်သည် မဟုတ်သော်လည်း သူတို့အား အများနှင့်မတူဘဲ ကွဲပြားခြားနားသည်ဟု ထင်မှတ်ခံရခြင်း၊ အဆင့်အတန်းနှင့် အာဏာမရှိခြင်း၊ ဖယ်ကျဉ်ထားခံရခြင်း၊နှင့် ထိုကဲ့သို့သော အချက်များကြောင့် အကြမ်းဖက်မှုများတွင် တိုက်ရိုက် ပစ်မှတ်ထားခံရပါသည်။

သတင်းအချက်အလက်များ ရယူရာတွင် အခက်အခဲများရှိခြင်း၊ လွတ်လပ်စွာ ရွေ့လျားသွားလာရန် အထောက်အကူပြုသည့် ပစ္စည်းကိရိယာများ ဆုံးရှုံးခြင်း၊ မိသားစုနှင့် ကွဲကွာခြင်းတို့ကြောင့် အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများတွင် အဟန့်အတားများနှင့် အန္တရာယ်များ ပို၍ မြင့်မားစွာ တွေ့ကြုံနေရသည်။ ပဋိပက္ခဒဏ်သင့်နေသော မည်သည့် ရပ်ရွာအသိုင်းအဝိုင်းရှိ လူမှုရေးဆိုင်ရာ ဖယ်ကျဉ်ထားသော မည်သည့် အုပ်စုများတွင်မဆို ၎င်းတို့သည် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း ခံရနိုင်ချေ ပိုရှိကြသည်။ မြောက်မြားစွာသော လူမှုရေး၊ အသိုင်းအဝိုင်း ပတ်ဝန်းကျင်နှင့် ဆက်သွယ်ရေးဆိုင်ရာ အဟန့်အတားများကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသည့် အစီအစဉ်များတွင် ပါဝင်ရန် ၎င်းတို့တွင် အခက်အခဲများရှိလိမ့်မည်။

အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် မသန်စွမ်းမှုနှင့် ကဏ္ဍပေါင်းစုံမှ ကျား/မရေးရာ မမျှတမှုသည် အထူးသဖြင့် ၎င်းတို့ကို GBV ကြုံတွေ့စေရန် ထိခိုက်လွယ်သည့် အခြေအနေသို့ ရောက်စေသည်။ မြောက်ပိုင်း ကော်ကေးဆပ် ပြည်နယ်၊ ဂျော်ဒန် ပြည်နယ်၊ အီသီယိုးပီးယား နှင့် ဘူရွန်ဒီ ပြည်နယ်တို့တွင် မသန်စွမ်းသူများအား ပါဝင်စေခြင်းဆိုင်ရာ ၂၀၁၅ ခုနှစ်၏ အစီရင်ခံစာတွင် စီမံကိန်းဝင် ရွာများတွင် ပြုလုပ်သော ဦးတည်အုပ်စု ဆွေးနွေးခြင်းတွင် တင်ပြအစီရင်ခံလာသော GBV အမျိုးအစားထဲတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် အများဆုံး တွေ့ရလေ့ရှိသည်ဟု ဖော်ပြထားသည်။ ထို့ပြင် အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့်

---

[42] အေဂျင်စီများအကြား GBV ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ။ p. 139. https://gbvresponders.org/response/gbv-case-management/

[43] သက်ကြီးအမျိုးသမီးများဆိုင်ရာ VAWG အရင်းအမြစ်၊ pg. 7-8.

[44] IRC/WRC ၂၀၁၅။ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများ၌ ကျား/မ အခြေပြု အကြမ်းဖက်မှု အစီအစဉ်များ ဖော်ဆောင်ရာတွင် မသန်စွမ်းသူများအားလုံး ပါဝင်နိုင်အောင် စွမ်းရည်မြင့်တင်ပေးခြင်း - GBV ကို လက်တွေ့ အကူအညီပေးနေသူများအတွက် ကိရိယာပုံစံတစ်စုံ။ p. 5. https://gbvresponders.org/response/disability-inclusion-2/

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

မိန်းကလေးငယ် အချို့ကလည်း ၎င်းတို့သည် အဓမ္မပြုကျင့်ခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင် ကျူးလွန်သူများမှ ပုံမှန် ထပ်တလဲလဲ ပစ်မှတ်ထားခံနေရကြောင်းလဲ ဖွင့်ဆိုထားသည်။ မိသားစုနှင့် ဝန်ဆောင်မှုပေးသူများသည် ၎င်းတို့မှ ကိုယ်ဝန်ဆောင်လာချိန်တွင်သာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံခဲ့ရကြောင်း စတင်သတိပြုမိလိမ့်မည်။[45] အသက်အရွယ်နှင့် မသန်စွမ်းမှု နှစ်မျိုးလုံးကြောင့် 'နှစ်လိုဖွယ်နည်းသည်' ဟု သတ်မှတ်မခံရမီတွင် အတင်းအဓမ္မ လက်ထပ်ထိမ်းမြားစေရန် ဖိအားပေးခံရနိုင်သော မသန်စွမ်း မိန်းကလေးငယ်များသည် ၎င်းတို့အကြားတွင် အရွယ်မတိုင်ခင် လက်ထပ်ထိမ်းမြားစေခြင်း ဖြစ်ရပ်များ ရှိသည်ကို အစီရင်ခံလာကြသည်။[46] မသန်စွမ်းသော လွတ်မြောက်လာသူများသည် ဖွင့်ဟပြောဆိုရန် ၎င်းတို့ ရင်ဆိုင်နေရသော ထပ်ဆောင်း အဟန့်အတားများကြောင့် အကြမ်းဖက်မှုကို အစီရင်ခံရန် တစ်လထက်ပို၍ စောင့်ဆိုင်းရတတ်သည်။[47]

အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် GBV ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများ ရယူရာတွင် ထူးခြားသော အဟန့်အတား အချို့ ရင်ဆိုင်ရနိုင်သည်။ ၎င်းတွင် -

- **ရုပ်ပိုင်းဆိုင်ရာ။** ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားများသည် လူလုပ်သော သို့မဟုတ် သဘာဝအရ ဖြစ်သော အဟန့်အတားများဖြစ်နိုင်သည်။ ဘုံတူညီသော အဟန့်အတားများတွင် ကျဉ်းမြောင်းသော တံခါးများ သို့မဟုတ် လူသွားလမ်းများ၊ လှေကားများ၊ အလွှာ/အထပ် အပြောင်းအလဲများ၊ မညီညာသော သို့မဟုတ် မတ်စောက်သော လျှောက်လမ်းဆင်ခြေလျှောများ၊ အသုံးပြုရန် မသင့်လျော်သော အများသုံးအိမ်သာများ၊ ထင်းခွေ ရေခပ်မည့်နေရာ၊ ဝန်ဆောင်မှုများ ရယူမည့်နေရာ ဝေးလံလွန်းခြင်း၊ အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများ အပါအဝင် အစားအသောက်ဖြန့်ဖြူးသည့်နေရာ ဝေးကွာလွန်းခြင်းတို့ ပါဝင်သည်။ ဤကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား လိုအပ်သော ဝန်ဆောင်မှုများ ရယူခြင်း သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းတွင် ပြည့်ဝစွာ ပါဝင်လုပ်ဆောင်နိုင်ရန် ဟန့်တားထားပါသည်။ ဝန်ဆောင်မှုများ ရယူရန် ကုန်ကျစရိတ်များ သို့မဟုတ် သယ်ယူပို့ဆောင်ရေး မရှိခြင်း၊ ဝေးကွာလွန်းခြင်းတို့ကြောင့် GBV ဆိုင်ရာ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများသည် ရုပ်ပိုင်းဆိုင်ရာအရ လက်လှမ်းမမီနိုင်ခြင်းကို ဖြစ်စေနိုင်သည်။ ထို့အပြင် ဘီးချဲအသုံးပြုရသူများ သို့မဟုတ် လွတ်လပ်စွာ သွားလာနိုင်ရန် ခက်ခဲသော အခြားသူများအတွက် ဆေးခန်းများနှင့် အမျိုးသမီး စင်တာများသို့ သွားရောက်ရန် ခက်ခဲနိုင်သည်။ ၎င်းသည် အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသို့ ဝန်ဆောင်မှုများသည် သူတို့အတွက် မဟုတ်ကြောင်း သတင်းစကားများ ပျံ့နှံ့စေနိုင်သည်။
- **ဆက်သွယ်ရေး။** GBV တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုအကြောင်း သတင်းအချက်အလက်သည် အမြင်၊ အကြားနှင့် လူမှု-စိတ်ပိုင်းဆိုင်ရာ/ ဆင်ခြင်တုံတရားတွင် ချို့ယွင်းသူများ အပါအဝင် မသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အဆင်ပြေစေနိုင်သည့် ပုံစံများဖြင့် ဖော်ပြထားခြင်း မရှိချေ။ ရလာဒ်အားဖြင့် မသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အထူးသဖြင့် ဆင်ခြင်တုံတရားတွင် ချို့ယွင်းသူများသည် အလွဲသုံးစားပြုခြင်း ဖြစ်ပွားချိန်တွင် မမှတ်မိနိုင်၍ မည်သည့်နေရာတွင် အကူအညီတောင်းခံရမည်ကိုလည်း မသိရှိနိုင်ပါ။ ထို့အပြင် GBV ဆိုင်ရာ အကူအညီပေးသူများသည်။

[45] IRC/WRC ၂၀၁၅။ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများ၌ ကျား/မ အခြေပြု အကြမ်းဖက်မှု အစီအစဉ်များ ဖော်ဆောင်ရာတွင် မသန်စွမ်းသူများအားလုံး ပါဝင်နိုင်အောင် စွမ်းရည်မြင့်တင်ပေးခြင်း - GBV ကို လက်တွေ့ အကူအညီပေးနေသူများအတွက် ကိရိယာပုံစံတစ်စုံ။ p. 5. https://gbvresponders.org/response/disability-inclusion-2/

[46] IRC/WRC ၂၀၁၅။ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများ၌ ကျား/မ အခြေပြု အကြမ်းဖက်မှု အစီအစဉ်များ ဖော်ဆောင်ရာတွင် မသန်စွမ်းသူများအားလုံး ပါဝင်နိုင်အောင် စွမ်းရည်မြင့်တင်ပေးခြင်း - GBV ကို လက်တွေ့ အကူအညီပေးနေသူများအတွက် ကိရိယာပုံစံတစ်စုံ။ p. 5. https://gbvresponders.org/response/disability-inclusion-2/

[47] IRC/WRC. 2015.

တစ်ဦးချင်းစီတွင်ရှိသော မတူညီသည့် ဆက်သွယ်ရေး ပုံစံများကို သတိပြုမိရန် လိုအပ်၍ ထိုကဲ့သို့သော မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များတွင် ရှိသော ထူးခြားသည့် ဆက်သွယ်ရေး ပုံစံများ၏ လိုအပ်ချက်များကို ဖြည့်တင်းပေးရမည်။ ထိုကဲ့သို့သော အမျိုးသမီးများ/မိန်းကလေးငယ်များ၏ ဘာသာစကားအား အဓိပ္ပါယ်ဖော်ထုတ်ရန် အာရုံစူးစိုက်မှုနှင့် အချိန်ပေးရာတွင် အကြမ်းဖက်မှုတွင် မပါသော မိသားစုဝင်/သူငယ်ချင်းများ၏ အကူအညီ လိုအပ်နိုင်သည်။

- **အုပ်ထိန်းသူများနှင့် ဆက်ဆံရေး။** အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အကူအညီများနှင့် ဝန်ဆောင်မှုများ ရယူနိုင်ရန်အတွက် အခြားသော မိသားစုဝင်များ သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များအပေါ် မှီခိုရနိုင်သည်။ ၎င်းသည် ဝန်ဆောင်မှုများအား လျှို့ဝှက်ထိန်းသိမ်းမှု ရှိစွာ ရယူရာတွင် သူတို့အတွက် အခက်အခဲဖြစ်စေသည်။ အကယ်၍ အုပ်ထိန်းသူသည် ကျူးလွန်သူဖြစ်နေပါက အကူအညီ ရယူရာတွင် သူမအတွက် ပို၍ ခက်ခဲစေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ နေ့စဉ် လိုအပ်ချက်များ၊ သွားလာရေး၊ ဆက်သွယ်ရေးများအတွက် သူမအနေဖြင့် အုပ်ထိန်းသူအား မှီခိုနေရသောကြောင့် ဖြစ်သည်။
- **ယုံကြည်မှု မခံရမည်ကို ကြောက်ရွံ့ခြင်း။** GBVမှ လွတ်မြောက်လာသူအားလုံးကဲ့သို့ပင် ပြုစုစောင့်ရှောက်မှုပေးရာတွင် ဖြစ်လေ့ရှိသော ဘုံအခက်အခဲမှာ လွတ်မြောက်လာသူသည် သူမအား မယုံကြည်မည်ကို ကြောက်ရွံ့ခြင်းပင်ဖြစ်သည်။ ၎င်းသည် မသန်စွမ်းသော လွတ်မြောက်လာသူများအတွက် ပို၍ ဆိုးရွားစေသည်။ အထူးသဖြင့် နားလည်သဘောပေါက်နိုင်စွမ်းနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းကို မေးခွန်းထုတ်နိုင်သော ဆင်ခြင်တုံတရားတွင် ချို့ယွင်းသူများတွင် ပို၍ ဆိုးရွားနိုင်သည်။ ယင်းကဲ့သို့သော လွတ်မြောက်လာသူများသည် သူမမှ အခြားတစ်ယောက်အား ပြောပြပါက သူမအား မယုံကြည်မည်ကို ကြောက်ရွံ့လာနိုင်သည်။ ၎င်းသည် သူမအား နောက်ထပ် အန္တရာယ်များကို ကြုံတွေ့စေနိုင်သည်။
- **အခြားနည်းဖြင့် သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ စွမ်းရည်အပေါ် ခံယူချက်များ။** အထူးသဖြင့် လွတ်မြောက်လာသူသည် လူမှု-စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဆင်ခြင်တုံတရားတွင် ချို့ယွင်းချက်ရှိပါက လူတို့သည် မသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ အကြမ်းဖက်မှုအကြောင်းကို ဖွင့်ဟပြောဆိုလာချိန်တွင် သူတို့အား မယုံကြည်ခြင်း သို့မဟုတ် နားမထောင်ပေးခြင်းတို့ ပြုလုပ်နိုင်သည်။ ထို့အပြင် မသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အသစ်သော စွမ်းရည်များ သို့မဟုတ် ရွယ်တူ ကွန်ယက်များ တည်ဆောက်နိုင်ရန်၊ အကြမ်းဖက်မှု၊ လိင်နှင့် ကျန်းမာသောဆက်ဆံရေးအကြောင်း လေ့လာရန် အခွင့်အလမ်းများမှ ဖယ်ကျဉ်ခံရနိုင်သည်။ ထို့အပြင် ၎င်းတို့သည် ရင်းနှီးသော ဆက်ဆံရေးများတွင် အင်အား/အာဏာနှင့် ပတ်သက်၍ ညှိနှိုင်းရန် စွမ်းရည်မရှိခြင်း သို့မဟုတ် အဓမ္မပြုကျင့်ခြင်း၊ အလွဲသုံးစားပြုခြင်းနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရခြင်းအတွက် ပစ်မှတ်ထားခံရနိုင်သည်။

## မတူကွဲပြားသော လိင်စိတ်ခံယူချက် တိမ်းညွတ်မှု နှင့် ကျား/မရေးရာဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ

မတူကွဲပြားသော လိင်စိတ်ခံယူချက် တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းသည် ကမ္ဘာအနှံ့ ပျံ့နှံ့နေကာ နေရပ်စွန့်ခွာခြင်းနှင့် အကျပ်အတည်းကာလများတွင် တိုးမြင့်ဖြစ်ပေါ်နေသည်။ မတူကွဲပြားသော လိင်စိတ်ခံယူချက် တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် စနစ်ကျသော မမျှတမှုနှင့် အကြမ်းဖက်ခြင်း၊ အမျိုးသားများ ကြီးစိုးအုပ်ချုပ်သော၊ လိင်တူချစ်သူများနှင့် လိင်ပြောင်းထားသူများအား ရွံမုန်းကြောက်ရွံ့သော လူမှုရေး စံသတ်မှတ်ချက်များအပေါ် အခြေခံသော ရှုပ်ထွေးသည့် အန္တရာယ်များနှင့် အဟန့်အတားများကို ရင်ဆိုင်နေရသည်။ မတူကွဲပြားသော လိင်စိတ်ခံယူချက် တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့၏ ဒေသတွင်း အခြေအနေကို ပို၍ လုံခြုံရန် လုပ်ဆောင်ရာတွင် အထောက်အပံ့ပေးမည့် ကွန်ယက်များနှင့် မဟာဗျူဟာများကို တည်ထောင် ချမှတ်နိုင်သည်။ ယင်းကွန်ယက်များနှင့် နည်းဗျူဟာများသည် နေရပ်စွန့်ခွာရခြင်းကြောင့် ပျက်စီးဆုံးရှုံးသွားကာ ၎င်းတို့အား GBV ရင်ဆိုင်ခံစားရစေရန် အန္တရာယ်မြင့်မားစေသည်။ လူသားချင်းစာနာမှုဆိုင်ရာ ဝန်ဆောင်မှုများသည် ရံဖန်ရံခါတွင် လိင်ကွဲဗဟိုပြုခြင်း ဖြစ်ကာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ပါဝင်လုပ်ဆောင်စေချိန်တွင် အမျိုးသားလက်တွဲဖော်များ သို့မဟုတ် အမျိုးသား ဦးဆောင်သောအိမ်ထောင်စု၏ ထင်မြင်ယူဆချက်အပေါ် အခြေခံပြီး ဝန်ဆောင်မှုများ ပေးလေ့ရှိသည်။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသူများသည် လိင်တူချစ်သူများ သို့မဟုတ် လိင်ပြောင်းလဲထားသူများအား အလွန်ကြောက်ရွံ့မုန်းတီးသူများ ဖြစ်နေနိုင်၍ ဝန်ဆောင်မှုများ ရယူခြင်းမှ မတူကွဲပြားသော လိင်စိတ်ခံယူချက် တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား သိသိသာသာ ဖယ်ကျဉ်ထားနိုင်သည်။

မတူကွဲပြားသော လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့၏ လိင်စိတ်ခံယူချက် တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာများကြောင့် အရင်းအမြစ်များ၊ ဝန်ဆောင်မှုများနှင့် အခွင့်အလမ်းများမှ ငြင်းပယ်ခံရခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားချက်ဆိုင်ရာ အလွဲသုံးစားပြုကျင့်ခြင်း၊ အတင်းအဓမ္မ လက်ထပ်စေခြင်း၊ ခင်မင်ကျွမ်းဝင်သူမှ အကြမ်းဖက်ခြင်း၊ နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင် GBV ပုံစံများ အားလုံးဖြင့် မကြာခဏဆိုသလို ပစ်မှတ်ထားခံနေရသည်။ လိင်တူလိင်ကွဲ နှစ်မျိုးလုံးကို စိတ်ဝင်စားသော၊ လိင်ပြောင်းလဲထားသော၊ ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြုမူသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့၏ လိင်စိတ်ခံယူချက် တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာများကို မိသားစုဝင်များ၊ အသိုင်းအဝိုင်းများ၊ ဝန်ဆောင်မှုပေးသူများမှ လက်ခံမှု မရှိခြင်းကြောင့် ဝန်ဆောင်မှုရယူရာတွင် ကြီးမားသော စိတ်ဒဏ်ရာ ရရှိနိုင်သည်။ လူမှုအသိုင်းအဝိုင်းမှ ဖယ်ကျဉ်ထားခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကို လိုက်လျောညီထွေ တုံ့ပြန်ရန်အတွက် မတူကွဲ ြပားသော လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့၏ ဝိသေသလက္ခဏာများအား ဖုံးကွယ်ထားနိုင်၍ အကူအညီရှာဖွေရာတွင် သို့မဟုတ် သူတို့လိုအပ်သော အကူအညီပေးသူများအား ဖွင့်ထုတ်ပြောဆိုမည် မဟုတ်ပေ။

လိင်၊ လိင်စိတ်တိမ်းညွှတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာသည် အခြေခံကျသော လူသားတစ်ယောက်၏ ပင်ကိုလက္ခဏာများ ဖြစ်သည်။ ဖိနှိပ်ညှင်းဆဲမှု သို့မဟုတ် ခွဲခြားဆက်ဆံမှုကို မကြောက်မရွံ့ဘဲ တစ်ဦးတစ်ယောက်သည် သူ၏ လိင်၊ လိင်စိတ်တိမ်းညွှတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာကို ထုတ်ဖော်နိုင်ခွင့်သည် လူ့ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ခြင်းတွင် အခြေခံကျသော အချက်ဖြစ်သည်။

မတူကွဲပြားသော လိင်စိတ်တိမ်းညွှတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လုပ်ဖော်ကိုင်ဖက်များ၊ မိသားစုဝင်များ၊ အိမ်နီးချင်းများ၊ သို့မဟုတ် ခင်မင်ကျွမ်းဝင်သူများမှ သူတို့အပေါ် ကျူးလွန်သော လူမှုဆက်ဆံရေးဆိုင်ရာ အကြမ်းဖက်မှုကို ပုံစံအမျိုးအမျိုးဖြင့် ရင်ဆိုင်ရနိုင်သော အန္တရာယ် မြင့်မားစွာ ရှိနေသည်။ မိသားစုအဆင့်တွင် မတူကွဲပြားသော လိင်စိတ်တိမ်းညွှတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းသည် ဖော်ပြပါ ရင်းမြစ်များနှင့် ချိတ်ဆက်နေသော အချက်သုံးချက်မှ ဆင်းသက်လာနိုင်ချေရှိသည်။ ၁) ထိမ်းမြားလက်ထပ်၍ လိင်ကွဲချစ်ခင်သူ ဘဝဖြင့် နေထိုင်ရန် ပြင်းထန်သော ဖိအားပေးခြင်း။ ၂) တင်းကျပ်စွာ ချမှတ်ထားသော ကျား/မရေးရာ စံသတ်မှတ်ချက်များအရ ရှန့်ရင်းကြမ်းတမ်းသော မိသားစုဝင်များမှ လိင်ကွဲဗဟိုပြုသော အပြုအမူကို အတင်းအကျပ် ပြုမူစေရန် ကြိုးပမ်းခြင်းနှင့်၊ ၃) မိသားစုနှင့် ရပ်ရွာအသိုင်းအဝိုင်း အရင်းအမြစ်များထံမှ လူမှုရေးဆိုင်ရာ ဖယ်ကျဉ်ခြင်းနှင့် အဆက်အသွယ်ဖြတ်ခြင်းတို့ဖြစ်သည်။[48] အမျိုးသမီးများအား ‘အမှန်ပြင်ဆင်တတ်ရန်အတွက် အဓမ္မပြုကျင့်ခြင်း’ ဟူသည်မှာ ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြုမူသော သို့မဟုတ် လိင်တူလိင်ကွဲ နှစ်မျိုးလုံးအား စိတ်ဝင်စားသော အမျိုးသမီးတစ်ယောက်အား အမျိုးသားတစ်ယောက် သို့မဟုတ် အမျိုးသားများဖြင့် အတင်းအဓမ္မ ကာမစပ်ယှက်စေကာ သူမ၏ လိင်ခံစားမှုကို ‘ကုသရန်’ လုပ်ဆောင်သည့် အလေ့အထတစ်ခုဖြစ်သည်။ မတူကွဲပြားသော လိင်စိတ်တိမ်းညွှတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ကျူးလွန်သည့် GBV သည် ဆန့်ကျင်ဖက်လိင် အမျိုးသားများ၏ လူမှုရေးအရ ကြီးစိုးသော အနေအထားတစ်ခုကို ထိန်းသိမ်းရန် ရည်ရွယ်သည်။[49]

ခွဲခြားဆက်ဆံမှုရှိသည့် ဥပဒေများသည် ရံဖန်ရံခါတွင် လိင်နှင့် ကျား/မရေးရာ ကွဲထွက်သော အပြုအမူကို ပြစ်မှုမြောက်စေသည်။ ယင်းဥပဒေများ၏ အကျိုးသက်ရောက်မှုတွင် လိင်တူဆက်ဆံရေးများကို ပြစ်မှုအဖြစ် သတ်မှတ်ကာ အရေးယူခြင်း၊ ရပ်ရွာအသိုင်းအဝိုင်းမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား လိင်တူဆက်ဆံရေးများအတွက် ခြိမ်းခြောက် အကျပ်ကိုင်ကာ ရဲများထံ သတင်းပို့စေခြင်း၊ ရဲများ၏ အတင်းအကျပ် ခြိမ်းခြောက်၍ ငွေညစ်ခြင်းနှင့် အကြမ်းဖက်ခြင်း၊ သို့မဟုတ် အကျပ်ကိုင်ခြင်းတို့တွင် အမျိုးသမီးများနှင့်

**နာမ်စားများ။** ။ နာမ်စားတစ်ခုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦး စကားပြောခြင်း (ကျွန်ုပ် သို့မဟုတ် သင်) သို့မဟုတ် တစ်စုံတစ်ယောက်၊ တစ်စုံတစ်ခုက ပြောဆိုခြင်းခံရလျှင် (သူမ၊ သူ၊ ၎င်း၊ သူတို့ သို့မဟုတ် ထိုဟာ) ရည်ညွှန်းသည့် စကားလုံးတစ်လုံးဖြစ်သည်။ ကျား/မရေးရာ ခံယူချက် ပြောင်းလဲထားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ခေါ်ဝေါ်သော နာမ်စားသည် သူတို့၏ ကျား/မရေးရာ ဝိသေသလက္ခဏာအပေါ် အခြားသူများ၏ သဘောထားအမြင် သို့မဟုတ် မွေးဖွားချိန်၌ သတ်မှတ်သော လိင်နှင့် ကိုက်ညီမှုမရှိခဲ့ချိန်တွင် သူတို့က အခက်အခဲ ကြုံတွေ့ရသည်။ ဥပမာအားဖြင့် ကျား/မရေးရာ ခံယူချက် ပြောင်းလဲထားသော အမျိုးသမီးတစ်ဦးအား သူမ၏ ကျား/မရေးရာ ဝိသေသလက္ခဏာကို နားမလည်သောသူများ သို့မဟုတ် သူမအား ဖြည်းဖြည်းချင်း ထိခိုက်နစ်နာစေလိုသူများ၊ သူမသည် အမျိုးသမီးအဖြစ် မိမိကိုယ်ကို သတ်မှတ်ထားကာ ‘သူမ’ ဟူသော နာမ်စားကို ကြိုက်နှစ်သက်သည်ကို သတိမမူမိသူများမှ ‘သူ’ ဟု ခေါ်ဆိုနိုင်သည်။

**သတိချပ်ရန်။** တစ်ဦးတစ်ယောက်၏ နာမ်စား(များ)ကို လေးစားစွာ ခေါ်ဝေါ်ခြင်းသည် အားလုံးပါဝင်ဆောင်ရွက်ခြင်း၏ ရိုးရှင်းသော လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။

[48] VAWG အရင်းအမြစ်၊ GM, p. 5.
[49] VAWG အရင်းအမြစ်၊ GM, p. 6.

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

မိန်းကလေးငယ်များအား ပစ်မှတ်ထား ခံရနိုင်သည့် အန္တရာယ်များ တိုးမြင့်စေသည်။ မိသားစုတွင်းရှိ ခွဲခြားဆက် ဆံသော ဥပဒေများ သို့မဟုတ် ခွဲခြားဆက်ဆံသော တရားမဥပဒေများသည် မတူကွဲပြားသော လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသ လက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လူမှုဖူလုံရေးကို သက်ရောက်မှုရှိစေနိုင်သည်။ ဥပမာအားဖြင့် ယင်းတွင် ပြည်နယ်တစ်ခု၏ မိသားစုနှင့် လက်ထပ် ထိမ်းမြားခြင်း အဓိပ္ပါယ်ဖွင့်ဆိုချက်များပါဝင်သည်။ ထို့ပြင် ပြည်နယ်မှ သတ်မှတ်ထားသော တရားဝင် စာရွက်စာတမ်းများတွင် တစ်စုံတစ်ဦး၏ မွေးရာပါ သတ်မှတ်ထားသော လိင်ကို ပြောင်းလဲရန် လုပ်ဆောင်နိုင်စွမ်းတွင်လည်း သက်ရောက်မှုရှိစေသည်။[50]

မတူကွဲပြားသော လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ပွင့်လင်းစွာ နေထိုင်ရန် သို့မဟုတ် သူငယ်ချင်းများ၊ မိသားစုဝင်များနှင့် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များထံတွင် ဖွင့်ဟဝန်ခံရန်အတွက် တစ်မူထူးခြားသော အခက်အခဲများ ရင်ဆိုင်ရနိုင်သည်။ အကယ်၍ သူတို့၏ ဝိသေသလက္ခဏာများအား ဖွင့်ထုတ်လိုက်လျှင် ဖြစ်ပေါ်လာမည့် ဆန့်ကျင်သော အပြုအမူများ၊ ဖယ်ကျဉ်မှုများ သို့မဟုတ် အကြမ်းဖက်မှုများကို ကြောက်ရွံ့ကြသည်။ GBV ဝန်ဆောင်မှုပေးသူများမှ အားလုံးကို ပါဝင်လုပ်စေ၍ နွေးထွေး ပွင့်လင်းစွာ ကြိုဆိုခြင်းများ မပြုလုပ်လျှင် GBV အစီအစဉ် လုပ်ရှားမှုများ သို့မဟုတ် အမျိုးသမီးများ၊ မိန်းကလေးငယ်များအတွက် လုံခြုံသော နေရာများတွင် သူတို့အား မကြိုဆိုမည်ကို ကြောက်ရွံ့၍ တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများ ရယူချိန်တွင် ၎င်းတို့မှ တူညီသော အခက်အခဲများ ရင်ဆိုင်ရနိုင်သည်။ GBV ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုသည် လိင်ကွဲဗဟိုပြုစံကို လက်ကိုင်ထားကာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ဆန့်ကျင်ဖက်လိင်ကို စိတ်ဝင်စားသူများ သို့မဟုတ် လိင်နှင့် ဂျဲန်ဒါ ထပ်တူကျသူများသာ ဖြစ်သည်ဟု မှတ်ယူပါက ၎င်းတို့သည် ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြုမူနေထိုင်သော၊ လိင်တူ၊ လိင်ကွဲနှစ်မျိုးလုံးအား စိတ်ဝင်စားသော၊ လိင်ပြောင်းလဲထားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား မလွှဲမသွေ အခက်အခဲများ ကျရောက်စေပါသည်။ ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြုမူနေထိုင်သော၊ လိင်တူ၊ လိင်ကွဲနှစ်မျိုးလုံးအား စိတ်ဝင်စားသော၊ လိင်ပြောင်းလဲထားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ပညာရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၊ လူမှုရေးဆိုင်ရာ ထောက်ပံ့ထားပေးသော ကွန်ယက်များအား လျော့ကျစေကာ ၎င်းတို့၏ မိသားစုဝင်များ၊ ရပ်ရွာအသိုင်းအဝိုင်းထံမှ ပြင်းထန်စွာ ငြင်းပယ်မှုနှင့် GBV အန္တရာယ်ကို မြင့်မားစွာ တွေ့ကြုံရသည်။ သူတို့၏ GBV ဝန်ဆောင်မှုများအား မြင့်မားစွာ လိုအပ်မှု၊ အခြားနည်းဖြင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ မရှိခြင်း၊ နှင့် တစ်ဦးချင်းစီ၏ ကျွမ်းကျင်လိမ္မာမှုကို ကျဆင်းစေခြင်းတို့သည် GBV တုံ့ပြန်ဆောင်ရွက်ခြင်း အစီအစဉ်တွင် ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြုမူနေထိုင်သော၊ လိင်တူ၊ လိင်ကွဲနှစ်မျိုးလုံးအား စိတ်ဝင်စားသော၊ လိင်ပြောင်းလဲထားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကြိုဆိုကာ အားလုံးပါဝင်စေရန် အရေးကြီးစေသည်။

ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြုမူနေထိုင်သော၊ လိင်တူ၊ လိင်ကွဲနှစ်မျိုးလုံးအား စိတ်ဝင်စားသော၊ လိင်ပြောင်းလဲထားသူများနှင့် အခြားသော မတူကွဲပြားသည့် လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာရှိသူများသည် ကမ္ဘာတစ်ဝန်းတွင် ရုပ်ပိုင်းဆိုင်ရာနှင့် လူမှု-စိတ်ပိုင်းဆိုင်ရာ ရက်စက်သော အကြမ်းဖက်မှုများ၌ ပစ်မှတ်ထားခံနေရသည်။ ကျွန်ုပ်တို့သည် မတော်မတရား ပြုကျင့်ခြင်း၊ အနှောင့်အယှက်ပေးခြင်း နှင့် အခြားသော အကြမ်းဖက်မှုများတွင် ပစ်မှတ်ထားခံနေရကာ မကြာခဏပင်လျှင် ၎င်းတို့သည် 'ဂုဏ်သိက္ခာ'၊ 'ယဉ်ကျေးမှု'၊ 'မိသားစုများနှင့် တိုင်းပြည်များ' ဟူသော အသွင်အောက်တွင် ဖုံးကွယ်ထားခံနေရသည်။ Nabulivou, N. (၂၀၁၃)။ *ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြုမူသူ၊ လိင်တူလိင်ကွဲနှစ်မျိုးလုံးအား စိတ်ဝင်စားသူ၊ နှင့် လိင်ပြောင်းလဲထားသူများ ကော်မတီကိုယ်စား ကြေငြာချက်။ အမျိုးသမီးများ အဆင့်အတန်းဆိုင်ရာ ကော်မရှင်၊ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကောင်စီ။ 1*

[50] VAWG အရင်းအမြစ်၊ GM, p. 6.

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

မတူကွဲပြားသော လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာ ရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ရင်ဆိုင်ရနိုင်သော စိန်ခေါ်မှုများတွင် အောက်ပါတို့ ပါဝင်သည်။

- ရဲများနှင့် အခြားသော အရာရှိများ၏ ပစ်မှတ်ထားခြင်းကြောင့် အာဏာပိုင်များအား ယုံကြည်မှုမရှိခြင်း။
- အကယ်၍ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအား ၎င်းတို့၏ အခြေအနေအား မျှဝေသည်ကို မိသားစုများမှ သိရှိသွားမည်ကို ကြောက်ရွံ့မှု။
- လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး လုပ်သားများမှ သူတို့အကြောင်းကို ထင်မြင်ယူဆချက်ပေးခြင်း သို့မဟုတ် ခွဲခြားဆက်ဆံမည်ကို ကြောက်ရွံ့ခြင်း။
- သူတို့၏ ဝိသေသလက္ခဏာကို မျှဝေထုတ်ဖော်ခြင်းသည် သူတို့အား ပြန်လည်နေရာချထားခြင်းမှ ပိတ်ပင်ခံရနိုင်ခြင်း သို့မဟုတ် သူတို့၏ ဖြစ်ရပ်ကို ဖြေရှင်းပေးရန် နှောင့်နှေးစေသည် ဟူသော ယုံကြည်မှုတစ်ခု။
- အကယ်၍ ၎င်းတို့၏ ဖြစ်တည်မှုကို NGO များ၊ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဝေမျှခြင်း မရှိပါက အခွင့်အရေးများ သို့မဟုတ် လှုပ်ရှားမှုများအကြောင်း သတင်းအချက်အလက်များနှင့် ဒေသတွင်း ရရှိနိုင်သော အရင်းအမြစ်များ မရယူနိုင်ခြင်း။[51]

[51] IOM/UNHCR, ၂၀၁၅။ p. 16.

## မတူကွဲပြားသော လူမျိုးစုနှင့် ဘာသာရေးတွင် ပေါင်းစည်းဆက်နွယ်မှုရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ

အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုတွင် မကြာခဏဆိုသလို မတူကွဲပြားသော လူမျိုးစုနှင့် ဘာသာရေးတွင် ပေါင်းစည်းဆက်နွယ်မှုရှိသော အမျိုးသမီးများနှင့် မိန်းကလေးများအား မမြင်ဘဲ ကျော်သွားတတ်သည်။ အကယ်၍ ထိုကဲ့သို့သော လူမျိုးစု သို့မဟုတ် ဘာသာရေးဆိုင်ရာ အသိုင်းအဝိုင်းများမှ သီးခြားဖြစ်သော အမျိုးသမီးများ၊ မိန်းကလေးများနှင့် အသိုင်းအဝိုင်းများအား ပစ်မှတ်ထားကာ နေရပ်စွန့်ခွာမှုကို ဖြစ်ပွားစေသည့် အကြမ်းဖက်မှုသည် ဆက်လက်၍ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှု အန္တရာယ်ကို ပိုမိုကြီးထွားစေသည်။ အချို့သော မျိုးနွယ်စုများသည် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများမှ ဖယ်ကျဉ်ခံရကာ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း အပါအဝင် လူကုန်ကူးခြင်းကို တွေ့ကြုံရန် အန္တရာယ်မြင့်မားသော အခြေအနေတွင်ရှိသည်။ နေရပ်စွန့်ခွာရသည့် အခြေအနေတစ်ခုတွင် ထိုကဲ့သို့သော အန္တရာယ်သည် တိုးပွားလာကာ အထူးသဖြင့် မတူကွဲပြားသော လူမျိုးစုနှင့် ဘာသာရေးတွင် ပေါင်းစည်းဆက်နွယ်မှုရှိသော အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အထူးစိုးရိမ်ဖွယ် အခြေအနေတစ်ခုဖြစ်သည်။[52] မတူကွဲပြားသော လူမျိုးစုနှင့် ဘာသာရေးတွင် ပေါင်းစည်းဆက်နွယ်မှုရှိသော အမျိုးသမီးများနှင့် မိန်းကလေးများသည် လူမှုရေးအရ ပိုမိုကြီးစိုးသော အုပ်စုများနှင့် နှိုင်းယှဉ်လျှင် ရပ်ရွာအသိုင်းအဝိုင်း၏ ကာကွယ်စောင့်ရှောက်မှု မရရှိခြင်း သို့မဟုတ် လူမှုရေးအရ ပို၍ ဖယ်ကျဉ်ထားခြင်း ခံရနိုင်သည်။ မတူကွဲပြားသော လူမျိုးစုနှင့် ဘာသာရေးတွင် ပေါင်းစည်းဆက်နွယ်မှုရှိသော အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏ အရေးကြီးသော ယဉ်ကျေးမှုဆိုင်ရာ ဝိသေသလက္ခဏာ ဆုံးရှုံးသွားနိုင်သည်။ သို့မဟုတ် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ ဝိသေသလက္ခဏာကို မှားယွင်းစွာ သို့မဟုတ် ဆန့်ကျင်ဘက် အဓိပ္ပါယ်ဖော်ခြင်း၊ နေရပ်စွန့်ခွာနေစဉ် သို့မဟုတ် ရွှေ့ပြောင်းနေထိုင်အပြီးတွင် ကွဲကွာသွားပါက ပြန်လည်ပေါင်းစည်းနိုင်ရန် ကွန်ယက်များ ထောက်ကူပေးခြင်းတို့ ကြုံတွေ့နိုင်သည်။ ၎င်းတို့သည် အထူးသဖြင့် GBV တွေ့ကြုံခဲ့ရသော အမျိုးသမီးနှင့် မိန်းကလေးများအား အန္တရာယ်ဖြစ်စေနိုင်သည်။ အကယ်၍ ဘာသာပြန်ပေးသူများသည် မိမိနေရပ် သို့မဟုတ် တစ်စိမ်းတိုင်းပြည်တစ်ခုရှိ ကွဲပြားခြားနားသော အသိုင်းအဝိုင်းမှ ဖြစ်ပါက အမျိုးသမီးနှင့် မိန်းကလေးများသည် ပွင့်လင်းစွာ စကားပြောဆိုနိုင်မည် မဟုတ်ပါ။[53]

အုပ်စုများအကြားတွင် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် ၎င်းလိုအပ်ချက်များအား (အထောက်အပံ့ပစ္စည်းများ ဖြန့်ဝေခြင်း၊ ဦးတည်ချက်ထားခြင်း သဘောသဘာဝတို့တွင်) အကောင်းဆုံး မည်ကဲ့သို့ ဖြည့်ဆည်းပေးနိုင်မည် နှင့် ပတ်သက်၍ မသိမသာ ကွဲပြားမှုရှိသည်။ ယင်းသို့ ကွဲပြားမှုများသည် ပဋိပက္ခကာလတွင် လူနည်းစုအုပ်စုတစ်ခုမှ တိုက်ရိုက် ပစ်မှတ်ထားခံနေရသည်၊ မခံနေရသည်၊ အတိတ်က တွေ့ကြုံခဲ့ရသော ၎င်းတို့၏ ညှင်းပန်းနှိပ်စက်မှုနှင့် ခွဲခြားဆက်ဆံမှု အတွေ့အကြုံများ၊ နိုင်ငံရေးဆိုင်ရာတွင် ၎င်း၏ အင်အား/အာဏာ သို့မဟုတ် လွှမ်းမိုးမှု၊ ၎င်း၏ ယုံကြည်မှုများနှင့် ယဉ်ကျေးမှုဆိုင်ရာ စံသတ်မှတ်ချက်များ စသည်တို့ကို ထင်ဟပ်စေသည်။[54]

လတ်တလောတွင် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများသည် အစီအစဉ်များတွင် လူမျိုးစုနှင့် ဘာသာရေးဆိုင်ရာ ပေါင်းစည်းဆက်နွယ်မှုကို ထည့်သွင်းစဉ်းစားခြင်းမရှိသေး၍ သတင်းအချက်အလက်များ စုဆောင်းရာ၌ လူတို့၏ တစ်မူထူးခြားသော မျိုးနွယ်စုနှင့် ဘာသာရေး နောက်ခံသမိုင်းကြောင်းသည် မျက်ကွယ်ပြုခံရသည်။[55]

[52] UNHCR, Working With . . ., pgs. 10-11.

[53] UNHCR, အရေးပေါ်အခြေအနေအတွက် လက်စွဲစာအုပ်။ p. 3.

[54] အီရတ်နှင့် ဆီးရီးယားရှိ လူနည်းစုများကို ကာကွယ်စောင့်ရှောက်ခြင်း။ p. 18.

[55] အီရတ်နှင့် ဆီးရီးယားရှိ လူနည်းစုများကို ကာကွယ်စောင့်ရှောက်ခြင်း။ p. 14.

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

ပဋိပက္ခကြောင့် ထိခိုက်နစ်နာသွားသော အမျိုးသမီးများနှင့် မိန်းကလေးများ၏ အများနှင့်မတူသော လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန်နှင့် ထိုသူတို့အား ရေရှည်တည်တံ့သော နည်းလမ်းဖြင့် ပံ့ပိုးပေးရန် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရာတွင် ထိုကဲ့သို့သော မတူကွဲပြားမှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အချို့သော ပဋိပက္ခဒဏ်သင့် အုပ်စုများအား ဖယ်ကျဉ်ထားခြင်းကြောင့် ဖြစ်ပေါ်လာသည့် တင်းမာမှုများ၊ ခွဲခြားဆက်ဆံခြင်းနှင့် ခါးသီးသော ခံစားချက်ကို ပိုမိုအားကောင်းစေနိုင်မည့် အကျိုးခံစားခွင့်ရှိသူဆိုင်ရာ စံနှုန်းနှင့် ထောက်ပံ့ရာတွင် ဦးစားပေးမှုတို့ကိုလည်း ဖော်ထုတ်ဖြေရှင်းသင့်သည်။[56]

(၂၀၁၆)ခုနှစ်၏ ဒေသဆိုင်ရာ စစ်တမ်းတစ်ခုအတွက် လုပ်ဆောင်ခဲ့သော GBVဆိုင်ရာ လျင်မြန်စွာ လေ့လာဆန်းစစ်မှုတစ်ခုတွင် အင်တာဗျူးဖြေဆိုသူ အမျိုးသမီး ၂၅% မှသူတို့၏ ဘာသာရေးဆိုင်ရာ ပေါင်းစည်းဆက်နွယ်မှု(နှင့် နိုင်ငံသားဖြစ်တည်မှု)သည် ဝန်ဆောင်မှုများရယူရာတွင် ဆိုးရွားစွာ ထိခိုက်စေသည်ဟု ဖြေဆိုခဲ့သည်။[57] လေ့လာဆန်းစစ်မှုများနှင့် သင်တန်းတိုများတွင် နားထောင်ခြင်းသည် မတူကွဲပြားသော တိုင်းရင်းသား မျိုးနွယ်စုနှင့် ဘာသာရေး အုပ်စုများမှ အမျိုးသမီးများ၊ မိန်းကလေးများနှင့်အတူ လုပ်ဆောင်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် GBV အစီအစဉ်တွင် ၎င်းတို့၏ အထူးလိုအပ်ချက်များနှင့် ဦးစားပေးမှုများကို နားလည်သဘောပေါက်ပေးခြင်းအားဖြင့် အသိပေးနိုင်မည်မဟုတ်ပါ။ GBV တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများကို မည်သို့ ရယူနိုင်ကြောင်း သတင်းအချက်အလက်သည် မတူကွဲပြားသော ဘာသာစကားများဖြင့် ရပ်ရွာအသိုင်းအဝန်း သို့ ဖြန့်ဝေနိုင်မည် မဟုတ်ပေ။ GBV ဝန်ဆောင်မှုပေးသူများသည် ဒေသခံ ဘာသာစကားအားလုံး ပြောဆိုနိုင်မည် မဟုတ်ပေ။ သို့မဟုတ် မတူကွဲပြားသော ဘာသာစကားများ ပြောဆိုနိုင်သော စကားပြန်များ သို့မဟုတ် ရပ်ရွာတွင်ရှိသော စေတနာ့ဝန်ထမ်းများ ငှားရမ်းနိုင်မည် မဟုတ်ပေ။ အခြားသော တိုင်းရင်းသားမျိုးနွယ်စု သို့မဟုတ် ဘာသာရေး အုပ်စုများမှ သူတို့အား မကြိုဆိုသည်ဟု ခံစားရချိန်၊ တိုင်းရင်းသားမျိုးနွယ်စု တစ်ခု သို့မဟုတ် ဘာသာရေး အုပ်စုမှ အမျိုးသမီးများနှင့် မိန်းကလေးများ၏ လုံခြုံသော နေရာတွင် ပြုလုပ်သော လှုပ်ရှားမှုများကို လွှမ်းမိုးထားချိန်တွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် လုံခြုံသော နေရာတွင် ပြုလုပ်သော လှုပ်ရှားမှုများအား မတူကွဲပြားသော ဘာသာစကားများဖြင့် အကောင်အထည်ဖော်နိုင်မည် မဟုတ်ပေ။ ဘာသာရေးဆိုင်ရာ သို့မဟုတ် တိုင်းရင်းသား ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ သို့မဟုတ် သီချင်းဖြင့် ပေါင်းစပ်လုပ်ဆောင်သည့် အချို့သော GBV အစီအစဉ် သို့မဟုတ် လုံခြုံသော နေရာတွင် ပြုလုပ်သည့် လှုပ်ရှားမှုများသည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများအားဖြင့် ကျယ်ပြန့်စွာ ပါဝင်ခြင်းကို ချန်လုပ်စေနိုင်သည်။

---

[56] အီရတ်နှင့် ဆီးရီးယားရှိ လူနည်းစုများ၏ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လိုအပ်ချက်များ။ p. 3.
[57] အီရတ်နှင့် ဆီးရီးယားရှိ လူနည်းစုများကို ကာကွယ်စောင့်ရှောက်ခြင်း။ p. 14.

## နောက်ဆက်တွဲ။ မသန်စွမ်းမှုကို နားလည်ခြင်း

မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီစာချုပ်(CRPD) ပါ အပိုဒ် (၁)တွင် အခြားနည်းဖြင့် သန်စွမ်းသူများအား အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ အခြားနည်းဖြင့် သန်စွမ်းသူများတွင် လူမှုအသိုင်းအဝိုင်း၌ အခြားသူများနှင့် တန်းတူညီစွာ ပါဝင်ဆောင်ရွက်နိုင်ခြင်းအား တားဆီးနိုင်သည့် အမျိုးမျိုးသော အဟန့်အတားများနှင့် အပြန်အလှန် တုံ့ပြန်မှုရှိစေသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အသိဉာဏ် သို့မဟုတ် အာရုံခံနိုင်မှုဆိုင်ရာတွင် ရေရှည် ချို့ယွင်းမှုများရှိသော မသန်စွမ်းသူများ ဟူ၍ဖြစ်သည်။ (အလေးပေး ထည့်သွင်းခဲ့သည်။)[58]

ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင် မသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးများသည် ကျန်းမာရေးဆိုင်ရာ ကုသမှု၊ ပြုစုစောင့်ရှောက်မှုနှင့် ပြန်လည် ထူထောင်ခြင်း လိုအပ်နေသောသူများဖြစ်ကာ မကြာခဏဆိုသလို သူတို့သည် ပေးကမ်းလှူဒါန်းခြင်း၏ ရုပ်ပြအဖြစ် မှတ်ယူခံရသည်။ **ကျန်းမာရေးဆိုင်ရာနှင့် ပေးကမ်းလှူဒါန်းမှု စံပြပုံစံများ** အဖြစ် ယင်းသို့သော ခံယူချက် သဘောထားများကို ဖော်ပြကြသည်။ ၎င်းသည် ပြုပြင်ရန်၊ စီမံခန့်ခွဲရန် သို့မဟုတ် စောင့်ရှောက်သင့်သော တစ်ဦးချင်းဆိုင်ရာ ပြဿနာဖြစ်သည် ဟူသော မသန်းစွမ်းမှုပေါ် အခြေခံသည့် ခံယူချက် သဘောထားများဖြစ်သည်။ အမျိုးသမီးတစ်ယောက်သည် သူမ၏ ခန္ဓာကိုယ် သို့မဟုတ် ဦးနှောက်အားဖြင့် လူမှုပတ်ဝန်းကျင်တွင် ရှင်သန်ခြင်းမှ တားဆီးခံရကာ ၎င်းသည် သူမ၏ ပြဿနာသာဖြစ်ကြောင်း ဤနည်းလမ်းမှ ထောက်ပြထားသည်။

**အခွင့်အရေးများအား ဗဟိုပြုသော စံပုံစံတွင်** မသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးများအား အခွင့်အရေးများ ခံစားသင့်သူအနေဖြင့် ရှုမြင်ကာ ၎င်းတို့မှ လူ့အခွင့်အရေးများ အားလုံးကို ပြည့်ပြည့်ဝဝ မျှတစွာ ခံစားရရှိမှုကို မြင့်တင်ပေးပြီး ၎င်းတို့၏ မွေးရာပါ ဂုဏ်သိက္ခာကို လေးစားရမည်။ ထိုနည်းလမ်းတွင် မသန်စွမ်းမှုကို အခြေခံ၍ ခွဲခြားဆက်ဆံမှု မရှိခြင်း၊ လူမှုပတ်ဝန်းကျင်တွင် ပါဝင်စေခြင်း၊နှင့် တန်းတူညီမျှသော အခွင့်အလမ်းများကို ဦးတည်ထားသည်။ အခွင့်အရေးများအား ဗဟိုပြုသော ချဉ်းကပ်နည်းတွင် အာဏာပိုင်များမှ သူတို့အား ကန့်သတ်ချုပ်ချယ်မှု မရှိဘဲ အခွင့်အရေးများ ရရှိမှုကို သေချာစေရန် လိုအပ်သည်။ လူမှုရေးဆိုင်ရာ ရှုထောင့်အားလုံး (ကျောင်း၊ မိသားစု၊ ရပ်ရွာ၊ အလုပ် စသည်)တွင် ပြည့်ဝစွာ ပါဝင်စေခြင်းကို သေချာစေရန် ဥပဒေများကိုလည်း အားကောင်းစေ၍ အမြင်ဖွင့်ခြင်း လုပ်ဆောင်နိုင်ရန် ပေါ်လစီများ အသုံးချခြင်းနှင့် ဥပဒေရှေ့တွင် တန်းတူညီစွာ အသိအမှတ်ပြုခြင်းကို လေးစားရမည်။

> မသန်စွမ်းမှုအတွက် **လူ့အခွင့်အရေးဆိုင်ရာ ချဉ်းကပ်မှု၏ အဓိကကျသော စည်းမျဉ်းများတွင်** အားလုံးပါဝင်စေခြင်း၊ လက်လှမ်းမီမှု၊ ပါဝင်လုပ်ဆောင်ခြင်း၊ ခွဲခြားဆက်ဆံမှု မရှိခြင်း၊ မတူကွဲပြားမှုနှင့် ခြားနားမှုကို လေးစားခြင်း၊ အခွင့်အလမ်းများ တန်းတူ ရရှိစေခြင်းနှင့် လူ့ဂုဏ်သိက္ခာကို လေးစားခြင်း တို့ပါဝင်သည်။
> **ဤနည်းလမ်းသည် အမျိုးသမီးများနှင့် မိန်းကလေးများ အားလုံးအတွက် သင့်လျော်သည်။**

တစ်ဦးချင်းစီအား ကျန်းမာရေးဆိုင်ရာနှင့် ပေးကမ်းလှူဒါန်းမှု စံပုံစံများကဲ့သို့ ချဉ်းကပ်မှုများအား ဆန့်ကျင်သော တုံ့ပြန်လုပ်ဆောင်မှု တစ်ခုအဖြစ် **လူမှုရေးဆိုင်ရာ စံပုံစံကို** ဖန်တီးခဲ့သည်။ လူမှုရေးဆိုင်ရာ စံပုံစံတွင် မသန်စွမ်းမှုသည် လူမှုပတ်ဝန်းကျင်၏ အမှားတစ်ခု မဟုတ်သော်လည်း ၎င်း၏ မတူကွဲပြားမှု သင်္ကေတတစ်ခု ဖြစ်သည်။ လူမှုရေးဆိုင်ရာ စံပုံစံသည် လူမှုပတ်ဝန်းကျင်ကို ဗဟိုပြုကာ ပြဿနာသည်

[58] ADCAP သင်တန်း။ p. 22.

လူမှုပတ်ဝန်းကျင်ထဲတွင် ရှိနေသည်ဟု မှတ်ယူသည်။ ထို လူမှုပတ်ဝန်းကျင်တွင် အသက်ကြီးသော အမျိုးသမီးများ၊ မသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးများသည် အမျိုးမျိုးသော အဟန့်အတားများ(ဥပမာအားဖြင့် လူမှုရေးဆိုင်ရာ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ၊ စီးပွားရေး သို့မဟုတ် နိုင်ငံရေးဆိုင်ရာ) ကြောင့် ဖယ်ကျဉ်ခံနေရသည်။[59] တစ်နည်းအားဖြင့် မသန်စွမ်းမှု၏ လူမှုရေးဆိုင်ရာ စံပုံစံအရ[60] မသန်စွမ်းသူများသည် သူတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကွဲပြားခြားနားမှုများကြောင့် မသန်စွမ်းခြင်း မဟုတ်ဘဲ လူမှုပတ်ဝန်းကျင်တွင် ၎င်းတို့ ရင်ဆိုင်နေရသော စနစ်ကျသည့် အဟန့်အတားများကြောင့်ဖြစ်သည်။ ထို့ကြောင့် 'မသန်စွမ်း' ဟူသော စကားလုံးကို နားလည်သဘောပေါက်ရန် ဖြစ်နိုင်ကာ ၎င်းကို 'တတ်စွမ်းမှု နည်းသော' ဟူ၍ မဟုတ်ဘဲ 'လုပ်ဆောင်နိုင်ခြင်းမှ တားဆီးခံရသော' အနေဖြင့် မှတ်ယူရမည်။

ထို့အပြင် လူမှုရေးဆိုင်ရာ စံပုံစံသည် 'ချွတ်ယွင်းချက်' - သူမ၏ ခန္ဓာကိုယ် သို့မဟုတ်/နှင့် ဦးနှောက်ကြောင့် တစ်စုံတစ်ဦး မလုပ်ဆောင်နိုင်သော အရာများ၊ နှင့် - 'မသန်စွမ်းမှု' - သူမတွင် ဖျားနာခြင်း သို့မဟုတ် ချွတ်ယွင်းချက် ရှိသောကြောင့် တစ်စုံတစ်ဦးကို မသန်စွမ်းမှုဖြစ်စေသည့် လူမှုရေးဆိုင်ရာ အဟန့်အတားများကို ခွဲခြားပြထားသည်။ တစ်နည်းအားဖြင့် ချွတ်ယွင်းချက်သည် မသန်စွမ်းမှု၏ အစိတ်အပိုင်းတစ်ခုသာဖြစ်၍ ခန္ဓာကိုယ် လုပ်ဆောင်ချက် (ဥပမာ - စိတ်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက် ထိခိုက်မှုတစ်ခု၊ ကိုယ်လက်အင်္ဂါတစ်ခုခု ဆုံးရှုံးခြင်း၊ မျက်လုံးထဲသို့ အလင်းဝင်ရောက်မှုကို တားဆီးစေသည့် အတွင်းတိမ်)၊ ပတ်ဝန်းကျင်၏ လုပ်ဆောင်ချက်များထဲတွင် ပါဝင်သော မသန်စွမ်းမှု၏ အခြား အစိတ်အပိုင်းများဖြစ်သည့် လှုပ်ရှားမှုများအား ကန့်သတ်ခြင်းနှင့် ပါဝင်လုပ်ဆောင်ခြင်းကို တားဆီးခြင်းတို့ကို ရည်ညွှန်းသည်။

> **မသန်စွမ်းမှု = (လူတစ်ဦး၏) ချွတ်ယွင်းချက် + (ပတ်ဝန်းကျင်ကြောင့်/အတွင်းရှိ) အဟန့်အတားများ**
>
> *–မသန်စွမ်းမှု–သည် အမျိုးသမီးနှင့် မိန်းကလေးတစ်ဦးတွင် မွေးကတည်းက ပါလာသည် မဟုတ်ဘဲ သူမ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ပျက်ကွက်သော ပတ်ဝန်းကျင်မှ ရရှိလာသော ရလာဒ်တစ်ခုဖြစ်သည်။*

လူမှုရေးဆိုင်ရာ စံပုံစံဆီသို့ ဦးတည်သော ပြောင်းလဲမှုဆိုသည်မှာ အထူးပြု လုပ်ဆောင်သည့် ကြားဝင်ဆောင်ရွက်မှုများ မှတစ်ဆင့် တစ်ဦးချင်းစီ၏ ချွတ်ယွင်းချက်များကို ဖော်ထုတ်ခြင်းထက် အတားအဆီးများနှင့် အခက်အခဲများအား ဖယ်ရှားပေးခြင်းဖြင့် မသန်စွမ်းသူများ၏ ပါဝင်လုပ်ဆောင်ခြင်းကို မြင့်တင်ပေးခြင်းဖြစ်သည်။ ၎င်းတွင် တည်ဆောက်ပြီးသော ပတ်ဝန်းကျင်၌ လက်လှမ်းမီမှုဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းများ၊ လက်လှမ်းမီနိုင်သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ အခြေခံ ဝန်ဆောင်မှုများအား လက်လှမ်းမီခြင်းကို သေချာစေခြင်း၊ နည်းပညာပိုင်းဆိုင်ရာနှင့် အထောက်အကူပြု ပစ္စည်းကိရိယာများ ပံ့ပိုးခြင်း၊ စိတ်နေသဘောထားများ ပြောင်းလဲခြင်းနှင့် စိတ်ဒဏ်ရာ လျှော့ချပေးခြင်းတို့ ပါဝင်ကာ မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိသားစုများအား စွမ်းရည်မြင့်တင်ပေးခြင်းလည်း ပါဝင်ပါသည်။

---

[59] ADCAP သင်တန်း, p. 24.

[60] ADCAP သင်တန်း, p.25.

# အားလုံးပါဝင်သော GBV အစီအစဉ် ဖန်တီးရန် အဓိကလုပ်ဆောင်ချက်များ

ဤအပိုင်းသည် အားလုံးပါဝင်သော GBV အစီအစဉ်ရေးဆွဲခြင်းကို ဖန်တီးရန် အဓိကလုပ်ဆောင်ချက်များအပေါ် အထူးပြုသည်။ IRC, ၏ GBV အရေးပေါ်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်ပုံစံအပေါ်တွင် အခြေခံ၍ တည်ဆောက်ထားပါသည်။ IRC–s GBV Emergency Preparedness and Response Program Model.

## လေ့လာဆန်းစစ်မှုများ[61]

လေ့လာဆန်းစစ်မှုကို ရပ်ရွာအသိုင်းအဝန်းတစ်ခုသည် ဆယ်ကျော်သက် အရွယ်မိန်းကလေးများ၊ အသက်အရွယ်ကြီးရင့်သော အမျိုးသမီးကြီးများ၊ မသန်စွမ်းအမျိုးသမီးများနှင့် မိန်းကလေးငယ်များ၊ မတူကွဲပြားသော လိင်စိတ်ခံယူချက် တိမ်းညွတ်မှု နှင့် ကျား/ မ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် မတူကွဲပြားသောလူမျိုးစုနှင့် ဘာသာရေး ပေါင်းစည်းဆက်နွယ်မှုရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များပါဝင်သည့် နားလည်သေ ဘာပေါက်ခြင်းနှင့်အတူ ချဉ်းကပ်သင့်သည်။ ဤအရာသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ကဏ္ဍပေါင်းဆုံဖြစ်သော ဝိသေသလက္ခဏာ အမျိုးမျိုးရှိနိုင်သည် ဟူ သော နားလည်သဘော ပေါက်ခြင်းပါဝင်သည်။ GBV ဖြစ်ခြင်းကဲ့သို့ အားလုံးပါဝင်၍ အားလုံးကို တုံ့ပြန်သော အစီအစဉ်ကိုရေးဆွဲ ရန် မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အရေအတွက် (သို့) မတူကွဲပြားသော လိင်စိတ်ခံယူချက် တိမ်းညွတ်မှု နှင့် ကျား/ မ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ တည်ရှိမှုကို အတည်ပြုရန် မလိုအပ်ချေ။

> **စပီးယား အခြေခံ စံသတ်မှတ်ချက် ၁**
> နောက်ထပ် အန္တရာယ်များကို ဖန်တီးခြင်းမရှိဘဲ ထိခိုက်နစ်နာခံရသောသူများသည် ၎င်းတို့၏ ဘဝကို ထိခိုက်စေနိုင်သော ဆုံးဖြတ်ချက်များ နှင့် ပတ်သက်၍ အဓိပ္ပာယ်ရှိသော ဆွေးနွေးတိုင်ပင် အကြံပြုခြင်း ဖြစ်စဉ်တွင် ထိခိုက်နစ်နာခံရသောသူများသည် ပါဝင်သင့်သည်။ ၎င်းသည် ၎င်းတို့၏ အခွင့်အရေးများကို ကျင့်သုံးရာတွင် အထောက်အကူပြုသော နည်းလမ်းတစ်ခုဖြစ်သည်။
> စပီးယား၏ စံသတ်မှတ်ချက်များ၊ ခုနှစ် ၊ စာမျက်နှာ ၁

ဤအချက်အလက်များအပေါ်မူတည်၍ မည်သည့် လေ့လာဆန်းစစ်မှုကိုမဆို မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေး ငယ်များ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းသင့်သည်။ GBV လေ့လာဆန်းစစ်မှုများသည် GBV ဖြစ်ပေါ်နေ သည်ကို အဆုံးအဖြတ်ပေးခြင်းမဟုတ်ပဲ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ပြန်လည်ထူထောင်ရန်နှင့် ရှင်သန်ရန်အတွက် မည်ကဲ့ သို့သော ဝန်ဆောင်မှုများနှင့် လှုပ်ရှားမှုအမျိုးအစားများသည် သင့်လျော်၍ ဆောင်ရွက်နိုင်သည်ကို အဆုံးအဖြတ်ပေးရန် အကြမ်းဖက်မှု၏ ပြောင်းလဲမှုများနှင့် ဆက်လက်၍တည်ရှိနေသော ဝန်ဆောင်မှုများကို ပို၍ကောင်းစွာ နားလည်သဘောပေါက် ခြင်းပင်ဖြစ်သည်။ ထို့အပြင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကြုံတွေ့ရသော ကဏ္ဍပေါင်းဆုံ တန်းတူမညီမျှမှုများ၏ အခြေအနေကို ကောင်းစွာနားလည်သဘောပေါက်ခြင်းသည် တုံ့ပြန်သောဝန်ဆောင်မှုများနှင့် အန္တရာယ်လျှော့ချခြင်း လှုပ်ရှား မှုများသည်

[61] သင်ခန်းစာအပိုင်း (၃) လေ့လာဆန်းစစ်ခြင်း- အစီအစဉ် စတင်ရန် ကျွန်ုပ်တို့ ဘာတွေသိဖို့ရန်လိုအပ်သနည်း။ သင်ခန်းစာ အပိုင်း (၄) လေ့လာဆန်းစစ်ကို ဆောင်ရွက်ခြင်း၊ စာမျက်နှာ ၂၇-၄၀၊ GBV အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်မှု သင်တန်းသားကိုင် လက်စွဲစာအုပ် https://gbvresponders.org/emergency-response-preparedness/emergency-response-and-preparedness-training/

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု
အမျိုးသမီးများနှင့် မိန်းကလေးငယ်များဆီ အားလုံးပါဝင်နိုင်ရန်နှင့် အခွင့်အလမ်းရရှိအောင် သေချာဆောင်ရွက်ရာတွင် အရေးပါသည်။ လွတ်မြောက်လာသူများ (သို့) တစ်ဦးတစ်ယောက်ချင်းစီကို နောက်ထပ်ထိအန္တရာယ်များနှင့်

သတိလက်လွတ် မထိတွေ့စေပါနှင့်။ သို့ရာတွင် မှတ်သားရန် အရေးကြီးသည်မှာ အချို့သောအမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် တိကျသော ဝိသေသလက္ခဏာရှိသည့်အဖွဲ့ (ဥပမာ- သတ်သတ်မှတ်မှတ်ရှိသော ဘာသာရေးဆိုင်ရာ နှီးနွှယ်မှုများ၊ လိင်စိတ်ခံယူချက် တိမ်းညွတ်မှု နှင့် ကျား/ မ ဝိသေသလက္ခဏာရှိသော အမျိုးသမီးဝင်ရန်ခက်ခဲလိမ့်မည်။) တစ်ဦး (သို့) မိန်းကလေးတစ်ဦးစသည်ဖြင့်၊ ယေဘုယျ (သို့) လူဦးရေအများစုဖြစ်သော အမျိုးသမီးများနှင့် မိန်းကလေးများအကြားတွင် ပွင့်လင်းမြင်သာစွာ ခွဲခြားသတ်မှတ်ခံရခြင်းကို ကြောက်ရွံ့နေလိမ့်မည်။

မတူကွဲပြားသောအမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘာသာစကား လိုအပ်ချက်များကို ဖြည့်ဆည်းရန် နှင့် ဆယ်ကျော်သက် အရွယ်မိန်းကလေးငယ်များနှင့် ပို၍အသက်ကြီးသော မိန်းကလေးများ ၎င်းတို့၏ ဦးစားပေးမှုများကို ဝေမျှရာတွင် သက်တောင့်သက်သာရှိရန်နှင့် မသန်စွမ်းအမျိုးသမီးများနှင့်မိန်းကလေးငယ်များ ၏ပါဝင်ခြင်းအတွက် နေရာဖန်တီးရန် သေချာဆောင်ရွက်ရာတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ သီးခြားအုပ်စုများကို ပြောင်းရွှေ့ရန် အသုံးဝင်နိုင်ပါသည်။ သို့ရာတွင် ဘေးကင်းလုံခြုံမှုအန္တရာယ်များ၊ လိင်စိတ်ခံယူချက်တိမ်းညွတ်မှုနှင့် ကျား/မရေးရာဝိသေသလက္ခဏာအပေါ် အခြေခံထားသော အုပ်စုများ ပြောင်းရွှေ့ခြင်းနှင့် ချိတ်ဆက်ခြင်းတွင် ပါဝင်သော အမည်းစက်ကြောင့် **လိင်စိတ်ခံယူချက်တိမ်းညွတ်မှု နှင့် ကျား/မရေးရာဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် သီးခြားအဖွဲ့များဖွဲ့ရန် အကြံမပြုထားချေ။** မတူကွဲပြားသော အမျိုးသမီးများ ပေါင်းစပ်ထားသော အုပ်စုများကို ဖွဲ့စည်းခြင်းသည်လည်း အကျိုးများစွာရှိနိုင်သည်။ ထို့နောက် ဆွေးနွေးချက်များကို ရုပ်ပုံကားချပ်များ၊ ကိုယ်လက်အမူအရာ အခြေခံပြ ဘာသာစကားနှင့် ဘာသာပြန်ခြင်းဖြင့် ပံ့ပိုးပေးခြင်းသည် ပိုမို သက်ဝင်လှုပ်ရှားသော ဆွေးနွေးခြင်းနှင့် မတူကွဲပြားအမျိုးသမီးများကြားရှိ ဦးစားပေးမှုများကို အလုံးစုံပြည့်ဝစွာ နားလည်နိုင်ခြင်းကို မြှင့်တင်ခွင့်ပေးသည်။ **၎င်းတို့၏ လိင်စိတ်တိမ်းညွတ်မှု (သို့) ကျား/မရေးရာ ဝိသေသလက္ခဏာများကို ထုတ်ဖော်ပြောဆိုရန် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို မေးမြန်းရန် မသင့်တော်ပါ။** GBV ဆောင်ရွက်သူများသည် ကဏ္ဍမျိုးစုံ ဖြစ်ရပ်ဇာတ်ကွက်များကို အသုံးပြုခြင်းဖြင့် GBV ကိုဆွေးနွေးရန် အသုံးပြုပြီးဖြစ်သော ချဉ်းကပ်နည်းကို အသုံးချနိုင်ပြီး အကြမ်းဖက်မှု၏ ကိုယ်ရေးဆိုင်ရာ ထုတ်ဖော်ပြောဆိုမှု ကို ဖြစ်မြောက်အောင်ဆောင်ရွက်ခြင်းမပြုပဲ အမျိုးသမီးများ၊ မိန်းကလေးများနှင့် ထိခိုက်လွယ်သော ကိစ္စရပ်များကို ဘေးကင်းလုံခြုံစွာ ဆွေးနွေးရန် GBV အန္တရာယ်နှင့်ပတ်သက်၍ ယေဘုယျသောမေးခွန်းများကို အသုံးချနိုင်သည်။

**အမျိုးသမီးများနှင့်မိန်းကလေးငယ်များနှင့် ဆွေးနွေးရန် အဓိကသတင်းအချက်အလက်များသည် အောက်ပါအကြောင်းအရာ မေး မြန်းခြင်း ပါဝင်သည်။**

- အထူးသဖြင့် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှု၏ အန္တရာယ်တွင်ရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ။
- ဝန်ဆောင်မှုများရရှိရန် ၎င်းတို့၏ လက်လှမ်းမီမှုနှင့်ပတ်သက်သော တိကျသော အတားအဆီးများ။
- ထိခိုက်အန္တရာယ်နှင့် အကြမ်းဖက်မှုဖြစ်ရန် အားနည်းချက်ကို တိုးပွားစေသောအချက်များ။
- အမျိုးသမီးများနှင့် မိန်းကလေးငယ်များ သီးခြားအုပ်စုများကို ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်ကို ဘေးကင်းလုံခြုံစွာ ရယူနိုင်ရန် ပံ့ပိုးပေးနိုင်သော ယန္တရားများနှင့် ချဉ်းကပ်မှုများ။

လေ့လာဆန်းစစ်မှုကို အောက်ပါမေးခွန်းများနှင့် ဒီဇိုင်းရေးဆွဲပါ။

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

- ဤရပ်ရွာအသိုင်းအဝန်းတွင် မည်သည့်အမျိုးသမီးများနှင့် မိန်းကလေးငယ်များအုပ်စုသည် ထိခိုက်အန္တရာယ်အကျရောက် ဆုံးနည်း။ ဤအုပ်စုများ၏ ထုတ်ဖော်ပြောဆိုထားသော လိုအပ်ချက်များ၊ ကွာဟချက်များနှင့် ဦးစားပေးမှုများက ဘာလဲ။
- မည်သည့်အမျိုးသမီးများနှင့် မိန်းကလေးငယ်များအုပ်စုများက ဝန်ဆောင်မှုများကို လက်လှမ်းမီခွင့်ရှိသနည်း။ မည်သည့် အုပ်စုများသည် ဝန်ဆောင်မှုများကို လက်လှမ်းမီခွင့်မရှိနေသနည်း။ အဘယ်ကြောင့်နည်း။ ၎င်းတို့၏ ပါဝင်ခြင်းကို ကျွန်ုပ်တို့မည်ကဲ့သို့ တိုးမြှင့် စေနိုင်သနည်း။

**လေ့လာဆန်းစစ်ခြင်းကို ဒီဇိုင်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့်အရာများ**

<u>ဆယ်ကျော်သက်အရွယ် မိန်းကလေးများ။</u> သတင်းအချက်အလက် စုဆောင်းခြင်း လေ့ကျင့်ခန်းများတွင် အထူးသဖြင့် ပို၍အသက်ငယ်သော မိန်းကလေးများ(အသက် ၁၀-၁၄နှစ်) နှင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးများအား ပါဝင်လုပ်ဆောင်စေခြင်းသည် အကျိုးရလဒ်များထက် အန္တရာယ်များ ပို၍တိုးမြှင့်စေနိုင်ပါသည်။ ဆယ်ကျော်သက်အရွယ် မိန်းကလေးများနှင့် ထိတွေ့ဆောင်ရွက်ခြင်း မပြုမီ အန္တရာယ်များ အားလုံးကို ဂရုတစိုက် ထည့်သွင်းစဉ်းစားသင့်သည်။ အကယ်၍ ပါဝင်ခြင်း၏ အကျိုးရလဒ်များသည် ပါဝင်ခြင်း၏ အန္တရာယ်များကို ထိရောက်စွာ လျှော့ချနိုင်သော ကြိုးပမ်းမှုများထက် သာလွန်ပါက လေ့လာဆန်းစစ်ခြင်း အဖွဲ့များသည် ထိုအမျိုးသမီးများ၊ မိန်းကလေးများနှင့် ထိတွေ့ဆောင်ရွက်ခြင်းကို ရှေ့ဆက်လုပ်ဆောင်သင့်သည်။ သို့ရာတွင် အန္တရာယ်များက ပါဝင်ခြင်း၏ အကျိုးရလဒ်များထက် ဆက်လက်၍ သာလွန်နေပါက လေ့လာဆန်းစစ်ခြင်း လှုပ်ရှားမှုများတွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှု၌ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဘေးကင်းလုံခြုံမှုကို ဦးစားပေးသင့်သည်။ ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များသည် သက်လတ်ပိုင်း အမျိုးသမီးများထက် ကွဲပြားခြားနားသော လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများရှိပြီး ၎င်းတို့သည် ၎င်းတို့၏ မိခင်များနှင့်အတူ (သတင်းအချက်အလက် စုဆောင်းခြင်း လှုပ်ရှားမှုများ အပါအဝင်) လှုပ်ရှားမှုများတွင်ပါဝင်ရန် စိတ်ဝင်စားမှုမရှိသည်ကို မကြာခဏ တင်ပြတတ်သည်။ ကျောင်းနေသော ဆယ်ကျော်သက်အရွယ် မိန်းကလေးများတွင် ကျောင်းမနေသော မိန်းကလေးများနှင့် မတူသော လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများ ရှိနေတတ်၍ မတူသော အချိန်များတွင် လေ့လာဆန်းစစ်ခြင်း လှုပ်ရှားမှုများတွင် ပါဝင်ရန် အားလပ်ကြသည်။

<u>အသက်အရွယ်ကြီးရင့်သော အမျိုးသမီးကြီးများ</u>သည် မကြာခဏဆိုသလို ၎င်းတို့၏ လေ့လာဆန်းစစ်ခြင်း လှုပ်ရှားမှုများတွင် ပါဝင်ခြင်းကို ကန့်သတ်ပေးသည့် ကလေးငယ်စောင့်ရှောက်မှုနှင့် အိမ်မှုဆိုင်ရာ တာဝန်များရှိနေတတ်သည်။ အသက်အရွယ်ကြီးရင့်သော အမျိုးသမီးကြီးများ၏ အသံနှင့် ဦးစားပေးမှုများသည် လေ့လာဆန်းစစ်ခြင်း လှုပ်ရှားမှုများတွင် အမျိုးသမီးများပါဝင်ရန် စည်းရုံးလှုံ့ဆော်နေသော ရပ်ရွာအသိုင်းအဝန်း ခေါင်းဆောင်များမှ လျစ်လျူရှုထားခြင်း ခံရနိုင်သည်။ အသက်အရွယ်ကြီးရင့်သော အမျိုးသမီးကြီးများသည် ပို၍ငယ်ရွယ်သော အမျိုးသမီးများထက်စာလျှင် သွားလာနိုင်မှု အခက်အခဲရှိနိုင်ပြီး အကြားအာရုံ အားနည်းခြင်းကြောင့် ပို၍ငယ်သော အမျိုးသမီးများနှင့် သတင်းအချက်အလက် စုဆောင်းခြင်း လှုပ်ရှားမှုများတွင် ပါဝင်ရန်ခက်ခဲလိမ့်မည်။

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

<u>မသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ</u> (ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အသိဉာဏ်ဆိုင်ရာ၊ အမြင်အာရုံဆိုင်ရာ နှင့် အကြားအာရုံဆိုင်ရာ)သည် လေ့လာဆန်းစစ်ခြင်းနှင့် သက်ဆိုင်သော ဆွေးနွေးမှုများတွင် ပါဝင်ရန်နှင့် အထောက်အပံ့များနှင့် သတင်းအချက်အလက်ကို လက်လှမ်းမီရန် ကွဲပြားသော နည်းလမ်းအမျိုးမျိုးဖြင့် အကူအညီလိုအပ်လိမ့်မည်။ ဥပမာ- မေးခွန်းများ ဆွေးနွေးရန်နှင့် မေးမြန်းရန် နောက်ထပ်အချိန်၊ ရုပ်ပုံ ပုံစံများ၊ သင်္ကေတပြ ဘာသာစကား၊ စကားပြန်များနှင့် အမြင်အာရုံ သရုပ်ပြခြင်းများကို ထည့်သွင်း စဉ်းစားသင့်သည်။[62] ထို့အပြင် လေ့လာဆန်းစစ်ခြင်းများတွင် GBV အစီအစဉ်ဒီဇိုင်းကို လမ်းညွှန်ရန် မသန်စွမ်းသူများအား အကူအညီပေးသူများနှင့် မေးမြန်းခြင်းများ ပါဝင်နိုင်သည်။ အခြားသော ရပ်ရွာအသိုင်းအဝန်းများကဲ့သို့ မသန်စွမ်းသော အုပ်စုများတွင်လည်း အမျိုးသားများ လွှမ်းမိုးနိုင်သည်။ ဤရပ်ရွာအသိုင်းအဝန်းတွင်းရှိ အမျိုးသမီးများ ကြုံတွေ့ရသော သီးခြားအန္တရာယ်များနှင့် အဟန့်အတားများကို နားလည်သဘောပေါက်ရန် ဒေသခံ အမျိုးသမီးဦးဆောင်သော မသန်စွမ်းအဖွဲ့များကို ခွဲခြားသတ်မှတ်ရန် ကြိုးပမ်းပါ။ သို့မဟုတ် မသန်စွမ်းအုပ်စုများအတွင်းရှိ မသန်စွမ်း အမျိုးသမီးများနှင့် စကားပြောဆိုပါ။

> မတူကွဲပြားသော လိင်စိတ်ခံယူချက် တိမ်းညွှတ်မှု နှင့်ကျား/ မဂိသေသလက္ခဏာများ ရှိသော အမျိုးသမီးများ၊ မိန်းကလေးများနှင့် စကားပြောဆိုရာတွင် သင့်အား ၄င်းတို့ မှျဝေထားသော နာမ်စားနှင့် အမည်ဖြင့် ၄င်းပုဂ္ဂိုလ်အား ရည်ညွှန်းရန် သတိရပါ။ ၄င်းသည် ဘယ်အရာဖြစ်သည်ကို မသေချာပါက မေးမြန်းပါ။ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဂိသေသလက္ခဏာကို လေးစား ပါ။ ယူဆချက်များမပြုလုပ်ပါနှင့်။

<u>မတူကွဲပြားသော လိင်စိတ်ခံယူချက် တိမ်းညွှတ်မှုနှင့် ကျား/မရေးရာ ဂိသေသလက္ခဏာများ ရှိသော အမျိုးသမီးများနှင့် မိန်းကလေးများသည်</u> ရပ်ရွာအတွင်းတွင်ရှိသော သီးခြားအုပ်စုများသို့ ပြောင်းရွှေ့ခြင်း မပြုလုပ်သင့်ပါ။ သင်၏ လေ့လာဆန်းစစ်ခြင်းကို ဘေးကင်းလုံခြုံစွာ ပြုလုပ်နိုင်ရန် ဒေသဆိုင်ရာ အခြေအနေနှင့် ဥပဒေ မူဘောင်ကို နားလည်သိကျွမ်းသော ဒေသဆိုင်ရာ လိင်စိတ်ဝိသေသလက္ခဏာ ကွဲပြားသူများကို အကူအညီပေးသူများနှင့် ချိတ်ဆက်ပါ။ လိင်စိတ်ဝိသေသလက္ခဏာ ကွဲပြားသူများ အသိုင်းအဝန်းအတွင်းတွင်ရှိသော အမျိုးသမီးများနှင့် စကားပြောဖို့ တောင်းဆိုရန် သေချာဆောင်ရွက်ပါ။ အဘယ်ကြောင့်ဆိုသော် ဤအသိုင်းအဝန်းတွင်လည်း အမျိုးသားများ လွှမ်းမိုးနေနိုင်သည်။ ၄င်းတို့တည်ရှိသော နေရာတွင် အမျိုးသမီးဦးဆောင်သော လိင်စိတ်ဝိသေသလက္ခဏာ ကွဲပြားသူ အုပ်စုများဖြင့် ချိတ်ဆက်ဆောင်ရွက်ပါ။

<u>မတူကွဲပြားသော လူမျိုးစုနှင့် ဘာသာရေးဆိုင်ရာ ပေါင်းစည်းဆက်နွယ်မှုရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည်</u> လေ့လာဆန်းစစ်ခြင်းများတွင် ပါဝင်ရန် ကွဲပြားသော နေရာဒေသများနှင့် ဘာသာစကား အမျိုးမျိုးလိုအပ်လိမ့်မည်။ လူမျိုးစု (သို့) ဘာသာရေးအုပ်စုတစ်စု၏ အသင်းဝင်များဖြစ် ၄င်း တို့ကို ကိုယ့်ကိုကိုယ်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ သက်တောင့်သက်တာဖြစ်စေရန် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် လုံလောက်သော စိတ်ချလုံခြုံမှုရှိရန် သေချာဆောင်ရွက်ပါ။ ဤအရာသည်အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ သက်တောင့်သက်သာရှိမှု အတိုင်းအတာကို တိုးချဲ့ရန်စစ်ဆေးအကဲဖြတ်ခြင်း အသင်းအဖွဲ့ ဖွဲ့စည်းမှုကိုသတိထားခြင်း နှင့် စီစဉ်ခြင်းလည်း လိုအပ်သည်။ ကိုယ်ကိုကိုယ်ခွဲခြားသတ်မှ တ်ရန် ဆန္ဒမရှိသောအထူးသဖြင့် ၄င်းတို့ ထိခိုက်အန္တရာယ်ကြုံတွေ့ နိုင်သော အခြေအနေများတွင်ရှိသည့်အ မျိုးသမီးများနှင့် မိန်းကလေးငယ်များကို ထိုသို့ခွဲခြား သတ်မှတ်ရန် တွန်းအားမပေး ရန်

[62]WGSS Assessment doc., p. 3-4.

သေချာဆောင်ရွက်ပါ။ လူမျိုးစု (သို့) ဘာသာရေးလူနည်းစုဖြစ်သော တစ်ဦးတစ်ယောက် (သို့) အဖွဲ့နှင့် အစည်းအဝေးများစီစဉ် ဆောင်ရွက်သောအခါတွင် ၄င်းတို့ ၏ လုံခြုံမှုနှင့် ကိုယ်ရေးအ ချက်အလက်ကို သေချာဆောင်ရွက်ရန် စီမံချက်များသည် နေရာမှန် တွင် ရှိရန်ဆောင်ရွက်ပါ။[63]

<u>အဓိကလုပ်ဆောင်ချက်များ</u>

- မတူကွဲပြားသောအုပ်စုများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ဘေးကင်းလုံခြုံစွာ ချိတ်ဆက်ဆောင်ရွက်စေပါ။ မတူကွဲပြား သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ မည်ကဲ့သို့ပါဝင်ဆောင်ရွက်လိုသည်ကို ယူဆချက်များမပြုလုပ်ပါနှင့်။ မတူကွဲပြား သောအမျိုးသမီးများနှင့် မိန်းကလေးငယ်များသည်သက်တောင့်သက်သာရှိရန် ဘေးကင်းလုံခြုံစွာပါဝင်နိုင်ရန် ပါဝင်သူများ၏ လိုလားချက်များနှင့် ပတ်သက်၍ အမြဲတမ်းမေးမြန်းပါ။
- အုပ်စုလိုက်ဆွေးနွေးခြင်းများတွင် လျှို့ဝှက်ထိန်းသိမ်းခြင်းကို ကျင့်သုံးကာ GBV (သို့) ခွဲခြားမှုများ၏ ကိုယ်ရေးဆိုင်ရာထုတ် ဖော်ပြခြင်းများ မလိုအပ်သည်ကို ယုံကြည်စေခြင်းအားဖြင့် ဖြစ်နိုင်သေ လာက် ဘေးကင်းသောနေရာတစ်ခုကို ဖန်တီးပါ။ ဝိသေ သလက္ခဏာများမည်ကဲ့သို့ကွဲပြားသည်ကို စူးစမ်းလေ့လာရန် ဖြစ်ရပ်လေ့လာခြင်းများတွင် အသုံးပြုနေသော ပုံစံနှင့် ယေဘုယျ ဥပမာများသည် မတူကွဲပြားသောအမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ထိခိုက်အန္တရာယ်များနှင့် အတားအဆီးများ တိုးမြှင့်စေနိုင်ပါသည်။ တစ်ဦးတစ်ယောက်က ထုတ်ဖော်ပြောဆိုပါက အဖွဲ့/ အုပ်စုအား လျှို့ဝှက်ထိန်းသိမ်းမှုနှင့် ပတ်သက်၍ သတိပေးပါ။
- မတူကွဲပြားသောအမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အမျိုးသမီးတစ်ဦး၏ အသက်၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူချက် တိမ်းညွှတ်မှု၊ ကျား/ မ ဝိသေသလက္ခဏာ၊ ဘာသာရေး၊ လူမျိုးစု (သို့) အခြားသောဝိသေသလက္ခဏာများကို ညွှန်ပြခြင်း (သို့) သတ်မှတ်ခြင်းအား ဖြင့် ခွဲခြားသတ်မှတ်ခြင်းမပြုလုပ်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် ၄င်းသည် အန္တရာယ်ရှိနိုင်ပြီး စိတ်ဒဏ်ရာဖြစ်စေနိုင်ပါသည်။
- အကယ်၍ အမျိုးသမီးများနှင့် မိန်းကလေးငယ်များက ထိခိုက်လွယ်သော ကိုယ်ကိုကိုယ်ခွဲခြားသတ်မှတ်ခြင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင် ရာအတွေ့အကြုံများကို ဝေမျှပါက သင်သည် GBV ၏ ထုတ်ဖော်ပြောဆိုခြင်းတစ်ခုကို တုံ့ပြန်သည့်နည်းတူ၊ ပါဝင်သူကို ၄င်းတို့ ၏ အဖိုးတန်သော ကိုယ်ရေးဆိုင်ရာအတွေ့အကြုံကိုဝေမျှခြင်းအတွက် ကျေးဇူးတင်ပါ။ အသင်းအဖွဲ့အား လျှို့ဝှက်ထိန်းသိမ်းမှု နှင့် ပတ်သက်၍ သတိပေး၍အကယ်၍ ပါဝင်သူသည် ပို၍သက်တောင့် သက်သာဖြစ်ပါက ယေဘုယျအဖွဲ့ လိုက်ဆွေးနွေးခြင်း ပြီး နောက်တွင် ထိုပုဂ္ဂိုလ်၏အတွေ့အကြုံပို၍ အသေးစိတ်သော အကြောင်းအရာတစ်ခု ပြီးတစ်ခုနှင့် ပတ်သက်၍ ပြောဆိုရန် သင် သည်ပျော်ရွှင်လိမ့်မည်။ သို့ရာတွင် ပါဝင်သူက အုပ်စုအတွင်းတွင် ဝေမျှခြင်းကို သက်တောင့် သက်သာဖြစ်ပါက သူမကို ဝေမျှရန် ပံ့ပိုးပေး၍ သူမ၏ ခွဲခြားဆက်ဆံခံရခြင်းအတွေ့အကြုံနှင့် သူမ၏ ဝိသေသလက္ခဏာနှင့်ပတ်သက်၍ ပြောဆိုရန် သူမ၏ကိုယ် စားလှယ်ကို လေးစားပါ။ လုံခြုံသောနေရာ တွင် ဆွေးနွေးခြင်းတစ်ခုတွင် ဝေမျှခြင်းသည် မတူကွဲပြားသော အမျိုးသမီးများအ တွက် စွမ်းရည်မြှင့်တင်နိုင်ပြီး ၄င်းတို့၏ ကိုယ်စားလှယ်သည် လေးစားခံရသင့်သည်။
- အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံးအတွက် GBV လေ့လာဆန်းစစ်ခြင်းတန်ဆာပလာများကို အသုံးပြုပါ။
- အချက်အလက်စုဆောင်းခြင်းကို ကျား/မ၊ အသက်အရွယ်၊ မသန်စွမ်းမှုနှင့် အခြားသော ကိုက်ညီသော ဒေသဆိုင်ရာ တန်းတူမ ညီမျှမှုများအားဖြင့် ခွဲခြားပါ။

[63]UNHCR, Working With . . ., p. 7.

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

- GBV အစီအစဉ်ပုံစံကို သတင်းပေးရန် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များနေထိုင်သော အတွေ့အကြုံကို ဖော်ပြသည့် အရည်အသွေးစံနှုန်းထားတွေ့ရှိချက်များကို မှတ်တမ်းယူပါ။
- မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ်ရှိသော စံနှုန်းများနှင့် သဘောထားများကို ဖော်ထုတ်ရန် ဝန် ဆောင်မှုပေးသူများကို ချိတ်ဆက်ဆောင်ရွက်ပါ။
- GBV လေ့လာဆန်းစစ်ခြင်း တန်ဆာပလာများကို အမျိုးသမီးများနှင့် မိန်းကလေးငယ်များအသုံးပြုသော မတူကွဲပြားသော ဘာသာစကားများအဖြစ်သို့ တတ်နိုင်သလောက် ဘာသာပြန်ပေးပါ။
- လေ့လာဆန်းစစ်မှုအစီအစဉ်ရေးဆွဲခြင်း၊ ဝန်ထမ်းလေ့ကျင့်ခြင်းကို တိုးချဲ့ကာ တည်ရှိနေ သောဒေသဆိုင်ရာ အားလုံးပါဝင်ေ အာင်လုပ်ဆောင်နေသော ကျွမ်းကျင်သူအဖွဲ့များစသော လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူ ( LGBTQI), အသက်အရွယ်ပို၍ ကြီးသူနှင့် မသန်စွမ်းမှုဆောင်ရွက်သူများ နှင့် တန်ဆာပလာပြန်လည်သုံးသပ်ပါ။

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

**အစီအစဉ်ပုံစံ**[64]

အရေးပေါ်အခြေအနေတစ်ခု စတင်၍ တုံ့ပြန်ဆောင်ရွက်မှု တစ်လျှောက်လုံးတွင် စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်မှုပေးခြင်း ယန္တရားများမှတစ်ဆင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အစီအစဉ်ပုံစံလုပ်ရှားမှုများတွင် ပါဝင်ရန် သေချာစေခြင်းသည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ထိရောက်စွာ ပါဝင်စေနိုင်သော အားလုံးပါဝင်နိုင်သည့် GBV အစီအစဉ် ရေးဆွဲခြင်းကို အကောင်အထည်ဖော်ရာတွင် အရေးပါသော ဆောင်ရွက်မှုတစ်ခုဖြစ်သည်။ အရေးပေါ်အခြေအနေတစ်ခုစတင်သည်နှင့် GBV အစီအစဉ်ကို ပုံစံရေးဆွဲရန် ကဏ္ဍစုံမှ ချဉ်းကပ်ခြင်းကို အသုံးပြုခြင်းအားဖြင့် GBV ဆောင်ရွက်သူများက ကဏ္ဍပေါင်းစုံမှ အခြေခံကျသော အရင်းအမြစ်များ၊ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်ကလေးအုပ်စုများသည် အစီအစဉ်မှ အကျိုးကျေးဇူးရရှိကာ ပါဝင်နိုင်မှုကို သေချာစေရန် မသိမသာ ကွဲပြားသော အစီအစဉ်ရေးဆွဲခြင်းဖြင့် ၎င်းတို့မှ ထူးခြားစွာ ရင်ဆိုင်ရသော အာဏာဖိနှိပ်ခြင်းနှင့် အခွင့်ထူးစသည်ကို ဖော်ထုတ်ဖြေရှင်းနိုင်သည်။[65] မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို GBV အရေးပေါ်တုံ့ပြန်သော အစီအစဉ်ပုံစံတွင် ခေါင်းဆောင်မှုကဏ္ဍများ၌ ချိတ်ဆက်လုပ်ဆောင်စေခြင်းအားဖြင့် GBV ဆောင်ရွက်သူများသည် အမျိုးသမီးများ၏ ဘေးကင်းလုံခြုံမှု၊ လူမှုဖူလုံရေးနှင့် အခွင့်အရေးများကို သက်ရောက်နေသော ကိစ္စရပ်များအပေါ် ဆုံးဖြတ်ချက်ချမှတ်ခြင်း အပါအဝင် ပြန်လည်တည်ထောင်ခြင်းနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် ပြောင်းလဲမှုလုပ်ဆောင်သော ခေါင်းဆောင်နှင့် အေးဂျင့်များအဖြစ် ဆောင်ရွက်ရန် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အခွင့်အရေးတစ်ခုဖြစ်ပါသည်။ ဤအရာကို ခွဲခြားဆက်ဆံခြင်းနှင့် ဖယ်ကျဉ်ထားခြင်း၏ အခြေခံ အကြောင်းအရာများကို စိန်ခေါ်ရာတွင် အထိရောက်ဆုံးသော နည်းလမ်းအဖြစ် ရှုမြင်ကြပါသည်။[66]

<u>အဓိကလုပ်ဆောင်ချက်များ</u>

- GBV အစီအစဉ်ရေးဆွဲခြင်းကို ဒေသဆိုင်ရာအခြေအနေများနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းရန်နှင့် အမျိုးသမီး များနှင့် မိန်းကလေးငယ်များကို တာဝန်ခံမှုရှိစေရန် သေချာဆောင်ရွက်ရာတွင် GBV အစီအစဉ်ကို အရေးပေါ်အခြေအနေတစ် ခု၏ ကနဦးမှ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအုပ်စုများဖြင့် ပုံစံရေးဆွဲပါ။
- အချက်အလက်စောင့်ကြည့်မှတ်သားခြင်းကို ကျား/မ၊ အသက်အရွယ်၊ မသန်စွမ်းမှုနှင့် အခြားသော ဒေသဆိုင်ရာ သင့်လျော် သောဝိသေသလက္ခဏာများအားဖြင့် ခွဲခြားသတ်မှတ်ပါ။
- တာဝန်ခံမှုနှင့် တုံ့ပြန်မှုယန္တရားများတွင် ပုံမှန်ချိတ်ဆက်ဆောင်ရွက်နေသော အုပ်စုများတွင် အမျိုးသမီးများနှင့် မိန်းကလေး ငယ်များ၏ မတူကွဲပြားသောကိုယ်စားပြုရှိသောသူများ နှင့် ချိတ်ဆက်ဆောင်ရွက်ပါ။
- အရေးပေါ်ဘေးကင်းသောနေရာများ၏နေရာဒေသသည် မတူကွဲပြားေ သာအမျိုးသမီးများနှင့် မိန်းကလေးငယ်များ အတွက် ဘေးကင်းလုံခြုံမှုရှိရန် သေချာဆောင်ရွက်ပါ။

---

[64] သင်ခန်းစာအပိုင်း (၅) အစီအစဉ်ပုံစံကို မိတ်ဆက်ခြင်း၊ စာမျက်နှာ ၄၁၊ GBV အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်မှု သင်တန်းသားကိုင် လက်စွဲစာအုပ် https://gbvresponders.org/emergency-response-preparedness/emergency-response-and-preparedness-training/

[65] Christine Homan, Divya Chandran & Rita Lo (2018) Young feminists working globally to end violence against women and girls: key challenges and ways forward, Gender & Development, 26:3, 495-513, DOI: 10.1080/13552074.2018.1525868

[66] HDN, p. 35. လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဖလှယ်ခြင်း။

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

- ဘေးကင်းသောနေရာလှုပ်ရှားမှုများသည် မတူကွဲပြားသောအမျိုးသမီးများနှင့် မိန်းကလေးငယ်များဆီသို့ လက်လှမ်းမီ အောင် သေချာစေရန် ဒီဇိုင်းရေးဆွဲပါ။

- GBV တုံ့ပြန်သောဝန်ဆောင်မှုများကို ရရှိ၍ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ကနဦးလုပ်ဆောင်ချက်အမျိုးမျိုးကိုထည့်သွင်းစဉ်းစား၍ ကျန်းမာရေး၊ ကလေးသူငယ်စောင့်ရှောက်မှု၊ လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူ( LGBTQI) မသန်စွမ်းမှုနှင့် အသက်အရွယ်ကြီးသူ ဆောင်ရွက်သူများအပါအဝင် အခြားသော ဆောင်ရွက်သူများနှင့်အတူ ၎င်းတို့၏ လက်လှမ်းမီခွင့်ကို လွယ်ကူ ချောမွေ့စေရန် လုပ်ငန်းဆောင်ရွက်ပါ။

## GBV ဖြစ်ရပ်စီမံခန့်ခွဲခြင်း[67]

မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၄င်းတို့၏ လိင်၊ အသက်၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူချက် တိမ်းညွတ်မှု၊ ကျား/မ ဝိသေသလက္ခဏာ၊ လူမျိုးစုနှင့် ဘာသာရေးကို တုန့်ပြန်သော အရည်အသွေးရှိသော GBV ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများနှင့် ညှိနှိုင်းစောင့်ရှောက်မှုအခွင့်အလမ်းရရှိရန် လိုအပ်ပါသည်။ လွတ်မြောက်လာသူကို အခြေခံသော ကျား/မ အခြေပြုအကြမ်းဖက်မှု ဖြစ်ရပ်စီမံခန့်ခွဲခြင်းသည် လွတ်မြောက်လာသူတစ်ဦးတစ်ယောက်စီ၏ လိုအပ်ချက်များကို ဖြည့် ဆည်းရန် ဝန်ဆောင်မှုပေးသောကြောင့် ၄င်းသည် အသိပေးသဘောတူညီမှုနှင့် လျှို့ဝှက်ထိန်းသိမ်းမှုအာမခံခြင်း၊ လွတ်မြောက် လာသူများ၏ ဆန္ဒများကို လေးစားခြင်းနှင့် ခွဲခြားဆက်ဆံခြင်းမရှိပဲ ဝန်ဆောင်မှုများနှင့်ပတ်သက်သော သတင်းအချက်အများကို လက်လှမ်းမီနိုင်အောင် ပံ့ပိုးပေးခြင်းဖြင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်မျာ၏ လိုအပ်ချက်များကို တုန့်ပြန် ဖြည့်ဆည်းပေးနိုင်သည်။ လွတ်မြောက်လာသူအခြေပြု GBV ဖြစ်ရပ်စီမံခန့်ခွဲခြင်းနည်းလမ်းသည် လွတ်မြာက်လာသူသည် ၄င်း၏ ကိုယ်ပိုင်အခြေအနေကို ဖြစ်ရပ်ဆောင်ရွက်သူ နားလည် သည်ထက်ပို၍ နားလည်သည့်အခြေခံအုတ်မြစ်အပေါ် တည်ဆောက်ထားပါသည်။ လွတ်မြောက်သူ အခြေပြုကိုင်တွယ် ဖြေရှင်းနည်းလမ်းတစ်ခုကို အသုံးပြုခြင်းသည် လွတ်မြောက်လာသူသည် ဆုံးဖြတ်ချက်ချသူဖြစ်၍ ဖြစ်ရပ်လိုက်ပါဆောင်ရွက်သူသည် ချွင်းချက်မရှိသော အပြုသဘောဆောင်သည့် သဘောထားများ နှင့် ကုစားပေးသောဆက်ဆံရေးသည် လွတ်မြောက်လာသူများ ပြန်လည်ထူထောင်လာရန် ပံ့ပိုးပေးရန် သည်။ ထို့ကြောင့် ဤကိုင်တွယ်ဖြေ ရှင်းခြင်းနည်းလမ်းသည် မတူကွဲပြားသော ဝိသေသလက္ခဏာများနှင့် အတွေ့အကြုံရှိသည့် လွက်မြောက်လာသူများ၏ ပြန်လည်ထူထောင်ရေးကို ပံ့ပိုးရာတွင် ထိရောက်မှုရှိသည်။

အရေးပေါ်အခြေအနေများတွင် ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ဆောင်မှုများကို အပြည့်အဝပေးရန် မကြာခဏခက်ခဲတတ်သည်။ လွတ်မြောက်လာသူများ၏ ချက်ချင်းလိုအပ်ချက်များ၊ ရွေးချယ်မှုများနှင့် တကွ ၎င်းတို့၏ဘေးကင်းမှု၊ လုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု နှင့် စိတ်-လူမှုပိုင်းဆိုင်ရာ အထောက်အပံ့များကို လက်လှမ်းမီဖို့ရန်အတွက် ဦးစားပေးသင့်သည်။[68] GBV ဖြစ်ရပ်များစီမံခန့်ခွဲမှုနှင့် တုန့်ပြန်သောဝန်ဆောင်မှုသည် အလုံးစုံပါဝင်ရမည်ဖြစ်ပြီး မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို တုံ့ပြန်ရမည်ဖြစ်သည်။ GBVဝန်ဆောင်မှုပေးသူများသည် ပညာရှင်ပီသစွာ အမျိုးသမီးများနှင့် မိန်းကလေးငယ်တိုင်းကို ဂုဏ်သိက္ခာ လေးစားမှုနှင့်အတူ တန်းတူညီမျှစွာ ဝန်ဆောင်မှုပေးရန် တာဝန်ရှိသည်။ GBV ဖြစ်ရပ်ဆောင်ရွက်သူများကို သင်ကြားပို့ချရာတွင် လွတ်မြောက်လာသူများကို ဘက်မလိုက်သော၊ သနားဂရုဏာသက်သော၊ ဝေဖန်ခြင်းမရှိသောတုံ့ပြန်မှုကို သေချာဆောင်ရွက်ရာတွင် တုံ့ပြန်ပေးသော အဖွဲ့များအတွက် အတွင်းတွင်ရှိသော ခွဲခြားမှုနှင့် ဘက်လိုက်ခြင်းကို သတ်မှတ်ရန်နှင့် စူးစမ်းရန် အခွင့်အရေးများပေးရန် အရေးကြီးပါ သည်။

---

[67] သင်ခန်းစာအပိုင်း (၆) ဖြစ်ရပ်စီမံခန့်ခွဲခြင်း၊ စာမျက်နှာ ၄၆-၄၉ ၊ GBV အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်မှု သင်တန်းသားကိုင် လက်စွဲစာအုပ် https://gbvresponders.org/emergency-response-preparedness/emergency-response-and-preparedness-training/

[68] UNFPA MS, p. 56.

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

<u>အဓိကလုပ်ဆောင်ချက်များ</u>

- အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ မတူကွဲပြားသောလိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဆက်လက်၍ ရှိသော တုံ့ပြန်မှုဝန်ဆောင်မှုများနှင့် ကွာဟချက်များကို သတ်မှတ်ရန် ဝန်ဆောင်မှုမြေပုံရေးဆွဲ၍ GBV အဓိက အကျိုးခံစားခွင့် ရှိသူများ နှင့် အဖွဲ့အစည်းများနှင့်အတူ အရေးကြီးသော ဝန်ဆောင်မှုရရှိနိုင်စွမ်း (သို့) လုပ်နိုင်စွမ်း ကွာဟချက်များကို ကိုင်ဖြေရှင်းရန် အစီအစဉ်တစ်ခုဆောင်ရွက်ပါ။
- GBVဖြစ်ရပ် စီမံခန့်ခွဲမှုထက်ကျော်လွန်သော မျိုးစုံကနဦးလုပ်ဆောင်ချက်ကို သေချာ အောင်ဆောင်ရွက်၍ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို စိတ်-လူမှုပိုင်းဆိုင်ရာ အထောက်အပံ့ပေးသော ဝန်ဆောင်မှုများနှင့် ချိတ် ဆက်ပေးပါ။
- ရပ်ရွာအသိုင်းအဝန်းတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ကိုယ်စားပြုသည့် ဝန်ထမ်း/ စေတ နာ့ဝန်ထမ်းများကို စုဆောင်းကာ ငှားရမ်းပါ။
- GBV ဝန်ဆောင်မှုပေးသူများကို အထူးသဖြင့် ဆယ်ကျော်သက်မိန်းကလေးများ၊ အသက်အရွယ်ပို၍ကြီးသော အမျိုးသမီးများ၊ မ သန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးများ၊ မတူကွဲပြားသော လင်စိတ်ခံယူမှုများရှိသည့် အမျိုးသမီးများနှင့် မိန်းကလေးယ်များ၊ ကျား/မ ဝိသေသလက္ခဏာများ၊ တိုင်းရင်းသားလူမျိုးစုနှင့် ဘာသာရေးနှီးနွယ်မှုရှိသောသူများ နှင့် အံဝင်ဂွင်ကျဖြစ်စေသော လွတ်မြောက်လာသူအခြေပြု ဖြစ်ရပ်စီမံခန့်ခွဲခြင်း သင်တန်းအား ပံ့ပိုးပေးပါ။
- မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို တုံ့ပြန်သော ဝန်ဆောင်မှုလက်လှမ်းမီမှုနှင့် စောင့်ရှောက်မှုအရည်အသွေးကို လျှို့ဝှက်ထိန်းသိမ်းရသော အမှုသည်၏ အကြံပြုစစ်တမ်းများ ၊ ဖြစ်ရပ်ဆောင်ရွက်သူများကို ဆက်လက်ကြီးကြပ်ဆောင်ရွက်မှု မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် ပုံမှန်တုံ့ပြန်မှုနားထောင်ခြင်းကဏ္ဍ၊ အုပ်စုလိုက်ဆွေးနွေးခြင်းများမှတစ်ဆင့် စောင့်ကြည့် စစ်ဆေးပါ။
- မသန်စွမ်းမှုရှိသော၊ အသက်အရွယ်ကြီးသူနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူ တို့အား ချိတ်ဆက် ဆောင်ရွက်ခြင်းဖြင့် ညွှန်းပို့ခြင်းဆိုင်ရာ လမ်း စဉ်တွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပါဝင်ခြင်းကို အားကောင်းအောင်လုပ်ဆောင်ပါ။ ထို့နောက် မတူကွဲပြားသော တိုင်းရင်းသားအသိုင်းအဝန်းနှင့် ဘာသာရေးခေါင်းဆောင်များသည် ညွှန်းပို့ခြင်းဆိုင်ရာလမ်းစဉ်၏ အစိတ်အပိုင်းဖြစ်သည်။
- ဖြစ်ရပ်ဆောင်ရွက်သူများ၊ တုံ့ပြန်မှုဆောင်ရွက်သော ဝန်ထမ်းများနှင့် GBVဝန်ဆောင်မှုပေးသူများကို မတူကွဲပြားမှု နှင့် အားလုံးပါဝင်ဆောင်ရွက်ခြင်းတို့တွင် သေချာစွာ အသိပညာပေး သင်တန်းပေးပါ။
- မသန်စွမ်းမှုရှိသော၊အသက်အရွယ်ကြီးသူနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူများစသည့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် အလုပ်လုပ်နေသောဒေသခံလုပ်သားများမှ အတွေ့အကြုံများ၊ အကောင်းဆုံးအလေ့အကျင့် များ၊ ပံ့ပိုးမှုနှင့် ဝန်ဆောင်မှုများ အသုံးချပါ။

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

GBV ဖြစ်ရပ်စီမံခန့်ခွဲမှု၏ နောက်ဆက်တွဲ၊ မသန်စွမ်းသောလွတ်မြောက်လာသူများအပေါ် စောင့်ရှောက်မှုနှင့် ပံ့ပိုးမှုပေးခြင်းအပေါ် ထည့်သွင်းစဉ်းစားခြင်းများ

**ဆက်သွယ်ရေး**

ဖြစ်ရပ်အများစုတွင် မသန်စွမ်းသောလွတ်မြောက်လာသူများသည် ၄င်းတို့၏ သင်္ကေတပြဘာသာစကားကို ပြန် ဆိုပေးနိုင်သော တစ်စုံတစ်ယောက်ကို ခွဲခြားသတ်မှတ်ခြင်း (သို့) ဆွေးနွေးမှုများတွင် ရိုးရှင်းသောဘာသာစကားကို အသုံးပြုခြင်းကဲ့သို့သော သင့်လျော်အောင်စီစဉ်မှုများ (သို့) အတော်အတန်သင့်လျော်အောင်စီစဉ်မှုများမရှိပဲ အကူအညီ ပေးသူများ (သို့) ဝန်ဆောင်မှုပေးသူများနှင့် တိုက်ရိုက်ဆက်သွယ်နိုင်သည်။ အခြားသောဖြစ်ရပ်များတွင် လွတ်မြောက် လာသူတစ်ဦးနှင့် ဆက်သွယ်ရန် မည်သည့်နည်းလမ်းကအကောင်းဆုံးဖြစ်သည်မှာ မထင်ရှားပဲဖြစ်နေတတ်ပြီး ဤအရာ ကို ဆုံးဖြတ်ရန် နောက်ထပ်ခြေလှမ်းများလိုအပ်ကောင်းလိုအပ်လိမ့်မည်။ ဆက်သွယ်ရာတွင် အခက်အခဲရှိသော မသန် စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် သင်လုပ်ဆောင်သင့်သည်မှာ-

အချိန်ယူပါ၊ စောင့်ကြည့်၍နားထောင်ပါ။ အကယ်၍သင်သည် လွတ်မြောက်လာသူကို တစ်ကြိမ်ထက်ပို၍ တွေ့ နိုင်သော အခြေအနေတွင်ရှိပါက ဖြစ်ရပ်စီမံခန့်ခွဲမှုသည် တစ်ကြိမ်တည်းဆောင်ရွက်ရသည့်အဖြစ်အပျက်တစ်ခုမဟုတ် သည်ကို သတိရပါ။ သင်သည် လွတ်မြောက်လာသူနှင့်တွေ့ဆုံသည့် အကြိမ်တိုင်းတွင် ၄င်းတို့၏ အကြောင်းနှင့်စပ်လျဉ်း ၍ အသစ်တစ်စုံတစ်ရာကို သင်ယူလိမ့်မည်ဖြစ်ပြီး ၄င်းတို့မည်ကဲ့သို့ ဆက်သွယ်မှုပြုလုပ်သည်နှင့် ၄င်းတို့ဘာကိုဆိုလို သည်ကို ပို၍နားလည်လာလိမ့်မည်။

စောင့်ရှောက်မှုပေးသူရှိနေလျှင်တောင်မှ တစ်ဦးတစ်ယောက်စီနှင့်အမြဲတမ်းတိုက်ရိုက်စကားပြောပါ။ အကယ်၍ သင်သည် လွတ်မြောက်လာသူနှင့်ဆက်သွယ်ရေးနည်းလမ်းများကို တည်ဆောက်နေဆဲဖြစ်၍ စောင့်ရှောက်ပေးသူထံမှ အကြံဉာဏ်တောင်းခံ ရန်လိုအပ်ပါက ထိုအပြန်အလှန်စကားပြောများကို လွတ်မြောက်လာသူ၏ရှေ့တွင်ပြောဆိုပါ။ သို့မှသာ၄င်းတို့သည် မည်သည့် အကြောင်းအရာကိုပြောဆိုကြသည်ကို ကြားနိုင်မည်ဖြစ်ပြီး ပါဝင်နိုင်မည်ဖြစ်သည်။ စကားမပြော နိုင်သော (သို့) ရွေ့လျားမှုမပြုလုပ်နိုင်သောအမျိုးသမီးများနှင့် မိန်းကလေးများသည် ၄င်းတို့အနီးအနားတွင်ဘာဖြစ်ပျက်နေသည်နှင့် ၄င်းတို့အကြောင်းကို လူတွေဘာပြောကြသည် နားလည်နိုင်သေးသည် ကို သတိရပါ။

အမျိုးသမီးများနှင့် မိန်းကလေးငယ်များဆက်သွယ်ရန် ဆန္ဒရှိသည့် မည်သည့်နည်းလမ်းကိုမဆို အာရုံစိုက်ပါ။ ၄င်းဆက် သွယ်မှုသည် ဟန်ပန်အမူအရာနှင့် တစ်ခါတစ်ရံတွင် ၄င်းတို့၏ စိတ်ခံစားချက်များမှတစ်ဆင့် ဖြစ်နိုင်ပါသည်။ အသိဉာဏ်နှင့် စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသော အမျိုးသမီးများနှင့်မိန်းကလေးငယ်များသည် ဟန်ပန်အမူအရာအမျိုးမျိုး ကို ထုတ်ဖော်ပြသနိုင်သည်။ ဤအရာသည် တစ်ခါတစ်ရံ၄င်းတို့၏ အခြားသူများနှင့် ဆက်သွယ်သည့်နည်းလမ်းဖြစ်သည်။ အကယ်၍ သင်သည် လွတ်မြောက် လာသူက သင်နှင့်ဆက်သွယ်ရန်ကြိုးစားနေသည်ကို ခံစားမိသည် (သို့) တွေ့ရှိလျှင် သို့ရာတွင် သင်နားမလည်လျှင် **'ကျွန်ုပ်နားမလည်ပါ'** ဟု ပြောဆိုရန် အဆင်ပြေပါသည်။

လွတ်မြောက်လာသူများအပေါ်ဖိအားမပေးပါနှင့်။ အသိဉာဏ်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာမသန်စွမ်းသူများသည် ဖိအားများရှိနေ ချိန်တွင် နားလည်နိုင်စွမ်း/ လုပ်ဆောင်နိုင်စွမ်းအနိမ့်အဆင့်သို့ ရောက်ရှိသွားတတ်သည်။ အဖြစ်အပျက်များနှင့် ပတ်သက်၍ ပြောဆိုရန် တစ်ဦးတစ်ယောက်၏အဆင်သင့်ဖြစ်မှုကို အမြဲအလေးထားပါ။ မည်သည့်လွတ်မြောက်လာသူ နှင့်မဆို၊ ၄င်းတို့ပြော ဆိုရန် အဆင်သင့်မဖြစ်သေးသည့် သတင်းအချက်အလက်ကိုထုတ်ဖော်ပြောဆိုရန် လွတ်မြောက်လာသူကို ဖိအားပေးခြင်းဖြင့် အာဏာနှင့် ထိန်းချုပ်မှုပြောင်းလဲခြင်းကို သတိမေ့စွာ ပုံစံမှားခြင်းကို သတိပြုပါ။[69]

[69] အေဂျင်စီများကြား GBV ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ p. 139. https://gbvresponders.org/response/gbv-case-management/,, p. 143.

**အသိပေးသဘောတူညီမှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း** [70]

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူညီချက်သည် မသန်စွမ်းမှုများနှင့် လူပုဂ္ဂိုလ် များသည် အခြားသူများကဲ့သို့ ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များကိုချမှတ်ရန် တန်းတူအခွင့်အရေးများရှိ၍ ထိုကိုက်ညီသော အစီအမံများသည် ၎င်းတို့၏ ဥပဒေရေးရာစွမ်းရည်ကိုလေ့ကျင့်ရန် ၎င်းတို့ကို ပံ့ပိုးရာတွင် ဆောင်ရွက် ရမည်။ တစ်စုံတစ်ဦးသည် ၎င်းတို့သည် မသန်စွမ်းသူတစ်ဦးဖြစ်သောကြောင့် ဆုံးဖြတ်ချက်များပြုလုပ်ရန် ၎င်းတို့၏ ဥပဒေရေးရာစွမ်းရည်ကိုမဆုံးရှုံးပါ။ သင်သည် ရှေးဦးစွာမှတ်ယူသင့်သည်မှာ မသန်စွမ်းမှုတစ်ခုရှိနေသော အရွယ်ရောက်သောလွတ်မြောက်လာသူများသည် အသိပေးသဘောတူညီမှုကို လွတ်လပ်စွာပေးရန် စွမ်းရည်ရှိသည်။ တစ်စုံတစ်ဦးကို အသိပေးဆုံးဖြတ်ချက်တစ်ခုပြုလုပ်ရန် ပံ့ပိုးမှုရ ရှိရန် လိုအပ်မှုရှိမရှိကို အမြဲတမ်းမေးပါ။

အကယ်၍ သင်သည် ဆက်သွယ်ရန် ခက်ခဲနေသည့် ပုဂ္ဂိုလ်တစ်ဦးနှင့် လုပ်ငန်းဆောင်ရွက်နေပါက အောက်ပါမေးခွန်း များကို သင့်ကိုယ်သင်မေးပါ-

- သတင်းအချက်အလက်ကို ဆက်သွယ်ခြင်းနည်းလမ်းတစ်ခုထက်ပို၍ သင်အသုံးပြုဖူးပါသလား? ဤသတင်းအချက်အ လက်ကို ရယူရန်နှင့် မေးခွန်းများမေးရန် ၎င်းတို့ကိုအချိန်ပေးဖူးပါသလား။
- သင်သည်လွတ်မြောက်လာသူမှပေးထားသော သတင်းအချက်အလက်နှင့် ၎င်းတို့ပြုလုပ်သောဆုံးဖြတ်ချက်များ ၏ နောက်ဆက်တွဲဆိုးကျိုးများကို နားလည်မှုရှိမရှိကို ဆုံးဖြတ်နိုင်ပါသလား။ ၎င်းကို သင်မည်သို့ဆုံးဖြတ်သနည်း။ (ဥပမာ မေးခွန်း၊ ဆွေးနွေးချက်များ၊ ကိုယ်လက်ဟန်အမူအရာ (သို့မဟုတ်) အခြားပုံစံများမှတစ်ဆင့်လား)
- လွတ်မြောက်လာသူ၏ဆုံးဖြတ်ချက်များသည် မိမိဆန္ဒအတိုင်းဖြစ်၍ အခြားသူများအားဖြင့် တွန်းအားပေးခြင်း (သို့) အကျပ်ကိုင်ခြင်းမဖြစ်စေရန် သေချာဆောင်ရွက်နိုင်ပါသလား။ သင်သည် ဤအရာကို မည်ကဲ့သို့ ဆုံးဖြတ်သနည်း။
- (စောင့်ရှောက်မှုပေးသူ (သို့) မိသားစုဝင်တစ်ဦးပါဝင်ပြီး ဖြစ်ပါသလား။ အကယ်၍ ပါဝင်လျှင် မည်သို့နည်း။ လွတ်မြောက်လာသူကို တိုင်ပင်ဆွေးနွေးရာတွင် သင်မေးမြန်းသော မေးခွန်းများကို ၎င်းတို့က ဖြေဆိုနေပါသ လား။)

အကယ်၍ ဤမေးခွန်းများအပေါ် ပြန်လည်သုံးသပ်ပြီးနောက်တွင် လွတ်လပ်စွာသဘောတူညီရန် လွတ်မြောက်လာ သူတစ်ဦး၏ စွမ်းရည်နှင့်ပတ်သက်၍ သေချာမှုမရှိလျှင် သင်သည် အသိပေးသဘောတူညီမှုအတွက် နောက် ထပ်ပံ့ပိုးမှုပေးရန် လိုအပ်မှုရှိမရှိကို ဆုံးဖြတ်ရန် ကြီးကြပ်သူတစ်ဦးပါဝင်သင့်သည်။ သင်သည် အောက်ပါနောက်ထပ်ခြေ လှမ်းများကိုလုပ်ဆောင်ရန် သင်၏ ကြီးကြပ်သူနှင့် ဆွေးနွေးနိုင်သည်။

ယုံကြည်စိတ်ချရသော ပံ့ပိုးသူတစ်ဦးပါဝင်ခြင်းကို ထည့်သွင်းစဉ်းစားပါ။ မိသားစုဝင်များ၊ စောင့်ရှောက်မှုပေးသူ များနှင့် မသန်စွမ်းသော ပုဂ္ဂိုလ်များ၏မိတ်ဆွေများသည် နားလည်သဘောပေါက်ခြင်းနှင့် ၎င်းပုဂ္ဂိုလ်နှင့် ဆက်သွယ်ခြင်းကို လွယ်ကူချော မွေ့စေရာတွင် အဖိုးမဖြတ်နိုင်သော အရင်းအမြစ်တစ်ခုဖြစ်သည်။ သင်သည် ဤသို့လုပ်ဆောင်ရန် လုံခြုံသည်ဟုသတ်မှတ်ပါက၊ ဆက်သွယ်ရေးကို ပံ့ပိုးခြင်းနှင့် အသိပေးသဘောတူညီမှုပေးရန် လွတ်မြောက်လာသူ၏ စွမ်းရည်ကို မြှင့်တင်ခြင်းအဖြစ် သင်၏ ဆွေးနွေးခြင်းတွင် ၎င်းတို့ယုံကြည်စိတ်ချသည့်တစ်စုံတစ်ဦးပါဝင်ရန် ကြီးကြပ်သူ၏ခွင့်ပြုချက်ကိုမေးပါ။ ၎င်းတို့ မည်သူကိုပါဝင်စေလိုသည်ကို လွတ်မြောက်လာသူအား သတ်မှတ်စေပြီး

---

[70] အေဂျင်စီများကြား GBV ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ p. 139. https://gbvresponders.org/response/gbv-case-management/,, p. 143.

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

ပံ့ပိုးပေးသူကပေးသော အကြံဉာဏ်များကို ၎င်းတို့သဘောတူသည် (သို့) သဘောမတူသည့် လက္ခဏာကိုစောင့်ကြည့်ပါ။ သင်သည် ပံ့ပိုးသူက ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်အပေါ် လွှမ်းမိုးခြင်းမဖြစ်အောင် ဂရုတစိုက် စစ်ဆေးဖို့လိုအပ်သည်။

လွတ်မြောက်လာသူ၏ အကောင်းဆုံးကိုယ်ကျိုးများကို လေ့လာသုံးသပ်ပါ။ အဆုံးတွင် ဖြစ်ရပ်စီမံခန့်ခွဲမှုဖြစ်စဉ်တွင် မည်သည့်အချက်၌ သဘောတူညီသည်နှင့် ပတ်သက်၍ လွတ်မြောက်လာသူ၏ စွမ်းရည်ကို မသေချာသေးပါက သင်သည် လွတ်မြောက်လာသူ၏ အကောင်းဆုံးကိုယ်ကျိုးအတွက် ဆုံးဖြတ်ချက်များကို သတ်မှတ်ရန် အောက်ပါလမ်းညွှန်စည်းမျဉ်းများကို အသုံးပြုနိုင်သည်။

ဘေးကင်းလုံခြုံမှု။ ဆုံးဖြတ်ချက်/လုပ်ဆောင်ချက်သည် ဖြစ်နိုင်ချေရှိသော အလွဲသုံးစားပြုလုပ်ခြင်း (ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားချက်ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ) စသည်တို့မှ လွတ်မြောက်လာသူကို ကာကွယ်ပေးပါသလား။
စွမ်းရည်မြှင့်တင်ခြင်း။ ဆုံးဖြတ်ချက်/လုပ်ဆောင်ချက်သည် လွတ်မြောက်လာသူ၏ဆန္ဒနှင့် နှစ်သက်မှုများကို အကောင်းဆုံး အဓိပ္ပါယ်ဖော်ဆောင်ပါသလား။

အသုံးစရိတ် ချွေတာနိုင်မည့် ခွဲခြမ်းစိတ်ဖြာခြင်း။ ဆုံးဖြတ်ချက်/လုပ်ဆောင်ချက်၏ ဖြစ်နိုင်ချေရှိသော ရလာဒ်များသည် ဖြစ်နိုင်ချေရှိသော အန္တရာယ်များထက် သာလွန်ပါသလား။
ကုစားခြင်း။ ဆုံးဖြတ်ချက်/လုပ်ဆောင်ချက်သည် လွတ်မြောက်လာသူ၏ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ပြန်လည်ထူထောင်ရေး၊နှင့် အလုံးစုံသော ကုစားခြင်းကို မြှင့်တင်ပေးပါသလား။

ဖြစ်နိုင်သော အတိုင်းအတာတွင် လွတ်မြောက်လာသူထံမှ အသိပေးသဘောတူညီမှုကို ရရှိသင့်သည် (ဆိုလိုသည်မှာ အဆိုပြုထားသော ဆုံးဖြတ်ချက်များ၊ ဝန်ဆောင်မှုများနှင့်/သို့မဟုတ် လှုပ်ရှားမှုများတွင် ပါဝင်ရန် ၎င်းတို့၏ စိတ်အား ထက်သန်မှု)

**စောင့်ရှောက်ပေးသူများ/ မိသားစုဝင်များနှင့် လုပ်ငန်းဆောင်ရွက်ခြင်း**

ရှေ့ကဏ္ဍများတွင် ဆွေးနွေးထားသကဲ့သို့ လွတ်မြောက်လာသူအား စောင့်ရှောက်မှုပေးသူ (သို့) မိသားစုဝင်များနှင့် လုပ်ငန်းဆောင်ရွက်ရန် အသုံးဝင်နိုင်၍ အချို့သော ဖြစ်ရပ်များတွင် မရှိမဖြစ်လိုအပ်သည်။ သို့ရာတွင် ထိုသို့လုပ်ဆောင်ခြင်းသည် လွတ်မြောက်လာသူ၏ ဘေးကင်းလုံခြုံမှု၊ လျှို့ဝှက်ထိန်းသိမ်းခြင်းနှင့် စိတ်ဝင်စားမှုများကို မြှင့်တင်ရန် အားထုတ်မှုများတွင် ရှုပ်ထွေးစေနိုင်ပါသည်။ စောင့်ရှောက်မှုပေးသူများနှင့် မိသာစုဝင်များ ပါဝင်ခြင်းအပေါ် မသန်စွမ်းသူများအား တိုင်ပင်ဆွေးနွေးသင့်၍ လွတ်မြောက်လာသူများအားလုံးတွင်လည်း ၎င်းကဲ့သို့ဖြစ်သင့်သည်။ သင်သည် လွတ်မြောက်လာသူတစ်ဦးအား စောင့်ရှောက်မှုတစ်ခုတွင် စောင့်ရှောက်မှုပေးသူတစ်ယောက် ပါဝင်ခြင်း၏ အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို ပုံမှန်စစ်ဆေးရန်လိုအပ်၍ လွတ်မြောက်လာသူများအတွက် ထိုသို့လုပ်ဆောင်ရန် လိုအပ်ခြင်းရှိ/မရှိကို ဆက်လက်၍ မေးမြန်းပါ။ လွတ်မြောက်လာသူမှ ထိုကဲ့သို့ လုပ်ဆောင်ရန်အတွက် လုံခြုံ၍ အဆုံးစွန်ထိ စွမ်းရည်မြှင့်တင်ပေးပါ။ စောင့်ရှောက်မှုပေးသူများ၊ မိသားစုဝင်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် သတိရရန် အရေးကြီးသော အရာများမှာ-

**ဘေးကင်းလုံခြုံမှုကိုစစ်ဆေးအကဲဖြတ်ပါ။** အထောက်အပံ့ပေးနေသော ပုဂ္ဂိုလ်ထံမှ အလားအလာရှိသော အကြမ်းဖက်မှုကို တားဆီးရန် အသေးစိတ်သော ဘေးကင်းလုံခြုံမှုစစ်ဆေးအကဲဖြတ်ခြင်းကို ပုံမှန်ဆောင်ရွက်ပါ။ အဘယ်ကြောင့်ဆိုသော်

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

ပြစ်မှုကျူးလွန်သူသည် မကြာခဏ လွတ်မြောက်သောသူနှင့် သိကျွမ်းသူဖြစ်၍ ၄င်းပုဂ္ဂိုလ်သည် ၄င်းတို့ကို နေ့စဉ်ဘဝတွင် အခြေခံလိုအပ်သည့် စောင့်ရှောက်မှုနှင့် အကူအညီပေးနေသူ ဖြစ်နိုင်သည်။

**လွတ်မြောက်လာသူကို အာရုံစိုက်ပါ။** လွတ်မြောက်လာသူသည် ဝန်ဆောင်မှုများကို ရှာဖွေနေသော ပုဂ္ဂိုလ်ဖြစ်၍ လုပ်ဆောင်မှုအားလုံးသည် ၄င်းတို့၏ ဆန္ဒနှင့် နှစ်သက်မှုများအားဖြင့် လမ်းညွှန်သင့်သည်။ မိသားစုဝင်များနှင့် စောင့်ရှောက်မှုပေးသူများ၏ စိတ်ဝင် စားမှုများသည် လွတ်မြောက်လာသူများ၏ ဆန္ဒ၊ နှစ်သက်မှုများနှင့် ဆက်နွယ်နေနိုင်သည် (သို့) မဆက်နွယ်ပဲနေနိုင်သည်။ လွတ်မြောက်လာသူနှင့် အခြေခံဆက်သွယ်ရေး၊ ပါဝင်ခြင်းကို ထိန်းသိမ်းထားကာ စောင့်ရှောက်မှုပေးသူ (သို့) မိသားစုဝင်ကို ဆက်သွယ်ရန် လွတ်မြောက်လာသူထံမှ ခွင့်ပြုချက်တောင်းဆိုပါ။

**လျှို့ဝှက်ချက်ကို ထိန်းသိမ်းထားပါ။** အကယ်၍ လွတ်မြောက်လာသူသည် စောင့်ရှောက်မှုပေးသူနှင့် မိသားစုဝင်များနှင့် ဝေမျှရန်ဆန္ဒမရှိသော သတင်းအချက်အလက်များကို ဖွင့်ပြောလာလျှင် သင့်အနေဖြင့် ၎င်းတို့၏ လျှို့ဝှက်ချက်ကို လေးစားရမည်။ စောင့်ရှောက်မှုပေးသူသည် လွတ်မြောက်လာသူထံမှ ရှင်းလင်းသော ခွင့်ပြုချက်မရလျှင် လွတ်မြောက်လာသူ၏သတင်းအချက်အလက်ကို မဝေမျှပါနှင့်။ စောင့်ရှောက်မှုပေးသူသည် အဘယ်ကြောင့် ၄င်းသတင်းအချက်အလက်ကို လိုအပ်သည်ကို အမြဲဆင်ခြင်၍ စောင့်ရှောက်မှု လွယ်ကူချောမွေ့စေရန် လိုအပ်သည့်အရာကိုသာ ဝေမျှပါ။ ဥပမာအားဖြင့် သင်သည် လွတ်မြောက်လာသူတစ်ဦးနှင့် ၄င်းတို့၏ စောင့်ရှောက်မှုပေးသူနှင့် ဖြစ်ရပ်လုပ်ဆောင်မှု အစီအစဉ်တစ်ခုကို ပြန်လည်သုံးသပ်ရန် ပူးတွဲအစည်းအဝေးကို ဆောင်ရွက်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းသည် စောင့်ရှောက်မှုပေးသူ (သို့) မိသားစုဝင်၏ လုပ်ဆောင်ချက် လိုအပ်သောကြောင့်ဖြစ်သည်။ ထိုကဲ့သို့သောဖြစ်ရပ်တွင် ၄င်းတို့သည် လွတ်မြောက်လာသူနှင့် စောင့်ရှောက်မှုအပိုင်းကို လွယ်ကူချောမွေ့စေရန်အတွက် ဘယ်အရာက သင့်လျော်သည်ကို သိရန်လိုအပ်သောကြောင့်ဖြစ်သည်။ နောက်ဆုံးတွင် စောင့်ရှောက်မှုပေးသူ (သို့) မိသားစုဝင်တစ်ဦးသည် ဖြစ်ရပ်စီမံခန့်ခွဲမှုဖြစ်စဉ်၏ မည်သည့်အခန်းကဏ္ဍတွင် ပါဝင်သည်ဖြစ်စေ ၄င်းတို့သည် လျှို့ဝှက်ချက်ကို ထိန်းသိမ်းရန်လိုအပ်သည်။ သင်သည် ၄င်းပုဂ္ဂိုလ်ကို ဤအရာနှင့်ပတ်သက်၍ ကနဦးကတည်းက ရှင်းလင်းအောင်ပြုလုပ်ပါ။

**စောင့်ရှောက်မှုပေးသူ (သို့) မိသားစုဝင်ကို အထောက်အပံ့ပေးပါ။** အကယ်၍ သင်သည် စောင့်ရှောက်မှုပေးသူ (သို့)မိသားစုဝင်ပါဝင်သည်ကို လုံခြုံသည်ဟု ဆုံးဖြတ်လျှင် စောင့်ရှောက်မှုပေးသူကိုလည်း အထောက်အပံ့ ပေးသင့်သည်။ GBV နှင့် စိတ်ဒဏ်ရာ၏ အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းကို တိကျမှန်ကန်သော သတင်းအချက်အလက်ပေးခြင်းသည် လွတ်မြောက်လာသူ ဘာကိုကြုံ တွေ့နိုင်သည်နှင့် ၄င်းတို့ကို အကောင်းဆုံး မည်ကဲ့သို့ ထောက်ပံ့ရမည်ကို နားလည်နိုင်ရန် ကူညီပေးနိုင်ပါသည်။ စောင့်ရှာက်မှုပေးသူသည် လွတ်မြောက်လာသူကို အပြစ်တင်ရန် လိုလားကောင်းလိုလားလိမ့်မည်။ ထို့ကြောင့် ဖြစ်ပျက်သည့်အရာသည် လွတ်မြောက်လာသူ၏ အမှား မဟုတ်ကြောင်းကို သေချာပြောဆိုပါ။ စောင့်ရှောက်မှုပေးသူသည် လွတ်မြောက်လာသူကို အကြမ်းဖက်မှုမှ ကာကွယ်ပေးရန် မတတ်စွမ်းနိုင်ခြင်းအတွက် ၄င်းတို့ဘာသာ အပြစ်တင်တတ်သည်။ စောင့်ရှောက်မှုပေးသူများကို ၎င်းတို့၏လုပ်ဆောင်ချက်သည် ၄င်းတို့အတွက် ကြားနာရန်အရေးကြီးသော သတင်းစကားဖြစ်သည့် အထောက်အပံ့ဖြစ်သော၊ အပြစ်မတင်သော၊ အကဲမဖြတ်သော စကားများပြောပေးပါ။ ၄င်းတို့အား အထောက်အပံ့ပေးခြင်းဖြင့် သင်သည် လွတ်မြောက်လာသူကို အထောက်အပံ့ပေးရန် ၄င်းတို့၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်းဖြစ်သည်။[71] စောင့်ရှောက်မှုပေးသူသည် မိန်းကလေးငယ်များ၏ မသန်စွမ်းမှုကို လက်ခံရန်(သို့) ကိုင်တွယ်ဖြေရှင်းရန် အခက်အခဲရှိကောင်းရှိနိုင်သည်။ စောင့်ရှောက်မှုပေးသူများသည် သူမကို ထောက်ပံ့ပေးစရာ မလိုအောင် မိန်းကလေးငယ်ကို ယောက်ျား/ကောင်လေးနှင့် အတင်း/ စောစီးစွာ လက်ထပ်စေခြင်းကို

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု
ချင့်ချိန်စဉ်းစားရလိမ့်မည်။ GBV တုံ့ပြန်ဆောင်ရွက်သော ဝန်ထမ်းများသည် မသန်စွမ်းသော မိန်းကလေးငယ်များမှ အချို့သောအခြေအနေများတွင် အတင်းအကျပ်/ စောစီးစွာ လက်ထပ်ခံရခြင်း အန္တရာယ်တိုးမြှင့်နိုင်သည်ကို သတိပြုသင့်၍ ၎င်းအန္တရာယ်များကို လွတ်မြောက်လာသူနှင့် ဖြစ်ရပ်စီမံခန့်ခွဲမှုဖြစ်စဉ်မှတစ်ဆင့် လျှော့ချရန် အဖြေရှာသင့်သည်။

### ဘေးကင်းလုံခြုံမှု

မသန်စွမ်းဖြစ်သော လွတ်မြောက်လာသူများအတွက် ဘေးကင်းလုံခြုံမှု အစီအစဉ်များသည် တစ်ဦးချင်းစီကို ဗဟိုပြု လုပ်ဆောင်သင့်၍ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။

- ၎င်းတို့အား ဖယ်ကျဉ်ထားရန်၊ ထွက်ခွာသွားခြင်းမှတားဆီးရန် (သို့) ၎င်းတို့အား နောက်ထပ် အန္တရာယ်ပြုရန် ပြစ်မှုကျူးလွန်သူသည် လွတ်မြောက်လာသူ၏ မသန်စွမ်းမှုကို ခေါင်းပုံဖြတ် အမြတ်ထုတ်ရန် ကြိုးစားနိုင်သည့် နည်းလမ်းများ၊ နေထိုင်မှုအခြေအနေနှင့် တစ်စုံတစ်ဦး၏ သီးသန့်ဖြစ်သော မသန်စွမ်းမှု။
- လွတ်မြောက်လာသူ၏ မသန်စွမ်းခြင်းသည် ၎င်းတို့၏ ဘေးကင်းလုံခြုံမှုအစီအစဉ် အကောင်အထည်ဖော်ခြင်း၊ လိုအပ်ပါကအစီအစဉ်ကို ညှိနှိုင်းပြင်ဆင်ခြင်းတို့ကို မည်ကဲ့သို့ သက်ရောက်နိုင်သနည်း။
- ၎င်းတို့၏ ဘေးကင်းလုံခြုံရေးအစီအစဉ်ကို ဆောင်ရွက်ရာတွင် ဆေးဝါး၊ အထောက်အကူပေးနိုင်သော ပစ္စည်းများ(သို့) ကိရိယာတန်ဆာပလာ(သို့) ကျန်းမာရေးဆိုင်ရာ သင့်လျော်သော စာရွက်စာတမ်းများ (သို့) ဥပဒေရေးရာ အထောက်အပံ့ ကဲ့သို့သော ၎င်းတို့ လိုအပ်မည့် မသန်စွမ်းဆိုင်ရာ သီးခြားကိရိယာများ။[72]

[71] IAGBVCMGL, p. 146.

[72] IAGBVCMGL, p. 146.

## လူမှု-စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့[73]

စိတ်ထိခိုက်စရာအဖြစ်အပျက်များမှ လွတ်မြောက်လာသူများသည် လူ့အဖွဲ့အစည်းထဲသို့ ပြန်လည်ပေါင်းစည်းရန် လုံလောက် သောအကာအကွယ်နှင့်ပြန်လည်ထူ ထောင်ရေးရရှိစေရန် ယဉ်ကျေးမှု၊ အသက်အရွယ်နှင့် ကျား/မ ဆိုင်ရာ ထိခိုက်လွယ်သော လူမှု-စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ၏ပြဋ္ဌာန်းချက်ကို ပံ့ပိုးပေးပါ။ သင့်လျော်၍ ထိရောက် သော ညွှန်းပို့ခြင်းဆိုင်ရာ ယန္တရားများကို အမျိုးသမီးများနှင့် မိန်းကလေးငယ်များအားလုံးအတွက် လက်လှမ်းမီအောင် သေချာဆောင်ရွက်ပါ။ လူမှု-စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် တုံ့ပြန်မှု ဝန်ဆောင်မှုများမှ မတူကွဲပြားသော အုပ်စုများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ခွဲခြားချန်လှပ်ထားခြင်းသည် ထိခိုက်သူ ရာခိုင်နှုန်းများ၊ အနုတ်လက္ခဏာဆောင်သော စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုနှင့် ကျန်းမာရေး ကိစ္စများ တိုးမြင့်လာစေသည်

**အကောင်းဆုံး အလေ့အထ- ကျွန်ပြုခံရသော Yezidi အမျိုးသမီးများကို လူမှုပတ်ဝန်းကျင်အတွင်းသို့ ပြန်လည် ပေါင်းစည်းခြင်း**
NCA ၏ တွဲဖက်အဖွဲ့အစည်း Yazda သည် Lalish တွင် Yezidi ဘာသာရေးခေါင်းဆောင်နှင့် ပူးပေါင်း၍ IS ဖမ်းဆီးခြင်း၏ လွတ်မြောက်လာသူအမျိုးသမီးများအတွက် ပေါင်းစည်းခြင်းဖြစ်စဉ်တစ်ခု တည်ထောင်ခဲ့သည်။ ပေါင်းစည်းခြင်းအစီအစဉ်၏အစတွင် ဤအမျိုးသမီးများသည် Lalish ကို ရက်အနည်းငယ်လည်ပတ်၍ Lalish တွင် ဘုန်းတော်ကြီးအားဖြင့် Yezidi အသိုင်းအဝန်းသို့ တရားဝင်ကြိုဆိုမှုမပြုလုပ်ခင်တွင် အကြံပေးခြင်းနှင့် ဆေးကြောခြင်း ထုံးတမ်းကိုခံယူရသည်။ ဘုန်းတော်ကြီးများက အမျိုးသမီးများသည် ၄င်းတို့၌ ဖြစ်ပျက်ခဲ့သည့်အရာနှင့် ပတ်သက်၍ ၄င်းတို့တွင် တာဝန်မရှိကြောင်း ၄င်းတို့ကို ဒေါသထွက်ခြင်း (သို့) အဂတိဘက်လိုက်ခြင်းမရှိပဲ မိသားစုများနှင့် ရပ်ရွာအသိုင်းအဝန်းအတွင်းသို့ ပြန်လည်လက်ခံသည်ကို လူသိရှင်ကြားဖော်ပြသည်။
ဆီးရီးယား နှင့် အီရတ်နိုင်ငံရှိ လူနည်းစုများကို ကာကွယ်မှုပေးခြင်း။ စာမျက်နှာ ၁၃

ပူပင်သောကအား ဖော်ပြခြင်း နည်းလမ်းများ - အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၄င်းတို့၏ ကျန်းမာရေးဆိုင်ရာ လက္ခဏာများကို မည်သို့ နားလည်သဘောပေါက်သည်၊ မည်သို့ဖော်ပြသည်နှင့် မည်သို့ အကူအညီရှာဖွေသည်မှာ ယဉ်ကျေးမှုအရ သိသာထင်ရှား၍ ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ စံသတ်မှတ်ချက်များတွင် စွဲကပ်နေသည်။ ထို့ကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘာသာရေးဆိုင်ရာနှင့် လူမျိုးစုဆိုင်ရာ နောက်ခံသမိုင်းကြောင်းသည် GBVမှ လွတ်မြောက်လာသူများ၏ လိုအပ်ချက်များကို နားလည်သဘောပေါက်ခြင်းနှင့် ဖြည့်ဆည်းပေးရာတွင် အရေးပါသောအချက်များဖြစ်သည်။ ဥပမာ - ဝန်ဆောင်မှုပေးသူများကို ယုံကြည်စိတ်ချမှုသည် ၄င်းတို့အား ဆက်လက်လုပ်ဆောင်စေနိုင်ရန်နှင့် အချို့သော သာကေများတွင် အမျိုးသမီးများသည် ၄င်းတို့နှင့် ကိုးကွယ်ယုံကြည်မှုတူသော ဖြစ်ရပ်လိုက်ပါဆောင်သူရွက်သူများထံမှ ပံ့ပိုးမှုရယူခြင်းက ၄င်းတို့အတွက် ပို၍ သက်တောင့်သက်သာဖြစ်စေသည်။ အမျိုးသမီးများ၏ မိသားစုနှင့် ရပ်ရွာအသိုင်းအဝန်း ယဉ်ကျေးမှုကို သိနားလည်ခြင်းသည် GBVမှ လွတ်မြောက်လာသူများအား ပံ့ပိုးရာတွင် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ရေးကိုယ်တာကိစ္စရပ်များ၊ အိမ်တွင်းရေး အလေ့အထများ၊ ရိုးရာဓလေ့များသည် တစ်ခါတစ်ရံတွင် ကွဲပြားကြ၍ ၄င်းတို့အား ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခြင်းသည် အမျိုးသမီးများအား ၄င်းတို့လိုအပ်သည့် ပံ့ပိုးမှုရရှိခြင်းမှ တားဆီးပေးလိမ့်မည်။[74] GBV တုံ့ပြန်ဝန်ဆောင်မှုများအပေါ်တွင် သတင်းအချက်အလက်ပေးရန် မတူကွဲပြားသော လူမျိုးစုနှင့် ဘာသာရေး အခြေပြုအဖွဲ့အစည်းဆိုင်ရာ ရှိနှင့်ပြီးသော ဖွဲ့စည်းတည်ဆောက်ပုံများကို အသုံးပြုပါ။

---

[73] သင်ခန်းစာအပိုင်း (၇) စိတ်-လူမှုပိုင်းဆိုင်ရာ အထောက်အပံ့၊ စာမျက်နှာ ၅၀-၅၈ ၊ GBV အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်မှု သင်တန်းသားကိုင် လက်စွဲစာအုပ် https://gbvresponders.org/emergency-response-preparedness/emergency-response-and-preparedness-training/

[74] ဆီးရီးယား နှင့် အီရတ်နိုင်ငံရှိ လူနည်းစုများကို ကာကွယ်မှုပေးခြင်း။ စာမျက်နှာ ၁၃

<u>အဓိကလုပ်ဆောင်ချက်များ-</u>

- GBV ရှေးဦးတုံ့ပြန်သူများကို ဘေးကင်းလုံခြုံသော၊ တည်ငြိမ်အေးဆေးသော ပတ်ဝန်းကျင်တစ်ခုပေးရန်၊ ထောက်ခံအားပေးစွာ နားထောင်ရန်၊ ဂရုဏာ နှင့် ဝေဖန်မှုမပြုခြင်းကို ပြသရန်၊ ဘက်လိုက်ခြင်းမရှိပဲ တစ်ဖန်ပြန်လည်စိတ်ချခြင်းကို ပေးရန်နှင့် မတူကွဲ ပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အခွင့်အလမ်းမြှင့်တင်ပေးရန် လေ့ကျင့်ပေး၍ ပံ့ပိုးပေးပါ။
- မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အသက်အရွယ်၊ မသန်စွမ်းမှု၊ ယဉ်ကျေးမှုနှင့် ဘာသာရေးကို တုံ့ပြန် ေ စိတ်-လူမှုပိုင်းဆိုင်ရာ အထောက်အပံ့ကို ပံ့ပိုုးပေးပါ။
- စိတ်-လူမှုပိုင်းဆိုင်ရာအထောက်အပံ့ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ သတင်းအချက်အလက်ကို ပစ်မှတ်ထားသော ချိတ်ဆက်သူမှတစ်ဆင့် မတူကွဲပြားသော အမျိုးသမီးနှင့် မိန်းကလေးငယ်များနှင့် ဝေမျှ၍ ရောက်ရှိအောင် သေချာဆောင်ရွက်ပါ။
- နေရာဒေသ၊ ရွှေ့ပြောင်းမှုနှင့် လက်လှမ်းမီနိုင်မှု၊ ကုန်ကျစရိတ်၊ ကိုယ်ရေးကိုယ်တာ၊ ဘာသာစကား၊ ယဉ်ကျေးမှု(ဥပမာ- ခွင့်ပြု ချက်လိုအပ်ခြင်း (သို့) ဆွေမျိုး၊ အမျိုးသားအတူပါဝင်မှုလိုအပ်ခြင်း)၊ ကလေးငယ်စောင့်ရှောက်မှု၊ လုပ်ရှားမှုများ၏ အချိန်စသည်တို့ အပါအဝင် စိတ်-လူမှုပိုင်းဆိုင်ရာအထောက်အပံ့ ဝန်ဆောင်မှုများရရှိရန် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အ လမ်းတွင် အတားအဆီးများကို သတ်မှတ်၍ ဖယ်ရှားပါ။[75]
- ရပ်ရွာအသိုင်းအဝန်းများတွင်ပါဝင်မှု၊ ဘေးကင်းလုံခြုံမှု၊ လေးစားမှု၊ စောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ခြင်း ကို တိုးမြှင့်ပေး သည့် ရပ်ရွာအသိုင်းအဝန်းပံ့ပိုးမှုကို လွယ်ကူချောမွေ့စေမည့် လုပ်ရိုးလုပ်စဉ်များနှင့် အလေ့အကျင့်များကို တည်ထောင်ရန်/ ရပ်ရွာလူထု နှင့် အတူလုပ်ကိုင်ခြင်း တည်ရှိနေသော ဒေသခံတက်ကြွလှုပ်ရှားသူ အပါအဝင် ဒဏ်ခံနိုင်သော နည်း ဗျူဟာများနှင့် အားလုံးပါဝင်နိုင်သော ရပ်ရွာအသိုင်းအဝန်း အခြေပြုပံ့ပိုးမှုအုပ်စု ၊ ကိုယ်ထူကိုယ်ထ အဖွဲ့များကို ကို သတ်မှတ်၍ မြှင့်တင်ပါ။
- အားလုံးပါဝင်သော PSS ဝန်ဆောင်မှုကို ညွှန်းပို့ခြင်းလမ်းကြောင်းတွင် စုပေါင်းပါ၊ မတူကွဲပြား သော အမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက် ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့် ရှောက်မှု (သို့) လက်တွေ့ကျသော ဝန်ဆောင်မှုများနှင့် အခြားကာကွယ်ရေးဝန်ဆောင်မှုများ၊ အသက်မွေးမှုနှင့် စွမ်းရည်မြင့်တင်ခြင်း လှုပ်ရှားမှုများကို လျှို့ဝှက်ထိန်းသိမ်းစွာ နှင့် လုံခြုံစွာ ညွှန်းပို့နိုင်အောင် ဆောင်ရွက်ပါ။

[75] IASC MHPSS ကာကွယ်စောင့်ရှောက်ခြင်း, p. 9-10.

## အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လုံခြုံသောနေရာများ (WGSS)

အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လုံခြုံသောနေရာတစ်ခုသည်အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ၎င်းတို့ ကွဲပြားမှုများအားလုံးကို လေးစား၍ ကြိုဆိုသောနေရာဖြစ်ရမ ည်။ ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများသည် အမျိုးသမီးများနှင့်စေ တနာ့ဝန်ထမ်းများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အသက်အရွယ်များ၊ မသန်စွမ်းမှုများ၊ လိင်စိတ်ခံယူမှုများ/ ကျား/ မ ဂ◌ိသေသလက္ခဏာများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် ဘာသာရေးများအားလုံး ပါဝင်သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လုံခြုံသောနေရာများ၏ ဖွဲ့စည်းပုံများနှင့် အပန်းဖြေလှုပ် ရှားမှုများ မည်ကဲ့သို့သင့်လျော် အောင်ပြုပြင်သင့်သည့်အပေါ် အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် တိုင်ပင်ဆွေးနွေးသင့်သည်။ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ကာကွယ်ရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ၊ ၎င်းတို့၏ လိုအပ်ချက်များကို ဖော်ပြရန်၊ ဝန်ဆောင်မှုများကို လက်ခံရရှိရန်၊ လုပ်ပိုင်ခွင့်များနှင့် အသက်မွေးဝမ်းကျောင်းလှုပ်ရှားမှုများတွင်ပါ ထိတွေ့ပါဝင်ခြင်း၊ အခြားသောအမျိုးသမီးများနှင့် မိန်းကလေးများနှင့် ဆက်သွယ်ရန်နှင့် ပံ့ပိုးမှုပေးရန် လုံခြုံသောနေရာရရှိရန် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ် ပိုင်းဆိုင်ရာအရ လုံခြုံသည်ဟုခံစားသင့်သည်။ WGSS ဝန်ဆောင်မှုများနှင့် လှုပ်ရှားမှုများတွင် ၎င်းတို့၏ အဓိပ္ပါယ်ရှိသော ပါဝင်ခြင်း ကို မြှင့်တင်ရန် ဆောင်ရွက်သင့်သည်။

မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အသားအရောင်ခွဲခြားထားသော နေရာများသည် အထူးလိုအပ်ချက်များ၏ အခြေဖြစ်ခဲ့သည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လုံခြုံသောနေရာ တစ်ခုသည် မတူကွဲပြားသောအမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သော လှုပ်ရှားမှုအမျိုးမျိုးကို တည်ဆောက်ရန် ရည်ရွယ်သင့်၍ ရပ်ရွာအသိုင်းဝန်းသစ် တစ်ခုတွင် အိုးအိမ်မဲ့အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ဆက်သွယ်၍ မတူကွဲပြားသော အမျိုးသမီးများ၏ လှုပ်ရှားမှုတစ်ခုကို တည်ဆောက်ပါ။ ယေဘုယျအားဖြင့် GBV လုပ်ဆောင်သူများသည် အသားအရောင်ခွဲခြားထားသော အုပ်စုများအတွက် အထူးလှုပ်ရှားမှုများကို စီစဉ်ခြင်းထက် ဘေးကင်းသောနေရာလှုပ်ရှားမှုများကို ကျယ်ပြန့်စွာ ရရှိနိုင်အောင် သင့်လျော်အောင်ပြုပြင်ရန် ရည်ရွယ်သင့်သည်။ သံသယရှိနေပါက အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို တိုင်ပင်ဆွေးနွေး၍ မတူကွဲပြားသော လိုအပ်ချက်များကို စုပေါင်းနားလည်ခြင်း တည်ဆောက်ပါ။ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများကြားတွင် သဘောထားကွဲလွဲမှု(သို့) အပြိုင်အဆိုင်ဖြစ်ပေါ်လျှင် တစ်ဦးတစ်ယောက်စီ၏ အတွေ့အကြုံများအတွက် စာနာထောက်ထားမှုနှင့် နားလည်သဘောပေါက်မှု ကိုတည်ဆောက်ရာတွင် WGSSတွင်ပါဝင်သူများကို လွယ်ကူချောမွေ့စေရန် နားထောင်ခြင်း အစည်းအဝေးများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို စီစဉ်ဆောင်ရွက်ပါ။ ဥပမာအားဖြင့် ဘာသာရေးဆိုင်ရာပွဲများကျင်းပခြင်းသည် ယုံကြည်ကိုးကွယ်မှု အမျိုးမျိုးသော ရှိ◌်သောအသိုင်းအဝန်းများ အတူတကွဖြစ်စေရန်နှင့် ဘာသာပေါင်းစုံ တွေ့ဆုံဆွေးနွေးပွဲကို မြှင့်တင်ပါ။ WGSS တစ်ခုအတွင်းတွင် ဆယ်ကျော်သက်မိန်းကလေးများအတွက် သီးခြားဖြစ်သော နေရာများသည် သတ်မှတ်ထားသော အသက်အရွယ်နှင့် သင့်လျော်သော လှုပ်ရှားမှုများနှင့်အတူ နေရာတစ်ခုပေးရန် အကြံပြုထားသည်။ သို့ရာတွင် ပို၍ကျယ်ပြန့်သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အသိုင်းအဝန်းနှင့်အတူ AGSS ထံမှ သင်ယူမှုကို မျှဝေခြင်းသည် နားလည်သဘောပေါက်ခြင်းနှင့် ဆယ်ကျော်သက်မိန်းကလေးများ၏ လိုအပ်ချက်များအတွက် ရပ်ရွာအသိုင်းအဝန်းပံ့ပိုးမှုကို တည်ဆောက်သည်။ ထိုနည်းတူစွာ မသန်စွမ်းမှု၊ အသက်အရွယ်ကြီးသူ (သို့) လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူ(LGBTQ) အခွင့်အရေးများသည် အသိပညာ တည်ဆောက်နိုင်ပြီး ပို၍ကျယ်ပြန့်သော အမျိုးသမီးများနှင ့ မိန်းကလေးများကြားတွ င် သည်းခံနိုင်စွမ်းကို တိုးမြှင့်နိုင်သည်။

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

<u>အဓိကလုပ်ဆောင်ချက်-</u>

- အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လုံခြုံသောနေရာများ (WGSS)၏ ဒီဇိုင်းတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို တက်ကြွစွာ ထိတွေ့စေပါ။
- လုံခြုံသော နေရာ လှုပ်ရှားမှုများတွင် မတူကွဲပြားသော အမျိုးသမီးများ နှင့် မိန်းကလေးငယ်များ ကိုယ်စားပြုသူများ ပါဝင်သော WGSS ကော်မတီတစ်ခု ဖွဲ့စည်းပါ။
- ရပ်ရွာအသိုင်းအဝန်းတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ကိုယ်စားပြုသည့် WGSS လှုပ်ရှားမှုများဆောင်ရွက်ရန် ဝန်ထမ်းနှင့် ရပ်ရွာအသိုင်းအဝန်း စေတနာ့ဝန်ထမ်းများကို စုဆောင်ရှာဖွေပါ။
- ရပ်ရွာအသိုင်းအဝန်းတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များဆီသို့ ရောက်ရှိရန် သင့်လျော် သော ဒေသဆိုင်ရာ ဘာသာစကားအမျိုးမျိုးနှင့် အခြားသော ဆက်သွယ်ရေးနည်းလမ်းများကို အသုံး ချပါ။
- WGSS ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းကို မတူကွဲပြားမှု နှင့် အားလုံးပါဝင်ဆောင်ရွက်စေခြင်းတို့တွင် အသိပညာပေးခြင်း သင်တန်းပေး၍ ၄င်းတို့ကို အစဉ်မပြတ် ပြန်လည် သုံးသပ်ခြင်းနှင့် သွယ်ဝိုက်သောဘက်လိုက်ခြင်း၊ အာဏာပြောင်းလဲခြင်းနှင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို သက်ရောက်သော အခွင့်ထူးစသည်တို့ကို သိမြင်ခြင်းဆောင်ရွက်စေပါ။
- အမျိုးသမီးများနှင့် မိန်းကလေးများကို မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ တန်းတူညီမျှမှုနှင့် အဓိပ္ပါယ်ရှိ သော ပါဝင်ခြင်းကို တားဆီးသည့် ခွဲခြားသတ်မှတ်ထားသော အခွင့်အလမ်း အတားအဆီးများကို လျော့ပါးစေရန် အသိပညာပေးနည်းလမ်းများမှတစ်ဆင့် တက်ကြွစွာ ချိတ်ဆက်ဆောင်ရွက်ပါ။
- အစီအစဉ်ဆောင်ရွက်ခြင်းတွင် WGSS ပါဝင်သူများ၏ အကြံပြုချက်များကို အသက်အရွယ်၊ မသန်စွမ်းမှုနှင့် အခြားသောဒေသအရ ကိုက် ညီသော တရားမျှတမှုမရှိခြင်း စသည်အားဖြင့် ခွဲခြားသတ်မှတ်၍ ပူးပေါင်းပါဝင်ရန် အတားအဆီးဖြစ်စေေ သာ အရာ များ နှင့် ကွာဟချက်များ ကို ကိုင်တွယ်ဖြေရှင်းပါ။

မတူကွဲပြားသော SOGI နှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအ တွက် ဘေးကင်းလုံခြုံခြင်းနှင့် ကြိုဆိုခြင်း

1. အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လုံခြုံသောနေရာများ တွင် မတူကွဲပြားမှုများကို မြှင့်တင်၍ ကျင်းပပေးပါ။
2. မိန်းကလေးငယ် များကို ၄င်းတို့၏အရှိအတိုင်း လေး စား၍ လက်ခံပေးပါ။
3. အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လုံခြုံသောနေရာများ၏ လှုပ်ရှားမှုတွင် ပါဝင်ရန် ၄င်း တို့ မည်သို့ပို၍ နှစ်သက်သည်ကို အမျိုးသမီးများနှင့် မိန်းကလေးငယ် များနှင့် ညှိနှိုင်းဆွေးနွေးပါ။
4. ဝန်ထမ်းများကြားနှင့် WGSS လှုပ် ရှားမှုတွင် အပြုသဘောဆောင် သော ပါဝင်ခြင်းပညာရပ် ဝေါဟာ ရအသုံးပြုခြင်းကို မြှင့်တင်ပေးပါ။

## ကျန်းမာရေးဆိုင်ရာတုံ့ပြန်မှု[76]

အရည်အသွေးပြည့်ဝသော၊ လျှို့ဝှက်ထိန်းသိမ်းသော၊ အသက်အရွယ်နှင့် ကိုက်ညီ၍ ဂရုဏာသက်သော ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများကို ရရှိရန်အခွင့်အလမ်းသည် အရေးပါ၍ အရေးပေါ်အခြေအနေများတွင် GBV ကိုတုံ့ပြန်သော ကဏ္ဍအမျိုးမျိုး၏ အသက်ကယ်ဆယ်ခြင်းအစိတ်အပိုင်းဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် မကြာခဏ ပထမ ဆုံးနှင့် တစ်ခါတစ်ရံ GBV လွတ်မြောက်လာသူများအတွက် ဆက်သွယ်ရာနေရာတစ်ခုတည်းဖြစ်၍ ၄င်းတို့သည် ကျန်းမာရေး အကြောင်းပြချက်များအတွက် ၄င်းတို့သည် GBV အတွက် လက်တွေ့စောင့်ရှောက်မှုလိုအပ်သည်ကို ကျန်းမာရေးစောင့်ရှောက်မှုပေး သူများနှင့် သီးသန့်နေရာတစ်ခုတွင် သတ်မှတ်ထားခြင်းမရှိပဲ အခွင့်အလမ်းကို ပုံမှန်အားဖြင့် ဘေးကင်းလုံခြုံစွာရရှိနိုင်သည်။ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးသူများသည် အရေးပေါ်အခြေအနေများတွင် GBV ကိုတုံ့ပြန်ခြင်းတွင် ရှေ့ဆုံးမှ လုပ်ဆောင်သူများဖြစ်၍ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများကို သက်ရောက်နေသော ကာကွယ်ရေးဆိုင်ရာပူပန်မှုများကို သတ်မှတ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားချက်ဆိုင်ရာ/ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ချက်ခြင်း ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ဆက်လက် လုပ်ဆောင်နေသော GBV တုံ့ပြန်မှုနှင့် WGSS ဝန်ဆောင်မှုများတွင် ကနဦး လုပ်ဆောင်ချက်တစ်ခုပေးခြင်း၊ တို့တွင် အဓိကကျသော ကဏ္ဍမှ လုပ်ဆောင်နေသည်။[77] ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် လျှို့ဝှက်ထိန်းသိမ်းသော၊ ဝေဖန်မှုမရှိ၍ခွဲခြားမှုမရှိသော ပရော်ဖက်ရှင်နယ်ဆန်စွာ စောင့်ရှောက်မှုပေးရန်မှာ ၄င်းတို့၏ တာဝန်ဖြစ်သည်ကို နားလည်သဘောပေါက်သည်။ သို့ရာတွင် GBV တုံ့ပြန်မှုပေးသူများကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် လူမျိုးစုဆိုင်ရာနှင့် ခွဲခြားမှုမရှိသော စောင့်ရှောက်မှုပြဋ္ဌာန်းချက်ကို သေချာအောင် ဆောင်ရွက်ရာတွင် ၄င်းတို့၏ အတွင်းတွင်ရှိသော ဘက်လိုက်ခြင်းနှင့် ထိခိုက်အန္တရာယ်ဖြစ်နိုင်သော သဘောထားများကို သတ်မှတ်ရန်နှင့် စူးစမ်းလေ့လာရန် အခွင့်အလမ်းများမှ အကျိုးရရှိနိုင်သည်။

<u>အဓိကလုပ်ဆောင်ချက်များ</u>

> မသန်စွမ်းသော လွတ်မြောက်လာသူများ နှင့် ထိတွေ့ဆက်ဆံခြင်းသည် လူများ နှင့် ဆက်သွယ်သော ကိစ္စရပ်သာဖြစ်၏ မသန်စွမ်းမှု နှင့် သက်ဆိုင်ခြင်းမရှိပါ။
> IRC.

- မတူကွဲပြားသောအမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံးသည် အရေးပေါ် အခြေအနေတစ်ခု စတင်သည်နှင့် တစ်ပြိုင်နက် အနိမ့်ဆုံး ကနဦးဝန်ဆောင်မှု ပက်ကေ့ (MISP)တွင် ဖော်ပြထားသကဲ့သို့ မျိုးဆက်ပွားခြင်း ဆိုင်ရာ ဦးစားပေး ကျန်းမာရေး ဝန်ဆောင်မှုများကို ရရှိရန် သေချာဆောင်ရွက်ပါ။ (လိုအပ်ချက်များကို လေ့လာဆန်းစစ်ချက် လုပ်ဆောင်ရန် မလိုအပ်ပါ)[78]
  - GBV မှ လွတ်မြောက်လာသော မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများအားလုံးသည် အရည်အသွေးမြင့်သော၊ အသက်ကယ်ဆယ်ရေး ကျန်းမာရေးစောင့်ရှောက်မှု၊ အဓမ္မပြုကျင့်ခြင်းနှင့် အဓမ္မပြုကျင့်ပြီးနောက် ကုသမှုများ၏ အချိန်မှီ လက် တွေ့ကျသော စီမံခန့်ခွဲမှုအပါအဝင် အခွင့်အလမ်းရရှိရန် သေချာဆောင်ရွက်ပါ။
  - GBVအစီအစဉ် ဝန်ဆောင်မှုပေးခြင်း အတွက် ဒီဇိုင်း ရေးဆွဲခြင်း နှင့် ကျန်းမာရေးဆိုင်ရာအစီအစဉ်တွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများနှင့် တိုင်ပင်ဆွေးနွေးခြင်း

[76] သင်ခန်းစာအပိုင်း ၈။ ကျန်းမာရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း၊ စာမျက်နှာ 59-70, အရေးပေါ်အခြေအနေတွင် GBV ကို ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းသားလက်ကိုင် လက်စွဲစာအုပ် https://gbvresponders.org/emergency-response-preparedness/emergency-response-and-preparedness-training/

[77] UNFPA MS, p. 24.

[78] စပီးယား စီမံကိန်း လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး စံနှုန်း (၁), http://www.spherehandbook.org/en/essential-healthservices-sexual-and-reproductive-health-standard-1-reproductive-health/

- ရပ်ရွာအသိုင်းအဝန်းတွင် မတူကွဲပြား သော အုပ်စုများပါဝင်ခြင်းအတွက် အထူးပံ့ပိုးမှု (သို့) ၄င်းတို့၏ အသက်အရွယ်၊ မသန်စွမ်းမှုများနှင့် အခြားသော ဝိသေသလက္ခဏာအရ ၎င်းတို့အား သင်တန်းပေးခြင်း အပါအဝင် အမျိုးသမီးများ ပံ့ပိုးခြင်းအဖွဲ့ များကို ဖွဲ့စည်းပါ။
- ကျန်းမာရေးဆိုင်ရာညှိနှိုင်းခြင်းယန္တရားများနှင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် လုပ်ငန်းဆောင် ရွက်နေနှင့်ပြီးဖြစ်သော အထူးဒေသခံအဖွဲ့များ (သို့) ဝန်ဆောင်မှုပေးသူများအပါအဝင် ရှိနေသော လိင်ပိုင်းဆိုင်ရာနှင့် မျိုး ဆက်ပွားခြင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများ၏ မြေပုံရေးဆွဲခြင်းလေ့ကျင့်ခန်း / စီစစ်ခြင်းကိုပံ့ပိုးပါ၊ SRH အစီအစဉ်လို အပ်ချက်များ၊ စွမ်းရည်များနှင့် ကွာဟချက်များကို သတ်မှတ်၍ ထိရောက်၍ လုံလောက်သော ကျန်းမာရေးဝန်ဆောင်မှု ဖြန့်ဝေ ခြင်းအတွက် သက်ဆိုင်ရာ အကျိုးခံစားခွင့်ရှိသူ များနှင့် ညှိနှိုင်းရာတွင် စီမံကိန်းရေးဆွဲခြင်း လေ့ကျင့်ခန်းတစ်ခု ဆောင်ရွက်ပါ။ ကျန်းမာရေးဝန်ဆောင်မှုများရရှိရန် အခွင့်အလမ်းသည် ဝန်ထမ်း၏ သဘောထားများနှင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကြုံတွေ့ရသော ကဏ္ဍမျိုးစုံ တန်းတူညီမျှမှုမရှိခြင်း အပေါ်တွင် အခြေခံထားသော အာဏာပြောင်းလဲခြင်း အားဖြင့် အဟန့်အတား မဖြစ်စေရန် သေချာဆောင်ရွက်ပါ။
- အကျိုးသက်ရောက်သော ကျန်းမာရေးနှင့် GBV ၏ မျိုးဆက်ပွားခြင်းဆိုင်ရာကျန်းမာရေးနှင့် သက်ဆိုင်သော နောက်ဆက်တွဲ များနှင့် ရရှိနိုင်သော ဝန်ဆောင်မှုများကို သတင်းပေးရာတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများပြည့်စုံစေ့စပ် စွာပါဝင်နိုင်ရန် ရပ်ရွာလူထုမှ ဦးဆောင်လုပ်ဆောင်သောလူထုများနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊ ရပ်ရွာလူထုကျန်းမာရေးဆိုင် ရာလုပ်သား၊ အစဉ်အလာသားဖွားများ၊ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးမြှင့်တင်သူ၊ အမျိုးသမီးများအဖွဲ့နှင့် အခြားသော ရပ်ရွာလူထု ချိတ်ဆက်ဆောင်ရွက်သောလုပ်သားများကို ပြည့်စုံစွာပါဝင်စေပါ။
- GBV အန္တရာယ်လျှော့ချခြင်းလှုပ်ရှားမှုများ၊ ကျန်းမာရေးဝန်ဆောင်မှုများရရှိရန် အတားအဆီးများ နှင့် အခွင့်အလမ်း ကိုစောင့်ကြည့်စစ်ဆေးရန် ကျား/မ အသက်အရွယ်၊ မသန်စွမ်းမှုနှင့် အခြားသောဝိသေသလက္ခဏာများအရ ခွဲခြားထားသော ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်စနစ်ကို သတ်မှတ်ပါ။ စုဆောင်း၍သုံးသပ်ပါ။
- ကျန်းမာရေးဆိုင်ရာဝန်ထမ်းသည် အသက်အရွယ်နှင့်ကိုက်ညီ၍ မသန်စွမ်းသောသူများအတွက် အဆင်ပြေသော ဝန်ဆောင်မှုများကို ဖြန့်ဝေရန် လေ့ကျင့်ပေးရမည်။ မတူကွဲပြားသော လူထုပါဝင်ခြင်း၊ ခွဲခြားမှုမရှိခြင်း၊ အမည်းစက် လျှော့ချခြင်း၊ အာဏာပြောင်းလဲ ခြင်း နှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်ရန် ဝန်ထမ်းအားလုံး သည် လက်တွေ့စွမ်းရည်တည်ဆောက်ခြင်းတွင် စု ပေါင်းထားရမည်။
- ကျန်းမာရေးဝန်ဆောင်မှုဖြန့်ဝေရာတွင် ဒေသခံလုပ်ဆောင်သူများ၊ ကျား/မ အထူးပြုပညာရှင်များ၊ မတူကွဲပြားမှုအထူးပြု ပညာရှင်များ၊ အားလုံးပါဝင်ခြင်းအထူးပြု (သို့) အသက်အရွယ်၊ မသန်စွမ်းမှုများ၊ လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူ ( LGBTQI) လူမျိုးစု (သို့) ဘာသာရေး အဖွဲ့များနှင့် အလုပ်လုပ်ပါ။

## လွှဲပြောင်းညွှန်းပို့မှုစနစ်များ[79]

GBVမှ လွတ်မြောက်လာသူများသည် လိုအပ်ချက်များ အမျိုးမျိုးရှိ၍ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းရန် ညှိနှိုင်းဆောင်ရွက်ခြင်းသည် ဝန်ဆောင်မှုပေးသူများကြားတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ပံ့ပိုးရန် အရေးပါပါသည်။ သီးခြားအခြေအနေ ညွှန်းပို့ခြင်းဆိုင်ရာစနစ်များသည် ဝန်ဆောင်မှုဖြန့်ဝေခြင်းကို ညှိနှိုင်းဆောင်ရွက်၍ ဝန်ဆောင်မှုများကိုရရှိရန် လွတ်မြောက်လာသူများ၏ အခွင့်အလမ်းကို လွယ်ကူချောမွေ့စေသည်။ အနည်းဆုံးတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် (၁) ကျွမ်းကျင်သော ဝန်ဆောင်မှုပေးသူများနှင့် (၂) လွတ်မြောက်လာသူများက ဝန်ဆောင်မှုများကို မည်သည့်နေရာနှင့် မည်သို့ရရှိနိုင်သည်ကို အသေးစိတ် ဖွဲ့စည်းထားသော ညွှန်ပို့ခြင်းဆိုင်ရာ လမ်းကြောင်းတစ်ခု လိုအပ်သည်။ အရေးပေါ်အခြေအနေများတွင် မတူကွဲပြားသော နောက်ခံသမိုင်းကြောင်းများရှိသော GBV မှလွတ်မြောက်လာသူများသည် အသက်ကယ်ဆယ်ရေး ဝန်ဆောင်မှုများကို လျင်မြန်စွာနှင့် ဘေးကင်းလုံခြုံစွာ အခွင့်အလမ်းရရှိရန် လိုအပ်သည်။[80]

ညွှန်းပို့ခြင်းဆိုင်ရာလမ်းကြောင်းတစ်ခုသည် GBV မှ လွတ်မြောက်လာသော မတူကွဲပြားသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အထောက်အပံ့ဖြစ်စေသော ဝန်ဆောင်မှုများနှင့် ဘေးကင်းလုံခြုံစွာ ချိတ်ဆက်ရာတွင် သင့်လျော်သော ယန္တရားတစ်ခုဖြစ်၍ အရေးပေါ်အခြေအနေတစ်ခုတွင် ညွှန်းပို့ခြင်းဆိုင်ရာ လမ်းကြောင်းများသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုကို လုံခြုံစွာ ရယူနိုင်ရန် ဦးစားပေးသည်။ အသက်ဝင်သော ညွှန်းပို့ခြင်းဆိုင်ရာ စနစ်တစ်ခုသည် လွတ်မြောက်လာသူကို ဗဟိုပြု၍ မတူကွဲပြား သောအမျိုးသမီးများနှင့် မိန်းကလေးငယ်များပါဝင်သည်။ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် GBV တုံ့ ပြန်မှုဆိုင်ရာ ဝန်ဆောင်မှုများကို အခြားသော လူမှုဆိုင်ရာ၊ ပြောင်းလဲမှုဆိုင်ရာ လုပ်ရှားမှုဆိုင်ရာ၊ ညွှန်းပို့ခြင်းလမ်းစဉ်ကို နားလည် သဘောပေါက်ခြင်းနှင့်အတူ မသန်စွမ်းသူ၊ အသက်အရွယ်ကြီးသူ၊ လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူ(LGBTQI) အခွင့်အရေးများတွင် အာရုံစိုက်သော လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်သူများကို လိုအပ်သည့် ပစ္စည်းကိရိယာများ ပံ့ပိုးပေးထားခြင်းသည် စောင့်ရှောက်မှု ရယူရန်အတွက် GBV ဖြစ်ရပ်ကို ထုတ်ဖော်ပြောဆိုသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ညွှန်းပို့ပေးရန် ဝန်ထမ်းများကို ကူညီပေးလိမ့်မည်။ ဤအုပ်စုများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းသည် မတူကွဲပြား သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ရရှိနိုင်သော ဝန်ဆောင်မှု အမျိုးမျိုးအကြောင်းကို သင်ယူရာတွင် GBV လုပ်ဆောင်သူများကို ကူညီပေးနိုင်သည်။

<u>အဓိကလုပ်ဆောင်ချက်များ</u>

- GBV service mapping GBV ဝန်ဆောင်မှုမြေပုံရေးဆွဲရာတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအားဖြင့် ဝန်ဆောင်မှုများကို ပြည့်ဝစွာလက်လှမ်းမီနိုင်မှုကို အကဲဖြတ်ပေးသည့် စံနှုန်းကို ထည့်သွင်းပါ။
- လူမှုရေးဆိုင်ရာ အပြောင်းအလဲတွင် ပူပေါင်းလုပ်ဆောင်ကာ မသန်စွမ်းမှု၊ လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူ (LGBTQI)၊ အသက်အရွယ်ကြီးသူ၊ လူငယ်နှင့် ကလေးသူငယ်အခွင့်အရေး အဖွဲ့များကဲ့သို့သော အားလုံးပါဝင်အောင် ဆောင်ရွက်သူများအား GBV တုံ့ပြန်မှုဆိုင်ရာ ညွှန်းပို့ခြင်းလမ်းကြောင်းကို ရင်းနှီးကျွမ်းဝင်မှု ရှိစေရန် သေချာက အမျိုးသမီးများနှင့် မိန်းကလေးငယ်များက ဝန်ဆောင်မှုများကို လက်လှမ်းမီရန် ၄င်းအုပ်စုများမှ ပံ့ပိုးပေးပါ။

---

[79] သင်ခန်းစာ အပိုင်း (၉) ညွှန်းပို့ခြင်းဆိုင်ရာ စနစ်များ ၊ စာမျက်နှာ ၇၁-၇၇ ၊ GBV အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်မှု သင်တန်းသားကိုင် လက်စွဲစာအုပ် https://gbvresponders.org/emergency-response-preparedness/emergency-response-and-preparedness-training/
[80] UNFPA MS, p. 54.

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

- ကြားခံပစ္စည်း အမျိုးမျိုးဖြစ်သော ဘာသာစကား အမျိုးမျိုးဖြင့် ထုတ်လွှင့်သော ရေဒီယို၊ အမြင်အာရုံ ချို့တဲ့သူများ ဖတ်နိုင်သော စာဖြင့်ရေးသားထားသည့် ပိုစတာများ၊ ရပ်ရွာအသိုင်းအဝန်းတွင် ပြုလုပ်သော ပွဲတော်များ၌ သင်္ကေတပြ ဘာသာစကား စသည်တို့မှတစ်ဆင့် ညွှန်းပို့ခြင်းဆိုင်ရာ လမ်းကြောင်းကို မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များဆီသို့ ရောက်ရှိနိုင်ရန် သေချာဆောင်ရွက်ပါ။
- GBV နှင့် ကလေးသူငယ်ကာကွယ်ခြင်းအစီအစဉ် နှစ်ခုစလုံးမှတစ်ဆင့် ဆယ်ကျော်သက်မိန်းကလေးငယ်များသည် GBV တုံ့ပြန်ဆောင်ရွက်ခြင်းကို မည်ကဲ့သို့သော ကနဦးလုပ်ဆောင်ချက်များမှ ရရှိနိုင်သည်ကို အထူးအာရုံစိုက်ပါ။
- ညွှန်းပို့ခြင်းဆိုင်ရာစနစ်၏ အတားအဆီးများနှင့် လက်လှမ်းမီနိုင်ခြင်း အပေါ် အထူးအလေးထားကာ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များထံမှ အကြံပြုချက်ကို စောင့်ကြည့်လေ့လာ၍ အတားအဆီးများကို ဖယ်ရှားကာ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ကဏ္ဍပေါင်းစုံ ဝန်ဆောင်မှုများကို ရရှိရန် အခွင့်အလမ်းကို တိုးမြှင့်ပါ။
- ရှိနှင့်ပြီးသော ပေါင်းစပ်ညှိနှိုင်းခြင်းယန္တရားနှင့် SoPs မှတစ်ဆင့် ဝန်ဆောင်မှုပေးသူများကို မတူကွဲပြားသော လိုအပ်ချက်များနှင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ပါဝင် ခြင်းကို တာဝန်ခံစေပါ။

## လူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း[81]

အရေးပေါ်အခြေအနေတစ်ခုတွင် လူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ GBV တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများ ရရှိခြင်းကို ပံ့ပိုးပေးရန် ရပ်ရွာအသိုင်းအဝိုင်း အဖွဲ့ဝင်များအား သတင်းအချက်အလက်ပေးရာတွင် ကူညီပံ့ပိုးပေး၍ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ရင်ဆိုင်နေရသော အန္တရာယ်များကို လျှော့ချပေးသည်။ လူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတွင် GBV တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများ၏ အကျိုးကျေးဇူးများအကြောင်း ပါဝင်၍ ထို သတင်းအချက်အလက်ကို မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်ကဲ့သို့ ရယူနိုင်ပြီး ၎င်းတို့ကို မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ လက်လှမ်းမီသင့်သည်။ လူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည် GBV တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများကို နားလည်သဘောပေါက်ခြင်းနှင့် ရယူနိုင်ခြင်းကို မြင့်တင်ပေးနိုင်ရန် အသုံးပြုသော ပုံများ၊ ဘာသာစကားများ၊ ပစ္စည်းကိရိယာများတွင် အားလုံးပါဝင်သော GBV တုံ့ပြန်ဆောင်ရွက်ခြင်း အစီအစဉ်ကို ဖော်ပြရန် အခွင့်အရေးတစ်ခုဖြစ်သည်။ မတူကွဲပြားသော အမျိုးသမီးများကို ဝန်ထမ်းများနှင့် ရပ်ရွာ စေတနာ့ဝန်ထမ်းများအဖြစ် ချိတ်ဆက်လုပ်ဆောင်စေခြင်းသည် အားလုံးပါဝင်လုပ်ဆောင်ခြင်းဆိုင်ရာ စံပြပုံစံ ဖြစ်နိုင်ကာ ရပ်ရွာအသိုင်းအဝိုင်းရှိ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ပိုမိုဆွဲဆောင်မှုရှိအောင် လုပ်ဆောင်၍ လက်လှမ်းမီစေသည်။ ပိုစတာများ၊ ရေဒီယို အစီအစဉ်များ၊ လူထုလိုက် ပါဝင်သော စည်းရုံးပွဲများသည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ကိုယ်စားပြုစေနိုင်ပြီး တန်းတူညီမျှရှိသော အခွင့်အရေးများနှင့် ဂုဏ်သိက္ခာကို အသိအမှတ်ပြုခြင်းအား မြင့်တင်ပေးကာ GBV ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အတူတကွ လုပ်ဆောင်နေ၍ တစ်ဦးနှင့်တစ်ဦး ပံ့ပိုးနေသည်ကို ပြသသည်။

<u>အဓိကလုပ်ဆောင်ချက်များ</u>

- GBV ဆိုင်ရာ လူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းအဖွဲ့များကို တတ်နိုင်သမျှ မတူကွဲပြားသူများ ပါဝင်စေကာ အသက်အရွယ်၊ ဘာသာစကားအုပ်စုများနှင့် မသန်စွမ်းမှုကို အထူး အလေးထားသည့် မတူကွဲပြားသော အမျိုးသမီးအဖွဲ့များမှ ဝန်ထမ်းများ၊ ရပ်ရွာအသိုင်းအဝန်း စေတနာ့ ဝန်ထမ်းများ ပါဝင်စေပါ။
- GBV တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများကို နားလည်သဘောပေါက်ခြင်းကို မြှင့်တင်ရန် IEC တန်ဆာပလာများမှ သတင်းအချက်အလက် ဝေမျှခြင်းကို သေချာဆောင်ရွက်၍ မတူကွဲပြားသော ရပ်ရွာအသိုင်းအဝန်း အဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များ ပါဝင်စေကာ ဘာသာစကားအုပ်စုများအားလုံးဖြင့် လက်လှမ်းမီခွင့် ရှိစေပြီး GBV ဖြစ်ရပ်များ ဖုံးကွယ်ထားခြင်းကို ပယ်ဖျက်ပါ။
- အကြားအာရုံနှင့် အမြင်အာရုံ မသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ဆီသို့ရောက်ရှိရန် ရေဒီယို၊ အမြင်အာရုံနှင့်ဆိုင်သော IEC တန်ဆာပလာများကို အသုံးပြုပါ။
- မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ရပ်ရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း နည်းလမ်းအမျိုးမျိုးကို အကောင်အထည်ဖော်ပါ။ ဥပမာ- ဆယ်ကျော်သက်မိန်းကလေးများကို ကျောင်းအတွင်းနှင့် ကျောင်းပြင်ပတွင် ထိတွေ့စေပါ။ ပို၍

[81] သင်ခန်းစာအပိုင်း (၁၀) လူထု နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စာမျက်နှာ ၇၈-၈၀၊ GBV အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်မှု သင်တန်းသားကိုင် လက်စွဲစာအုပ် https://gbvresponders.org/emergency-response-preparedness/emergency-response-and-preparedness-training/

များပြားသော အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် မတူညီသော အချိန်များနှင့် နေရာများကို စီစဉ်ပါ။

- ပိုမိုကျယ်ပြန့်သော အသိုင်းအဝိုင်းနှင့် မတူကွဲပြားသော အမျိုးသမီးများ၊ မိန်းကလေးငယ် သီးခြားအုပ်စုများကို ရောက်ရှိနိုင်သော လူထုနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း အစီအစဉ်များအား ပူးပေါင်း ကျင်းပနိုင်ရန်အတွက် Old Age, မသန်စွမ်းမှုနှင့် LGBTQI ဆိုင်ရာ လုပ်ဆောင်သူများ၊ မတူကွဲပြားသော မျိုးနွယ်စုနှင့် ဘာသာရေးတွင် ပေါင်းစည်း ဆက်နွယ်မှုရှိသော ရပ်ရွာခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ ကဲ့သို့သော အခြား လူမှုရေးဆိုင်ရာ ပြောင်းလဲမှုနှင့် အားလုံးပါဝင်အောင် လုပ်ဆောင်သူများနှင့်အတူ လုပ်ဆောင်ပါ။
- ရပ်ရွာအသိုင်းအဝိုင်းတွင် ပြုလုပ်သော ရွယ်တူအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ လုပ်ဆောင်ချက်အချို့ကို ဦးဆောင်နိုင်ရန် ဆယ်ကျော်သက် မိန်းကလေးများနှင့် လုံခြုံစွာ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်မည်ကို ဆယ်ကျော်သက် မိန်းကလေးငယ်များ၊ အမျိုးသား၊ အမျိုးသမီး စောင့်ရှောက်သူများနှင့် ဆွေးနွေးပါ။
- ဆက်သွယ်ရေး ကိရိယာများ၏ လမ်းညွှန်မှုကို လိုက်နာပါ။ ဥပမာအားဖြင့် အခြား အမျိုးသမီးများအား အကူအညီပေးခြင်း သို့မဟုတ် တက်ကြွလှုပ်ရှားသူအဖြစ် ပါဝင်ခြင်းစသည့် အပြုသဘောဆောင်သည့် နည်းလမ်းများဖြင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများကို ပုံဖော်ပါ။
- ချိတ်ဆက်ဆောင်ရွက်ခြင်း လှုပ်ရှားမှုများတွင် တုံ့ပြန်မှုရရှိရန် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ (သို့) အခြားနှစ်သက်ရာ တုံ့ပြန်မှုယန္တရားဖြင့် နားထောင်ခြင်း အခန်းကဏ္ဍများကို အကောင်အထည်ဖော်၍ အစီအစဉ်ကို မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အကြံပြုချက်များဖြင့် ပြုပြင်ပါ။

**အရေးပေါ်အခြေအနေများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အန္တရာယ်များလျှော့ချခြင်း**[82]

အရေးပေါ်အခြေအနေများတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ရွှေ့ပြောင်းခြင်းနှင့် ဆက်နွယ်သော ဘေးကင်းမှုနှင့် လုံခြုံရေး အန္တရာယ်များကို ရင်ဆိုင်ရသည်။ ယင်းအန္တရာယ်များကို ခွဲခြားသတ်မှတ်လျှင် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်သူများမှ ဘေးကင်းစွာနှင့် လျှင်မြန်စွာ ဖြေရှင်းနိုင်သည်။ သို့ရာတွင် လူသားချင်းစာနာမှုဆိုင်ရာ အေဂျင်စီများသည် အကူအညီပေးသော အစီအစဉ်များမှ တစ်ဆင့် ယင်းအန္တရာယ်များကို မရည်ရွယ်ဘဲ မြင့်တက်စေ၍ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များကို သေချာစွာ ဖော်ထုတ် ဖြေရှင်းခြင်းမရှိဘဲ ဝန်ဆောင်မှုများ လုံလောက်မှုရှိခြင်းကို တိုးတက်စေရန် ဒီဇိုင်းရေးဆွဲခဲ့သည်။

GBV ဆိုင်ရာ အကူအညီပေးသူများမှ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးအား ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်စေ၍ ပံ့ပိုးမှုပေးသော အားလုံးပါဝင်နိုင်သည့် GBV အစီအစဉ်ကို အကောင်အထည် ဖော်ဆောင်ချိန်တွင် အခြေအနေတစ်ခုချင်းစီတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများမှ ရင်ဆိုင်နေရသော အထူးအန္တရာယ်များနှင့် အခက်အခဲများကို GBV အန္တရာယ် လျော့ချခြင်း လှုပ်ရှားမှုများက မှတ်တမ်းတင်လိမ့်မည်။ အခြေအနေတိုင်းတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပုံမှန်ဆောင်ရွက်နိုင်သော GBV အန္တရာယ်များ လျော့ချခြင်း လှုပ်ရှားမှုများလည်း ရှိသည်။ ဥပမာအားဖြင့် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေတစ်ခုစီတွင် သန့်စင်ခန်းများနှင့် လက်ဆေးသော နေရာများကို ကျား/မ ခွဲခြားထားသော၊ အသက်အရွယ်နှင့် ကိုက်ညီသော၊ သော့ခလောက်ပါသော၊ မီးအလင်းရောင်ရှိသော အမျိုးသမီးများနှင့် မိန်းကလေးများမှ လုံခြုံစွာ သွားရောက်နိုင်သော နေရာတွင် တည်ရှိသော၊ မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၊ သွားလာရန် အခက်အခဲရှိသောသူများအတွက် လက်လှမ်းမီနိုင်သော နေရာတွင် ထားရှိသင့်သည်။ ထို့အပြင် ရေနှင့် လောင်စာဆီများကိုလည်း အမျိုးသမီးများနှင့် မိန်းကလေးများ လုံခြုံစွာ လက်လှမ်းမီနိုင်သော နေရာတွင် ရှိသင့်၍ အသက်အရွယ်ကြီးသော အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ဆယ်ကျော်သက် မိန်းကလေးများ၊ မသန်စွမ်းသော အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ နှင့် ကလေးငယ်ရှိသော အမျိုးသမီးများမှ လက်လှမ်းမီနိုင်ရမည်။ ယာယီနေအိမ်၊ အစားအစာ၊ ငွေသားနှင့် NFI ဖြန့်ဖြူးခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း အစီအစဉ်များသည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ ရယူနိုင်ကာ ၎င်းတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီသင့်သည်။ ယင်း အခြေခံလိုအပ်ချက်များကို မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများမှ လုံခြုံ၍ တန်းတူညီမျှစွာ ရယူနေသည်ကို သေချာစေရန် စောင့်ကြည့်လေ့လာခြင်းကို လုပ်ဆောင်သင့်သည်။

GBV အန္တရာယ်လျော့ချခြင်း လုပ်ဆောင်ချက်များတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနေသူများမှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း (SEA) အန္တရာယ်ကို လျော့ချခြင်းတို့ ပါဝင်သင့်သည်။ အသက်အရွယ်၊ မသန်စွမ်းမှု၊ လိင်စိတ်တိမ်းညွှတ်မှု၊ ကျား/မရေးရာ ဝိသေသလက္ခဏာ၊ လူမျိုးစု၊ ဘာသာရေးနှင့် အခြားသော ဖိနှိပ်ခြင်းတို့ကို အခြေခံထားသော ကဏ္ဍပေါင်းစုံမှ မညီမျှမှုများကို ရင်ဆိုင်နေရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနေသူများမှ ပို၍ ပစ်မှတ်ထားခံရနိုင်ချေရှိပြီး လူသားချင်းစာနာမှုဆိုင်ရာ အကူအညီရယူရာတွင် ရင်ဆိုင်နေရသော အန္တရာယ်များနှင့် အခက်အခဲများအပေါ် ၎င်းတို့၏ အသံနှင့် အာရုံစူးစိုက်မှု အားလုံးကို ပါဝင်စေခြင်းသည် GBV တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်၏ ဦးစားပေးရမည့် အရာတစ်ခုဖြစ်သည်။

---

[82] သင်ခန်းစာ အပိုင်း (၁၁) အရေးပေါ်အခြေအနေများရှိ အမျိုးသမီးများ နှင့် မိန်းကလေးငယ်များအတွက် အန္တရာယ်များကို လျော့ချခြင်း၊ စာမျက်နှာ ၈၁-၈၈ GBV အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်မှု သင်တန်းသားကိုင် လက်စွဲစာအုပ် https://gbvresponders.org/emergency-response-preparedness/emergency-response-and-preparedness-training/

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

<u>အဓိကလုပ်ဆောင်ချက်များ</u>

- အခြေအနေတိုင်းတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၌ GBV ဖြစ်ပျက်နေသည်ဟု မှတ်ယူပြီး SEA အန္တရာယ်လျှော့ချခြင်းအပါအဝင် အားလုံးပါဝင်သော GBV အန္တရာယ်လျှော့ချခြင်း လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ပါ။
- မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို သက်ရောက်နေသော ဘေးအန္တ ရာယ်များနှင့် အတားအဆီးများကို သတ်မှတ်ဖော်ထုတ်ထားပြီး ပေါင်းစပ်ညှိနှိုင်းခြင်း နှင့် စည်းရုံးလှုံ့ဆော်ခြင်းမှတစ်ဆင့် ကိုင်တွယ်ဖြေရှင်းရန် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်သူများကို လွှမ်းမိုးပါ။
- GBV ဆိုင်ရာ လမ်းညွှန်ချက်များနှင့် အန္တရာယ်လျှော့ချခြင်း လုပ်ဆောင်ချက်များကို လူသားချင်းစာနာမှုဆိုင်ရာ ဝန်ဆောင်မှုတစ်ခုစီတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ကြုံတွေ့ရသော အတားအဆီးများနှင့် အန္တရာယ်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားရန်နှင့် သင်၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ သုံးသပ်ခြင်းကို အသိပေးရန်အတွက် ပြန်လည်ဆန်းစစ်ပါ။
- မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ရင်ဆိုင်နေရသော ထူးခြားသည့် အန္တရာယ်များနှင့် အတားအဆီးများကို အာရုံစိုက်သော မေးခွန်းများ ပါဝင်သည့် သင့်လျော်အောင် ပြုပြင်ထားသော ဘေးကင်းလုံခြုံမှု စစ်ဆေးခြင်းကို safety audits အသုံးပြုပါ။
- မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများ ကြုံတွေ့နေရသော GBV အန္တရာယ်များနှင့် ယင်းတို့အား ကိုင်တွယ်ဖြေရှင်းနိုင်ရန် နည်းဗျူဟာများကို အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် ပုံမှန် တိုင်ပင်ဆွေးနွေးပါ။
- မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ပါဝင်ခြင်းတွင် ရှိနေသော ကန့်သတ်ချက်များကို ကျော်ဖြတ်နိုင်ရန်၊ အထောက်အပံ့ ဖြန့်ဝေပေးခြင်းကို လက်လှမ်းမီရန်၊ ဝန်ဆောင်မှုများ ရယူနိုင်ရန်၊ လှုပ်ရှားမှုများတွင် ပါဝင်နိုင်ရန် (ဥပမာ - အချိန်၊ နေရာဒေသ၊ ခရီးသွားလာခြင်းတွင် ဘေးကင်းလုံခြုံမှု၊ လှုပ်ရှားမှုများ လုပ်ဆောင်ရာတွင် ဘေးကင်းလုံခြုံမှု) ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေးရာတွင် နည်းဗျူဟာများ ရေးဆွဲသတ်မှတ်ပါ။
- လူသားချင်းစာနာမှုဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် မတူကွဲပြားသော အမျိုးသမီးများ နှင့် မိန်းကလေးငယ်များ၏ အဓိပ္ပါယ်ရှိသော ပါဝင်ခြင်းကို မြှင့်တင်ပါ။

## သတင်းအချက်အလက်စီမံခန့်ခွဲခြင်းနှင့် ဝေမျှခြင်း[83]

အရေးပေါ်အခြေအနေများတွင် GBV မှ လွတ်မြောက်လာသော မတူကွဲပြားသည့် အမျိုးသမီးများနှင့် မိန်းကလေးများနှင့် ပတ်သက်သော သတင်းအချက်အလက်ကို ကျွန်ုပ်တို့မှ မည်ကဲ့သို့နှင့် အဘယ်ကြောင့် အသုံးပြုသည်ကို ထည့်သွင်းစဉ်းစားရန် အရေးကြီး၍ သတင်းအချက်အလက် စုဆောင်းရာတွင် ကျင့်ဝတ်ဆိုင်ရာ အခြေခံမူများကို လိုက်နာရန်လည်း အရေးကြီးသည်။ GBV အချက်အလက်စုဆောင်းခြင်းသည် အထူးသဖြင့် ဝန်ဆောင်မှုပေးရာတွင် သာလွန်၍ ထိခိုက်လွယ်သည်။ ယင်းအချက်အလက်များကို စီမံခန့်ခွဲမှုသည် ရှုပ်ထွေးကာ ပါဝင်သူများ အားလုံး၏ ဘေးကင်းလုံခြုံမှုနှင့် အချက်အလက် လုံခြုံရေးကို သေချာစေရန် စနစ်များနှင့် အကာအကွယ်များ လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤ သတင်းအချက်အလက်များကို စုဆောင်းခြင်းနှင့် ဝေမျှခြင်းသည် အစီရင်သည့် လွတ်မြောက်လာသူများ၊ ရပ်ရွာအသိုင်းအဝိုင်းများ၊နှင့် အချက်အလက် စုဆောင်းရာတွင် ပါဝင်သူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည်။[84] GBV အချက်အလက် စုဆောင်းခြင်းကြောင့် ၎င်းကို ကာကွယ်ပေးရန် တာဝန်လည်းရှိပါသည်။[85] အေဂျင်စီများအကြား သတင်းအချက်အလက် မျှဝေခြင်းဆိုင်ရာ မူဘောင်များကို အေဂျင်စီများ အားလုံးမှ လေးစားလိုက်နာခြင်းသည် အထူးသဖြင့် အန္တရာယ် ကျရောက်နေသော အမျိုးသမီးများနှင့် မိန်းကလေး လွတ်မြောက်လာသူများ၏ လုံခြုံရေးအတွက် အဓိကအရေးကြီးပါသည်။

GBV ဆိုင်ရာ အသိပေးသဘောတူညီချက် ဖောင်ပုံစံနှင့် ဖြစ်ရပ်မှတ်တမ်း ဖောင်ပုံစံများသည်[86] အသက်အရွယ်၊ မသန်စွမ်းမှုနှင့် တိုင်းရင်းသားမျိုးနွယ်စု စသည့် သတင်းအချက်အလက်ကို ပုံမှန်သိမ်းဆည်းပေးသည်။ ထို့ကြောင့် GBV ဆိုင်ရာ အကူအညီပေးနေသူများသည် ပုံမှန်ပြုလုပ်သော ဝန်ဆောင်မှု အချက်အလက်ဆိုင်ရာ စီစစ်ချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆယ်ကျော်သက် မိန်းကလေးများ၊ အသက်အရွယ်ကြီးသော အမျိုးသမီးများ၊ မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၊ မတူကွဲပြားသော တိုင်းရင်းသားအုပ်စုများမှ အမျိုးသမီးများသည် GBV တုံ့ပြန်ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများကို ရရှိနေသည် သို့မဟုတ် မရရှိနေသည်ကို ထည့်သွင်းစဉ်းစားနိုင်စေသည်။ ၎င်းတို့မှ ဝန်ဆောင်မှုများ မရရှိနိုင်သော နေရာတွင် ဝန်ဆောင်မှုများ ရယူခြင်းတွင် accessing services ရှိနေသော အခက်အခဲများအား သတ်မှတ်ဖော်ထုတ်ရန် တစ်ဦးချင်းစီအား မေးမြန်းခြင်း သို့မဟုတ် ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်းများကို ပြုလုပ်နိုင်ကြောင်း အကြံပြုထားသည်။ အမျိုးသမီးများနှင့် မိန်းကလေးများ၏ မျိုးနွယ်စု၊ အသက်အရွယ်နှင့် မသန်စွမ်းမှုနှင့် ပတ်သက်၍ လူဦးရေဆိုင်ရာ အချက်အလက် ရရှိနိုင်ပါက GBV တုံ့ပြန်ဆောင်ရွက်မှုတွင် ကြုံရသော ဖြစ်ရပ်အရေအတွက်သည် ဒေသခံလူဦးရေ၏ မတူကွဲပြားမှုနှင့် အချိုးကျမှု ရှိ/မရှိကို သုံးသပ်နိုင်ချေရှိသည်။

မတူကွဲပြားသော လိင်စိတ်တိမ်းညွတ်မှု၊ ကျား/မရေးရာ ဝိသေသလက္ခဏာများရှိသော အမျိုးသမီးများနှင့် မိန်းကလေးများသည် နေရပ်စွန့်ခွာရသော အမျိုးသမီးများနှင့် မိန်းကလေး လူဦးရေတိုင်းတွင် ရှိနေနိုင်သည်။ သင်တန်းအပြီးတွင် သင်၏ GBV တုံ့ပြန်ဆောင်ရွက်ခြင်း အဖွဲ့သည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံးပါဝင်အောင် သေချာစွာ လုပ်ဆောင်ရန်နှင့် အကယ်၍ ထိုသို့လုပ်ဆောင်ရန် လုံခြုံပါက သင့်အနေဖြင့် လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာကို ပါဝင်စေသည့် သီးခြားကဏ္ဍတစ်ခု

---

[83] သင်ခန်းစာ အပိုင် (၁၃) သတင်းအချက်အလက် စီမံခန့်ခွဲခြင်း နှင့် ဝေမျှခြင်း၊ စာမျက်နှာ ၈၉-၉၄၊ GBV အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်မှု သင်တန်းသားကိုင် လက်စွဲစာအုပ် https://gbvresponders.org/emergency-response-preparedness/emergency-response-and-preparedness-training/

[84] GBVIMS, အသုံးပြုသူ လမ်းညွှန်၊ p. 2.3.

[85] GBVIMS ပံ့ပိုးကူညီသူများ၏ လမ်းညွှန် p. 21.

[86] http://www.gbvims.com/gbvims-tools/intake-form/

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

ပေါင်းထည့်ရန် စဉ်းစားနိုင်သည်။ ဉပမာအားဖြင့် သင်သည် ကျား/မရေးရာ ဝိသေသလက္ခဏာအတွက် လိင်နှင့် ဂျဲန်ဒါ ထပ်တူကျသူ သို့မဟုတ် လိင်ပြောင်းထားသော အမျိုးသမီးများ၊ နှင့် လိင်စိတ်တိမ်းညွတ်မှုအတွက် ဆန့်ကျင်ဖက် လိင်ကဲ့သို့ ပြုမူနေထိုင်သူများ၊ လိင်တူလိင်ကွဲ နှစ်မျိုးလုံးအား စိတ်ဝင်စားသူများ၊ သို့မဟုတ် လိင်ကွဲချစ်ခင်သူများ စသည်တို့ ပါဝင်သည့် ကဏ္ဍတစ်ခု လုပ်ဆောင်နိုင်သည်။ ဝန်ဆောင်မှုများတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများ အားလုံးပါဝင်စေသည်ကို သေချာစေခြင်း သို့မဟုတ် သင်၏ ဝန်ထမ်းများအား ပထမဦးဆုံး သင်တန်းပေးခြင်းတို့ မရှိဘဲ ဖြစ်ရပ်မှတ်တမ်းပုံစံတွင် လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား/မရေးရာ ဝိသေသလက္ခဏာဆိုင်ရာ ကဏ္ဍတစ်ခုကို ပေါင်းထည့်ရန် ပြင်ဆင်ရေးသားမှု မပြုလုပ်ပါနှင့်။ ဆန့်ကျင်ဖက် လိင်ကဲ့သို့ ပြုမူနေထိုင်သူ၊ လိင်တူလိင်ကွဲ နှစ်မျိုးစလုံးအား စိတ်ဝင်စားသူ၊ သို့မဟုတ် လိင်ပြောင်းထားသော အမျိုးသမီ သို့မဟုတ် မိန်းကလေး တစ်ယောက်သည် ပြစ်မှုကျူးလွန်ခံရလျှင် ၎င်းတို့၏ လိင်စိတ်တိမ်းညွတ်မှုကို မှတ်တမ်းတင်ထားခြင်း မပြုလုပ်ပါနှင့်။

| **2-Survivor Information** | | | |
|---|---|---|---|
| **Date of birth (approximate if necessary)*:** | **Sex*:** ☐ Female<br>☐ Male | **Clan or ethnicity:** | |
| **Country of origin*○:** | ☐ *Country names here*<br>☐ *Etc.* | ☐ *Etc.*<br>☐ *Etc.* | ☐ Other (specify) : |
| **Nationality** (If different than country of origin): | | **Religion:** | |
| **Current civil / marital status***: | ☐ Single<br>☐ Married / Cohabitating | ☐ Divorced / Separated<br>☐ Widowed | |

GBVIMS intake form GBVIMS ဖြစ်ရပ်မှတ်တမ်းပုံစံသည် အသက်အရွယ်၊ မသန်စွမ်းမှု နှင့် တိုင်းရင်းသားအချက်အလက်ကို ကောက်ယူသည်။

<u>အဓိကလုပ်ဆောင်ချက်များ</u>

- အခြေအနေတိုင်းတွင်မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များတွင် ကျား/မ ရေးရာ အခြေပြု အကြမ်းဖက်မှု ဖြစ်ပွားနေသည်ဟု ယူဆကာ အားလုံးပါဝင်သော GBV တုံ့ပြန်မှုအစီအစဉ်ရေးဆွဲခြင်းကို အကောင်အထည်ဖော်ပါ - ပထမဆုံးအချက်အလက်ကို စုဆောင်းရန် မစောင့်ဆိုင်းပါနှင့်။
- ဘာသာစကား၊ အသက်အရွယ်၊ စွမ်းရည်နှင့် အမှုသည်၏ ဖွံ့ဖြိုးမှုဆိုင်ရာစွမ်းရည် ပါဝင်သော အသိပေးသဘောတူညီမှု ဖောင်များသည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အသုံးပြုရန်အတွက် သင့်လျော်အောင် သေချာ ဆောင်ရွက်ပါ။
- အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ကွဲပြားမှုနှင့်ပတ်သက်၍ သတင်းအချက်အလက်ကို လုံခြုံစွာ သိမ်းယူနိုင်ရန် စံပြုဖြစ်သော GBV ဖြစ်ရပ်မှတ်တမ်းပုံစံကို အသုံးပြု၍ သော့ခတ်ထားသောဘီရို / စကားဝှက်ဖြင့် ပြုလုပ်ထားသော ဒေတာဘေ့စ်တွင် လျှို့ဝှက်စွာ သိမ်းဆည်းပါ။
- လက်ရှိအခြေအနေကို ခွဲခြားစိတ်ဖြာခြင်းကို အပြီးသတ်ရန်နှင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအားဖြင့် ဝန်ဆောင်မှု များအသုံးပြုခြင်းအပေါ် အခြေခံထားသော အစီအစဉ်အကြံပြုချက်များကို တိုးတက်အောင် ဆောင်ရွက်ရန် GBV ဖြစ်ရပ်မှတ်တမ်းပုံစံတွင် စုစည်းထားသော အချက်အလက်ကို အသုံးချပါ။
- မတူကွဲပြားသော လိင်စိတ်တိမ်းညွတ်သူများနှင့် ကျား/ မ ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် နောက်ထပ်ဒေတာအချက်များပါဝင်သည့် GBV ဖြစ်ရပ်မှတ်တမ်းပုံစံ အသုံးပြုသော GBV တုံ့ပြန်မှုဆောင်ရွက်သူများကို အားလုံးပါဝင်နိုင်သည့် GBV အစီအစဉ်အား ပထမဦးစွာ လေ့ကျင့်ပေးရမည်။

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

- အစီအစဉ်နှင့် အရည်အသွေးမှီသော ဝန်ဆောင်မှုများ ပေးရာတွင် တိုးတက်စေဖို့ရန်အတွက် GBV မှ လွတ်မြောက်လာသော အမျိုးသမီးများ နှင့် မိန်းကလေးငယ်များ၏ အချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်း၍ ကျင့်ဝတ်ညီစွာ အသုံးပြုရန် သေချာစေပါ။

## ပေါင်းစပ်ညှိနှိုင်းခြင်း နှင့် စည်းရုံးလှုံ့ဆော်ခြင်း[87]

ါင်းစပ်ညှိနှိုင်းခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းသည် နီးကပ်စွာ ဆက်နွယ်နေပြီး မတူကွဲပြားသော အမျိုးသမီးများ နှင့် မိန်းကလေးငယ်များအတွက် အရင်းအမြစ်များ၊ အထောက်အပံ့ နှင့် အစီအစဉ်များကို အကျိုးရှိစွာ အသုံးချရရန်စေရန် ရည်ရွယ်သည်။ စည်းရုံးလှုံ့ဆော်ခြင်းသည် GBV လုပ်ငန်းဆောင်တာ တစ်လျှောက်တွင် ပါဝင်နေပြီး အရေးပေါ်အခြေအနေများရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုကို ဖြေရှင်းရာတွင် - ဖွဲ့စည်းပုံအရ၊ နည်းစနစ်အရ၊ လုပ်ဆောင်ချက်များ၏ ကြားဝင်ဆောင်ရွက်ချက် အဆင့်တိုင်းတွင် အရေးကြီးသည်။

အရေးပေါ်အခြေအနေတစ်ရပ်တွင် စည်းရုံးလှုံ့ဆော်ခြင်းအတွက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဖြစ်ရပ်များ နှင့် ဒေတာများကို အသုံးပြုရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ကာကွယ်ရန် ချမှတ်ထားသော ကျင့်ဝတ်ပိုင်းဆိုင်ရာ လမ်းညွှန်ချက်များကို အလေးပေးလိုက်နာရန် လိုအပ်၍ အရေးပေါ်အခြေအနေများတွင် GBV အစီအစဉ်၏ အန္တရာယ်များကို လျှော့ချရန် လိုအပ်သည်။ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို အလေးပေးဖော်ပြရန် ဒေတာများကို ခွဲထုတ်ရာတွင် ၎င်းဒေတာသည် တစ်စုံတစ်ခုကို ဖော်ပြခြင်းမရှိပဲ လုံခြုံစွာ ဝေမျှနိုင်သည်ကို စစ်ဆေးရန် အရေးကြီးနေသေးသည်။ အမျိုးသမီးတစ်ဦး (သို့မဟုတ်) မိန်ကလေးတစ်ဦး၏ ဖြစ်တည်မှုအကြောင်းကို အလွန်အသေးစိတ်စွာ ဖော်ပြသောအခါ ပြစ်မှုကျူးလွန်သူမှ ၎င်းတို့အား ပြန်လည် အန္တရာယ်ပြု စေနိုင်သည်။ သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းမှ စိတ်ဒဏ်ရာပေးခြင်းနှင့် ဒုက္ခရောက်စေနိုင်သည်။

အားလုံးပါဝင်သည့် ပြဿနာကို သုံးသပ်မှုဆိုင်ရာ စည်ရုံးလှုံ့ဆော်ခြင်း နည်းဗျူဟာကို ရေးဆွဲနိုင်ရန် အောက်ပါ မေးခွန်းများကို ထည့်သွင်းရန် စဉ်းစားပါ။

- လူမှုအဖွဲ့အစည်းတွင် မတူကွဲပြားသော အမျိုးသမီးများ နှင့် မိန်းကလေးငယ်များသည် မည်သို့သော ပြဿနာများကို ကြုံတွေ့ရသနည်း။
- အမျိုးသမီးများအတွက် အကြီးမားဆုံး ဦးစားပေးမှုက ဘာလဲ။ ၎င်းသည် မတူကွဲပြားသော အမျိုးသမီးများ နှင့် မိန်းကလေးငယ်များအတွက်လည်း ထပ်တူဖြစ်ပါသလား။
- အဘယ့်ကြောင့် ၎င်းသည် ပြဿနာဖြစ်ရသနည်း။
- ၎င်း ပြဿနာများကို ဖြေရှင်းရန်နှင့် အမျိုးသမီးများ (သို့မဟုတ်) လွတ်မြောက်လာသူများအား ကူညီရန်အတွက် ဘာတွေ လုပ်ဆောင်ရန်လိုအပ်ပါသနည်း။ ဤ ဖြေရှင်းနည်းသည် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အတွက်လည်း အထောက်အကူဖြစ်ပါသလား။
- မည်သည့် ဖြေရှင်းနည်းသည် အောင်မြင်ချေအရှိဆုံး ဖြစ်သနည်း။ ကျွန်ုပ်တို့သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို နောက်ကျချန်ထားခဲ့သလား။
- အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လုံခြုံမှုကို အန္တရာယ်မဖြစ်စေမည့် စည်းရုံးလှုံ့ဆော်ခြင်းနည်းလမ်းမှ တစ်ဆင့် ၎င်းတို့၏ လိုအပ်ချက်များကို သိရှိနားလည်ရန် မည်သို့ သေချာအောင် လုပ်ဆောင်မည်နည်း။
- အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လုံခြုံမှုကို အန္တရာယ်မဖြစ်စေမည့် မတူကွဲပြားသော အမျိုးသမီးများ နှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များအပေါ် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ သတင်းစကား အကြောင်းအရာကို မည်သို့ သေချာအောင် လုပ်ဆောင်မည်နည်း။
- စည်းရုံးလှုံ့ဆော်ခြင်း/ ပေါင်းစပ်ညှိနှိုင်းခြင်း ဆက်သွယ်မှုမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို မရည်ရွယ်ဘဲ အန္တရာယ်ဖြစ်စေနိုင်သော အကျိုးဆက်များ ရှိသလား။ ၎င်း အန္တရာယ်များကို လျှော့ချနိုင်သလား။

---

[87]သင်ခန်းစာအပိုင်း (၁၄) အရေးပေါ်အခြေအနေများတွင် ပေါင်းစပ်ညှိနှိုင်းခြင်း နှင့် စည်းရုံးလှုံ့ဆော်ခြင်း စာမျက်နှာ ၉၆-၁၀၄၊ GBV အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်မှု သင်တန်းသားကိုင် လက်စွဲစာအုပ် https://gbvresponders.org/emergency-response-preparedness/emergency-response-and-preparedness-training/

အရေးပေါ် အခြေအနေတွင် GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ပုံစံအစုံ
အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်လုပ်ဆောင်စေခြင်းဆိုင်ရာ လမ်းညွှန်ချက် မှတ်စု

နေရာ အနှံ့ရှိ လူမှုအပြောင်းအလဲ လှုပ်ရှားများကို ဆက်နွယ်ခြင်းသည် အရေးပေါ်အခြေအနေများရှိ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ကျူးလွန်သည့် GBVကို ကိုင်တွယ်ဖြေရှင်းရာတွင် စည်းရုံးလှုံ့ဆော်ခြင်း၏ အကျိုးသက်ရောက်မှုကို မြင့်မားစေသည့် အားကောင်းသော နည်းလမ်းတစ်ခုဖြစ်နိုင်သည်။ အခြားသော လူမှုအပြောင်းအလဲ လှုပ်ရှားမှုများအား မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် GBV ကျူးလွန်ခြင်းကို ထည့်သွင်းစဉ်းစားရန် အခွင့်အလမ်းများကို ဖြစ်ပေါ်စေ၍ ကလေးသူငယ်အခွင့်အရေး၊ လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှု (LGBTQI)၊ အသက်အရွယ်ကြီးခြင်းနှင့် မသန်စွမ်းဖြစ်ခြင်းအပေါ် ၎င်းတို့ကိုယ်ပိုင် စည်းရုံးလှုံ့ဆော်ခြင်းတွင် ဤ အကြောင်းအရာကို မီးမှောင်းထိုးပြစေသည်။

<u>အဓိကလုပ်ဆောင်ချက်များ</u>

- လူထုလှုပ်ရှားမှုနှင့် စည်းရုံးလှုံ့ဆော်မှု လုပ်ဆောင်ချက်များသည် မတူူကွဲပြားသော အမျိုးသမီးများနှင့် တက်ကြွလှုပ်ရှားသော မိန်းကလေးငယ်များကို ချိတ်ဆက်ရာတွင် ကျင့်ဝတ်ညီ၍ လုံခြုံစွာ ချိတ်ဆက်စေရန် သေချာစေပါ။
- ရပ်ရွာလူထု ခေါင်းဆောင်မှု ဖွဲ့စည်းပုံများတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ကိုယ်စားပြုမှုကို အထောက်အပံ့ပေးပါ။ ထို့နောက် အမျိုးသမီးခေါင်းဆောင်များအား အမျိုးသမီးအခွင့်အရေး၊ ဦးဆောင်မှုစွမ်းရည်၊ ညှိနှိုင်းဆောင်ရွက်ခြင်းစွမ်းရည် နှင့် စကားပြောစွမ်းရည်ဆိုင်ရာတွင် စွမ်းရည် တိုးတက်ရန်အတွက် အထောက်အပံ့ေပးပါ။[88]
- စည်းရုံးလှုံ့ဆော်မှု လုပ်ဆောင်ချက်များဖြင့် လူသားချင်းစာနာမှုဆိုင်ရာ ခေါင်းဆောင်များနှင့် အလှူရှင်များကို စည်းရုံးသိမ်းသွင်းသောအခါ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများ၏ အသံများ၊ ဖြစ်ရပ်များကို သေချာစွာ တင်ပြပါ။
- ပြဿနာကို စိစစ်သုံးသပ်လေ့လာခြင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်မှု နည်းဗျူဟာတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် သက်ရောက်နေသော အတားအဆီးများနှင့် အန္တရာယ်များကို ဖော်ပြရန်၊ မတူကွဲပြားသော အမျိုးသမီးများ နှင့် မိန်းကလေးများထံမှ အဖြေများ ချပြသည်ကို ထင်ဟပ်စေပါ။
- ဒေသတွင်း၊ နိုင်ငံတွင်း (သို့) နိုင်ငံတကာ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ အစီရင်ခံစာ (သို့) ပွဲများတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဒေတာနှင့် ဖြစ်ရပ်များကို ကျင့်ဝတ်ညီ၍ လုံခြုံစွာ အသုံးပြုကာ ၎င်းတို့၏ ဦးစားပေးမှုများနှင့် လိုအပ်ချက်များကို ဖော်ပြပါ။
- ဒေသတွင်းနှင့် နိုင်ငံတကာ အဆင့်တွင် မဟာမိတ်များကို သတ်မှတ်ဖော်ထုတ်၍ အလုပ်လုပ်ဆောင်ရာတွင် မသန်စွမ်းသူ၊ လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူ၊ အသက်အရွယ်ကြီးသောသူ၊ ကလေးသူငယ်အခွင့်အရေးနှင့် အခြားသော လူမှုရေးဆိုင်ရာ အပြောင်းအလဲ လှုပ်ရှားသူများနှင့် ချိတ်ဆက်လုပ်ဆောင်ပါ။

[88] အမျိုးသမီးများ ပူးပေါင်းပါဝင်ခြင်း နှင့် စွမ်းရည်မြင့်တင်ခြင်းအတွက် GBV အနိမ့်ဆုံးစံနှုန်း ( မကြာမီ ထွက်ရှိမည်)

**အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ခြင်း နှင့် အရေးပေါ်အစီအစဉ်ရေးဆွဲခြင်း**

အရေးပေါ်အခြေအနေတွင် GBVကို ကြိုတင်ပြင်ဆင်ခြင်းသည် နိုင်ငံတစ်ခု (သို့မဟုတ်) ဒေသတစ်ခုအပေါ် သက်ရောက်မှုရှိစေနိုင်သော လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း အခြေအနေအမျိုးမျိုးရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုကို တုံ့ပြန်ဆောင်ရွက်ရန် ကြီးမားကျယ်ပြန့်သော ကြိုတင်ပြင်ဆင်မှု အစီအမံများ အဆင့်သင့်ရှိခြင်းဖြင့် အသင့်ရှိစေရန် ရည်ရွယ်သည်။ ထောက်ပံ့ပစ္စည်းများကို ကြိုတင်နေရာချထားခြင်းသည် အရေးကြီးသော GBV ဆိုင်ရာကြိုတင်ပြင်ဆင်ခြင်း လှုပ်ရှားမှုတစ်ခုဖြစ်သည်။ ဒေသတွင်း ဖြစ်ပွားသော အကျပ်အတည်းဒဏ်ကို ကြုံတွေ့ကောင်း ကြုံတွေ့နိုင်သည့် မတူကွဲပြားသော တိုင်းရင်းသားအုပ်စုများအတွက် အမျိုးသမီးလစဉ်သုံးပစ္စည်းများဆိုင်ရာ အလေ့အထများသည် ကွဲပြားမှုရှိသည် မရှိသည်ကို ဂုဏ်သိက္ခာ ကာကွယ်ပေးသော ပစ္စည်းအစုံအား သိုလှောင်သိမ်းဆည်းရာချိန်တွင် ထည့်သွင်းစဉ်းစားပါ။ ရိုးရှင်းသော သတင်းစကားများဖြင့် IEC ပစ္စည်းများ ပြင်ဆင်ကာ အရေးပေါ်အခြေအနေတစ်ရပ်တွင် ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်ဖို့ရန် တိုးမြှင့်ဆောင်ရွက်ပါ။ မတူကွဲပြားသော တိုင်းရင်းသားအုပ်စုများ၏ ဘာသာစကားနှင့် အမျိုးသမီးများ၊ မိန်းကလေးငယ်များ၏ ရုပ်ပုံများတွင် အသက်အရွယ် အမျိုးမျိုးရှိသော အမျိုးသမီးများနှင့် မိန်းကလေး၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ မသန်စွမ်းသောသူများနှင့် ကျား/မ ဝိသေသလက္ခဏာ အမျိုးမျိုးရှိသူများအားလုံး ပါဝင်စေရန် သေချာစေပါ။

အရေးပေါ်အခြေအနေတစ်ရပ်အား တုံ့ပြန်မှုလုပ်ဆောင်ရာတွင် အဆင်သင့်ဖြစ်စေရန် GBVဆိုင်ရာ လုပ်ဆောင်နေသူများနှင့် မတူကွဲပြားသော ဒေသခံအမျိုးသမီးအုပ်စုများကို သင်တန်းပေးခြင်းသည် အရေးကြီးသော GBVဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း လှုပ်ရှားမှုတစ်ခုဖြစ်သည်။ ၎င်းသည် အားလုံးပါဝင်သော GBV အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန် အခွင့်အရေးတစ်ခု ရရှိစေသည်။ ကြီးမားသော လူမှုရေးဆိုင်ရာ အပြောင်းအလဲ လှုပ်ရှားမှုများတွင် အမျိုးသမီးအဖွဲ့များနှင့် ချိတ်ဆက်လုပ်ဆောင်ရန် သေချာစေပါ။ ဥပမာ မသန်စွမ်းသောသူများအတွက် လှုပ်ရှားသော အဖွဲ့အစည်းများ (သို့မဟုတ်) လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူများ အခွင့်အရေးဆိုင်ရာ လုပ်ဆောင်သည့် အဖွဲ့များ (သို့မဟုတ်) ဘာသာရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အသိုင်းအဝန်းများထံ ချဉ်းကပ်၍ ၎င်းတို့တွင် အမျိုးသမီးအုပ်စုများ၊ လူငယ်အုပ်စုများ (သို့မဟုတ်) ဆယ်ကျော်သက်အရွယ် မိန်းကလေးများအတွက် ဖိုရမ် စသည်တို့ ရှိမရှိ သိနိုင်ရန် ရှာဖွေပါ။

အကယ်၍ အရေးပေါ်အခြေအနေတစ်ခု ဖြစ်ပွားလျှင် နေရာချထားနိုင်သော GBV တုံ့ပြန်ဆောင်ရွက်ခြင်းအဖွဲ့ကို ကြိုတင် သင်တန်းပေးခြင်းဖြင့် အဖွဲ့အစည်းအများစုသည် ၎င်းတို့၏ ကြိုတင်ပြင်ဆင်ခြင်း လှုပ်ရှားမှုများကို ပြင်ဆင်ထားနိုင်သည်။ သင်၏ GBV တုံ့ပြန်ဆောင်ရွက်ခြင်းအဖွဲ့တွင် မတူကွဲပြားမှုကို စံထားခြင်းသည် အရေးကြီးပါသည်။ အဖွဲ့ကို စီမံခန့်ခွဲရန်အတွက် အမျိုးသမီးများကို ပူးပေါင်းပါဝင်စေကာ မတူကွဲပြားသော နောက်ခံများမှလာသော ဝန်ဆောင်မှုများကို ပေးနိုင်ရန် သေချာစေပါ။

[89] သင်ခန်းစာအပိုင်း ၁၅။ အရေးပေါ်အခြေအနေတွင် ကြိုတင်ပြင်ဆင်ခြင်း။ စာမျက်နှာ ၁၀၆ - ၁၁၀။ အရေးပေါ်အခြေအနေတွင် GBVကို ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းသား လက်စွဲစာအုပ် https://gbvresponders.org/emergency-response-preparedness/emergency-response-and-preparedness-training/

<u>အဓိက လုပ်ဆောင်ချက်များ</u>

- အရေးပေါ်အခြေအနေတွင် ဝန်ထမ်းများနေရာချထားရေးဆိုင်ရာ ကိရိယာတန်ဆာပလာ/ ပစ္စည်းများ စစ်ဆေးမှုစာရင်းကို ပြန်လည်သုံးသပ်ကာ ဂုဏ်သိက္ခာကို ကာကွယ်ပေးသော ပစ္စည်းများနှင့် IEC ပစ္စည်းများ အပါအဝင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ လက်လှမ်းမီနိုင်သော ထောက်ပံ့ပစ္စည်းများကို သိုလှောင်သိမ်းဆည်းထားရန် သေချာစေပါ။
- အကျပ်အတည်း ဖြစ်ပေါ်နိုင်ချေရှိသော ဒေသများတွင် အမျိုးသမီးအုပ်စုများနှင့် အမျိုးသမီးဦးဆောင်သော အဖွဲ့အစည်းများကို သင်တန်းပေးသောအခါ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ပါဝင်စေ၍ ၎င်းတို့ကို အကူအညီပေးသော အုပ်စုများကို သတ်မှတ်ဖော်ထုတ်ကာ သင်တန်းပေးပါ။
- အကျပ်အတည်း ဖြစ်ပေါ်နိုင်စေသော ဒေသရှိ ကျန်းမာရေးလုပ်သားများ၊ လူမှုရေးဝန်ထမ်းများနှင့် GBV ကိုင်တွယ်ဖြေရှင်းသူများအား ကြိုတင်ပြင်ဆင်မှု သင်တန်းများပေးရန် အကောင်အထည်ဖော်သောအခါ တိုင်းရင်းသား မျိုးနွယ်စုများနှင့် ဘာသာစကားများ၊ အသက်အရွယ်များ၊ မသန်စွမ်းသော အမျိုးသမီးများနှင့် ကျား၊မရေးရာ ကွဲပြားမှုရှိသော ဒေသခံ ဝန်ဆောင်မှုပေးသူများတို့ထံမှ အမျိုးသမီး ဝန်ဆောင်မှုပေးသူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ရည်ရွယ်သည်။
- ဝန်ဆောင်မှုပြ မြေပုံရေးဆွဲခြင်း လုပ်ရှားမှုများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်သောအခါ ဒေသအခြေအနေအရ မတူကွဲပြားသော အမျိုးသမီးများ၊ မိန်းကလေးငယ်များ၏ လိုအပ်ချက်မှုများနှင့် ကိုက်ညီမှုရှိစေရန် ကနဦး လုပ်ဆောင်ချက်များကို ထပ်ထည့်ကာ လက်လှမ်းမီခြင်း ရှိ/မရှိကို သိနိုင်ရန် ညွှန်းပို့မှုလမ်းကြောင်းအား ပြန်လည်သုံးသပ်ရန် သေချာစေပါ။
- မတူကွဲပြားသော အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ထိတွေ့မှုရှိသော အဖွဲ့အစည်းများ၊ လူမှုရေးဆိုင်ရာ အပြောင်းအလဲကို လုပ်ဆောင်နေသော ဒေသခံ အုပ်စုများနှင့် ညွှန်းပို့မှုလမ်းကြောင်းကို ဝေမျှစေရန် သေချာစေပါ။
- အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အားလုံးပါဝင်သော GBV တုံ့ပြန်မှု အစီအစဉ်ကို လုံလောက်စွာ ပေးနိုင်ရန်အတွက် အရင်းအမြစ်များ ရောက်ရှိအောင် သေချာစေရန် သင်၏ ကြိုတင်ပြင်ဆင်မှု ဘတ်ဂျက်ကို ပြန်လည်သုံးသပ်ပါ။
- မတူကွဲပြားသော နောက်ခံရှိသည့် ဝန်ထမ်းများအတွက် အန္တရာယ်၊ လုံခြုံမှုနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစား၍ ပြုပြင်ပါ။ ပြဿနာများကို သတ်မှတ်ဖော်ထုတ်သောအခါ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသို့ အားလုံးပါဝင်သော ဝန်ဆောင်မှုပေးရာတွင် ရလာဒ်ဖြစ်ပေါ်စေသော အမှန်ပြင်ဆင်ပေးသည့် လုပ်ဆောင်ချက် ဖြစ်စေပါ။
- ဝန်ထမ်းများကို အရေးပေါ်အခြေအနေတွင် GBVကို ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း သင်တန်းပေးရာတွင် မတူကွဲပြားမှုနှင့် အားလုံးပါဝင်ဆောင်ရွက်ခြင်းကို ရှင်းလင်းအသိပေးမှုကို ထည့်သွင်းလုပ်ဆောင်ပါ။